The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .16, NO . 42 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 7 , 2016

# jrefmbefyg;aps;uGuf tvm;tvmEdS

## pdefac:r;r;sm;

ဆန်စပါးသည်မြန်မာနိုင်ငံအတွက် အရေးကြီးသော သီးနှံဖြစ်သလို အဓိက စိုက်ပျိုးသော သီးနှံလည်းဖြစ်ပါတယ်။ လယ်ယာထွက် ကုန်ပစ္စည်းများတွင် ဆန်စပါးသည် နိုင်ငံ၏ အရေးအကြီးဆုံး စိုက်ပျိုးရေး ထုတ်ကုန်တစ်ခု ဖြစ်ပါတယ်။ နိုင်ငံသားတို့၏ အဓိက အစားအစာ (Staple Food) ဖြစ်သည့်အပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သက်ဆိုင်နေခြင်းကြောင့် ဆန်စပါးကို နိုင်ငံရေးသီးနှံ (Political Crop) ဟုလည်း ခေါ်ဆိုပါတယ်။

မြန်မာ့ဆန်စပါးဈေးကွက်ကို ပြန်လည်သုံးသပ်ရာတွင် ၂၀၀၃ ခုနှစ် အထိ နိုင်ငံပိုင်အဖွဲ့အစည်း ဖြစ်သည့် (မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး) ကိုသာ တင်ပို့ခွင့်ပြုခဲ့သည်ကို

|pmrsu Em- 12|



## Invoice တွင်ပါဝင်သော အချက်များအား ပြည့်စုံစွာ ဖော်ပြပေးခြင်းဖြင့် MACCS စနစ် အကောင်ထည်ဖော်မှုကို အထောက်အကူပြုနိုင်

|pmrsu Em- 15|

## ၂၀၁၇ခုနှစ်တွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေသစ်ကို ပြဌာန်းမည်

|pmrsu Em- 22|








# BUILD MYANMAR 2016

## 10 – 12 NOVEMBER

၁၀ - ၁၂ နိုဝင်ဘာ

# DON'T MISS BUILD MYANMAR 2016!

လက်မလွတ်စတမ်းလေ့လာရမည့် BUILD MYANMAR 2016

**The international event for building construction & infrastructure development in Myanmar**

မြန်မာ့ အခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက်နိုင်ငံတကာကုန်စည်ပြပွဲ

**Venue:**
Inn Gyin Ballroom, Rose Garden Hotel
Yangon Myanmar

**Opening Hours:**

| | |
|---|---|
| 10 – 11 November 2016 | 10.00am to 6.00pm |
| 12 November 2016 | 10.00am to 4.30pm |

**နေရာ**
အင်ကြင်း ခန်းမ၊ Rose Garden ဟိုတယ်၊
ရန်ကုန်။

**ပြပွဲ အချိန်**

၁၀ - ၁၁ နိုဝင်ဘာ ၂၀၁၆ နံနက် ၁၀နာရီ မှ ညနေ ၆နာရီ

၁၂ နိုဝင်ဘာ ၂၀၁၆ - နံနက် ၁၀နာရီ မှ ညနေ ၄း၃၀နာရီ

**Features:**

✓ Source for products & solutions
✓ Meet international exhibitors from China, India, Japan, Korea, Malaysia, Myanmar, Singapore, Thailand and more!

**Attend seminars - FREE:**

Session 1: Myanmar Construction Outlook & Technology Seminar

Session 2: Exhibitor Workshops - Responsible Pest Management & Electricity Safety Consideration

Session 3: Tunnelling & Underground Construction Seminar

Session 4: Myanmar Real Estate Seminar

Check out more details on our show website:
www.build-myanmar.com

**ပြပွဲ အင်္ဂါရပ်များ**

✓ ထုတ်ကုန်များ နှင့်ဖြေရှင်းချက်ရင်းမြစ်များရရှိခြင်း
✓ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ကိုရီးယား၊ မလေးရှား၊ စင်္ကာပူ၊ ထိုင်း၊ မြန်မာ အစရှိသည့်အပြည်ပြည်ဆိုင်ရာကုန်ပစ္စည်းရောင်းချသူများနှင့်တွေ့ဆုံနိုင်ခြင်း

**အခမဲ့ နည်းပညာ ဆွေးနွေး ဟောပြောပွဲ ကိုတက်ရောက်နိုင်ခြင်း**

ဆွေးနွေး ဟောပြော ပွဲ (၁)။ မြန်မာ့ဆောက်လုပ်ရေး အလားအလာ နှင့် နည်းပညာဖလှယ်ပွဲ

ဆွေးနွေး ဟောပြော ပွဲ (၂)။ တာဝန်သိသီးနှံဖျက်ပိုးစီမံခန့်ခွဲမှု နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအလုပ်ရုံဆွေးနွေးပွဲ

ဆွေးနွေး ဟောပြော ပွဲ (၃)။ ဥမင်လိုဏ်ခေါင်း နှင့် မြေအောက်တွင်းဆောက်လုပ်ရေးဆိုင်ရာ နည်းပညာဖလှယ်ပွဲ

ဆွေးနွေး ဟောပြော ပွဲ (၄)။
မြန်မာအိမ်ခြံမြေ ဆိုင်ရာ နှီးနှောဖလှယ်ပွဲ

## PRE-REGISTER ONLINE!

**Or register at the event with your business card**

အွန်လိုင်းဖြင့် ဖြစ်စေ၊ ပြပွဲတွင်း၌ မိမိလိပ်စာကဒ်ဖြင့်ဖြစ်စေ မှတ်ပုံတင်နိုင်ပါသည်။

www.build-myanmar.com/visitor-pre-registration/

Organised by: GLOBE INTERNATIONAL EVENTS CONSULTANCY

Associate Partner:

Supported By:

Media Partner:

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ချက်သမ္မတနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး H. E. Mr. Jan Mla'dek ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် အောက်တိုဘာလ ၃၁ ရက်က ချက်သမ္မတ နိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး H. E. Mr. Jan Mla'dek ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အား ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံ ခဲ့သည်။

တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍ တိုးတက်စေရန် ပူးပေါင်းဆောင်ရွက်ရေး၊ ချက်သမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်၍ ရင်းနှီး

➲ စာမျက်နှာ-၂၂ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H. E. Mr. Ehsan Ullah Batth ဦးဆောင်သည့် National Management College မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် နိုဝင်ဘာလ ၁ ရက်က မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H. E. Mr. Ehsan Ullah Batth ဦးဆောင်သည့် National Management College မှ ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာန အနေဖြင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး

➲ စာမျက်နှာ-၂၂ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုန်သွယ်မှုလျော့နည်းရသည့်အကြောင်းရင်း၊ ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် တရားမဝင် ကုန်သွယ်မှုတားဆီးရမည့် အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲသို့တက်ရောက်အမှာစကားပြောကြား



ကုန်သွယ်မှုလျော့နည်းရသည့် အကြောင်းရင်း၊ ကုန်သွယ်မှုတိုးမြှင့်ရေး အတွက် တရားမဝင် ကုန်သွယ်မှုတားဆီးရမည့်အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်း ဆွေးနွေးပွဲကို နိုဝင်ဘာလ ၂ ရက်က နေပြည်တော်၊ ဟိုတယ်ဇုန်ရှိ Hilton Hotel ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ် ရေးဝန်ကြီးဌာန၊ ပြည် ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာ စကား ပြောကြား သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှနေ၍ တရားမဝင်သွင်းကုန်များကို ပိုမိုတင်သွင်းလာကြခြင်းနှင့် ပြည်တွင်းမှအဖိုးတန်ထွက်ကုန်များကို ပိုမိုတင်ပို့နေကြခြင်းများအား တားဆီး ထိန်းချုပ်အရေးယူရန် စီမံဆောင်ရွက်ထားခြင်း ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်း ချက်နှင့်ပတ်သက်၍ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ဖြေကြားခဲ့ပြီးဖြစ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုများအား ထိရောက်စွာ တားဆီးနိုင်ရေးအတွက် သက်ဆိုင်ရာပြည်နယ် အစိုးရများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ အဖွဲ့အစည်းများ၊ ကုန်သည်လုပ်ငန်းရှင်များ အပိုင်းမှလည်း တာဝန်ယူမှု၊ တာဝန်ခံမှု၊ တာဝန်သိမှုတို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ ယခုနှစ် မိုးစပါး

➲ စာမျက်နှာ-၂၂ သို့

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ချိုသက်မူ
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်၊ မြင့်ဆွေ

**ကွန်ပျူတာ**
လှဲ့လှဲ့မွန်၊ သင်းသီရိအောင်
ပြည့်ဟိန်းဇော်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အောက်တိုဘာလအတွင်း အနီးစပ်ဆုံးလထက် ဆန်နဲ့ဆန်ကွဲပိုမိုတင်ပို့ပြီး ကော့စတာရီကာနိုင်ငံမှ ဈေးကွက်သစ်ရရှိ

အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၀၇ သန်းတန်ဖိုးရှိ ဆန် ၇၇၀၅ တန်တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှငစိန်ဆန်၅၉၅ တန်နဲ့ ညှော်မထဆန် ၂၅၈၉ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၇၃၆ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၃၇၈၅ တန်ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၀၁၃ တန်ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၆၉၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ အောက်တိုဘာလတစ်လလုံးမှာ အဆိုပါကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၅၄ သန်းဖိုးရှိဆန် ၂၉၃၈၁ တန် တင်ပို့ခဲ့ပြီး အနီးစပ် ဆုံးစက်တင်ဘာလထက် ၆၄၇၅ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ အောက်တိုဘာလအတွင်း အမေရိကန် ဒေါ်လာ ၂ ဒသမ ၇၀၄ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၈၄၁၇ တန်တင်ပို့ခဲ့ပြီးအနီးစပ်ဆုံး စက်တင်ဘာလတင်ပို့မှုထက် တန် ၆၇၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂၈ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၃၆၄၆ တန်ကျော်တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ညှော်မထဆန် တန် ၁၀၅၀ နဲ့ ငစိန်ဆန် တန် ၁၀၀ အီးယူနိုင်ငံသို့ ညှော်မထဆန် တန်၁၀၅၀ နဲ့ ငစိန်ဆန်တန် ၁၀၀၊ အီးယူနိုင်ငံများသို့ညှော်မထဆန် ၄၇၁ တန်နဲ့ ပေါင်းဆန်တန် ၃၅၀၊ စင်္ကာပူနိုင်ငံသို့ညှော်မထဆန် ၁၂၅ တန်၊ဆွစ်ဇာလန်နိုင်ငံသို့ ညှော်မထဆန် တန် ၁၅၀၀၊ အမေရိကတိုက်အလယ်ပိုင်းနိုင်ငံဖြစ်သော ကော့စတာရီကာနိုင်ငံသို့ ငစိန် ဆန်တန် ၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၁၂၀၈ တန် လျော့နည်းတင်ပို့ခဲ့သော်လည်း ဈေးကွက်သစ်ဖြစ်တဲ့ ကော့စတာရီကာနိုင်ငံသို့ တင်ပို့ခြင်းဖြင့် ဈေးကွက်ချဲ့ထွင် နိုင်ခဲ့တာကို တွေ့ရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အောက်တိုဘာလတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၃ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ပေါင်းဆန် ၁၀၂၅၀ တန် ကျော် တင်ပို့ခဲ့တဲ့အတွက် အနီးစပ်ဆုံး လနဲ့နှိုင်းယှဉ်ပါက ၇၃၈၇ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၉၅ သန်းတန်ဖိုးရှိ ဆန်ကွဲ ၇၂၇၅ တန်ကို အီးယူနိုင်ငံများသို့တင်ပို့ခဲ့တယ်။ ယခင်တစ်ပတ်က ၆၉၇၅ တန်သာတင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာတန် ၃၀၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ အောက်တိုဘာလ တစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၀၄ သန်း တန်ဖိုးရှိ ဆန်ကွဲတန် ၁၆၁၀၀ တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးလထက် ၁၃၀၁၃ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၂၈ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁၉၈ ဒသမ ၉၆၃ သန်းတန်ဖိုးရှိ ဆန်နဲ့ဆန်ကွဲ နှစ်ရပ်ပေါင်း ၅၇၈၂၁၄ တန် တင်ပို့ခဲ့ပြီး ဖြစ်ပါတယ်။ ယင်းနှစ်ရပ်ပေါင်းအနက် ဆန်ကိုတန်ချိန် ၄၂၅၉၂၄ တန်တင်ပို့ခဲ့ပြီး ဆန်ကွဲတန်ချိန် ၁၅၂၂၉၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယမန်နှစ်ကာလတူကဆန်နဲ့ဆန်ကွဲနှစ်ရပ်ပေါင်း ၇၈၀၀၁၇ တန် တင်ပို့ခဲ့တဲ့အတွက် ယခုနှစ်မှာ ၂၀၁၈၀၃ တန် လျော့နည်းနေကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**



# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃-၁၁-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၂ | ၃၇၂ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၄၈ | ၃၅၀ | △ | ၃၅၀ | ၃၅၀ | □ | ၃၅၀ | ၃၅၀ | □ | ၃၃၅ | ၃၄၅ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၃၄၅ | ၃၄၇ | △ | ၃၄၅ | ၃၄၅ | □ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၄၃ | ၃၄၅ | △ | ၃၄၀ | ၃၃၅ | ▽ | ၃၃၅ | ၃၃၀ | ▽ | ၃၁၀ | ၃၁၅ | △ |
| ပေါင်းဆန် | ၃၆၇ | ၃၆၀ | ▽ | - | - | - | ၃၅၅ | ၃၅၅ | □ | - | - | - |

*Source: oryza.com*

# ပြည်တွင်းမြို့ကြီးများ၏ (၄-၁၁-၂၀၁၆)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | □ | ၂၀၀၀၀ | □ | ၇၈၂၀ | □ | ၃၂၀၀၀ | □ |
| ပုသိမ် | ၅၀၆၀ | ▽ | ၂၂၀၀၀ | ▽ | ၇၀၀၀ | ▽ | ၂၉၀၀၀ | ▽ |
| ပဲခူး | ၅၃၀၀ | □ | ၁၈၀၀၀ | ▽ | ၇၂၀၀ | □ | ၃၂၀၀၀ | □ |
| ရွှေဘို | ၄၅၀၀ | ▽ | ၂၀၀၀၀ | □ | ၁၃၀၀၀ | □ | ၄၃၀၀၀ | □ |
| စစ်တွေ | ၄၇၀၀ | ▽ | ၁၉၀၀၀ | ▽ | ၇၅၀၀ | □ | ၃၀၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၅၀၀ | □ | ၂၅၀၀၀ | ▽ | - | - | ၃၆၀၀၀ | ▽ |
| ရန်ကုန်(ဝါးတန်း) | ၃၉၄၀ | □ | ၁၇၅၀၀ | □ | - | - | ၂၉၀၀၀ | □ |
| မန္တလေး | ၇၆၀၀ | □ | ၃၀၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၉၀၀၀ | □ | ၂၃၅၀၀ | □ | - | - | ၄၀၀၀၀ | □ |
| မော်လမြိုင် | ၆၃၀၀ | ▽ | ၂၀၀၀၀ | ▽ | ၈၀၀၀ | ▽ | ၃၀၀၀၀ | ▽ |
| လှိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၄၈၀၀ | ▽ | ၂၁၀၀၀ | ▽ | - | - | ၃၆၀၀၀ | ▽ |
| ဘားအံ | ၄၇၀၀ | □ | ၁၉၀၀၀ | ▽ | - | - | ၃၃၀၀၀ | △ |
| တောင်ကြီး | - | - | ၂၂၅၀၀ | □ | - | - | ၄၂၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၃၁-၁၀-၂၀၁၆ မှ ၄-၁၁-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 273 | 15,861,668.891 |
| 2 | Form D | 50 | 3,055,376.900 |
| 3 | Form E | 85 | 2,332,907.020 |
| 4 | Korea GSP | 3 | 90,289.800 |
| 5 | Form AK | 111 | 4,370,062.370 |
| 6 | Form AJ | 7 | 370,179.000 |
| 7 | Form AI | 49 | 1,962,332.250 |
| 8 | Form AANZ | 3 | 4,469.470 |
| 9 | Form DFTP | - | - |
| **Grand Total** | | **581** | **28,047,285.701** |

# ဆန်ကြမ်းဈေးကျပြီး အဝယ်လိုက်

ယခုတစ်ပတ်ရန်ကုန်မြို့ ဝါးတန်းကုန်စည်ဒိုင်ရဲ့ ဆန်လက်ကားဈေးနှုန်းအရ ဆန်ချောဈေးငြိမ်ပြီး ဆန်ကြမ်းဈေး အနည်းငယ် ကျဆင်းကြောင်း သိရှိရပါတယ်။ ဖျာပုံပေါ်ဆန်း ဆန်ထိပ်စ တစ်အိတ်ကျပ် ၃၆၀၀၀ နဲ့ လတ်စ တစ်အိတ် ကျပ် ၃၃၀၀၀၊ ပုသိမ်/ မြောင်းမြပေါ်ဆန်းဆန် ထိပ်စ တစ်အိတ်ကျပ် ၃၆၅၀၀ နဲ့ လတ်စ တစ်အိတ် ကျပ် ၃၃၀၀၀၊ နယ်စုံ ကျိုက်လတ် ထိပ်စ တစ်အိတ်ကျပ် ၃၃၀၀၀ နဲ့ လတ်စ တစ်အိတ်ကျပ် ၂၉၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၄၃၀၀၀ မှ ကျပ် ၄၅၅၀၀ နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ ဆန်ချောအဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။

ညှော်မထ ဆန်ထိပ်စတစ်အိတ်လျှင် ကျပ် ၁၈၅၀၀ နဲ့ လက်စတစ်အိတ် ကျပ် ၁၇၅၀၀ ဈေးရှိပြီး ယခင်တစ်ပတ်ထက် တစ်အိတ်ကို ကျပ် ၅၀၀ ခန့် ဈေးကျကြောင်း သိရှိရပါတယ်။ နွေသီးထပ် ရှယ်တစ်အိတ်ကျပ် ၁၇၀၀၀ မှ ကျပ် ၁၇၅၀၀၊ နွေဆန်ရက် ၉၀ တစ်အိတ်ကျပ် ၁၉၅၀၀ မှ ကျပ် ၂၁၀၀၀၊ မနောသုခ တစ်အိတ်ကျပ် ၂၃၀၀၀ မှ ကျပ် ၂၄၀၀၀၊ အိတ်စ်ပို့ ၂၅ မှတ် ညှော်မထဆန် တစ်အိတ် ကျပ် ၁၄၅၀၀ မှ ကျပ် ၁၅၂၀၀ နဲ့ ဈေးငြိမ်နေပြီး ၂၅ မှတ် ဆန်ကြမ်း အဝယ်လိုက်နေတယ်လို့ သိရပါတယ်။ ဆန်သစ်ကတော့ အဝင်အနည်းငယ်သာရှိပြီး အဟောင်းပဲ အဝယ်လိုက်ကြောင်း တရုတ်နိုင်ငံဘက်ကလည်း အဝယ်ပြန်လိုက်နေတဲ့အတွက် ဆန်ကြမ်းအရောင်းအဝယ် ကောင်းနေတယ်လို့ ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ အရောင်းအဝယ် ပြန်ကောင်းနေပေမယ့် မူဆယ်မှာ ဆန်တွေပုံနေတာရယ်၊ တရုတ်ဘက်ကိုပဲ အထွက်ရှိတာရယ်ကြောင့် ဆန်ဈေးကတစ်ဖက်နိုင်ငံ ယွမ်ဈေးအရ ဈေးကျကြောင်း သိရှိရပါတယ်။ ညှော်မထ ၅ မှတ် မော်ဘီနဲ့ စူပါတစ်အိတ်ကို ယွမ် ၁၂၀ မှ ၁၂၃ ယွမ်၊ ညှော်မထ ၁၀ မှတ် မော်ဘီနဲ့ စူပါတစ်အိတ် ၁၁၇ ယွမ် မှ ၁၁၉ ယွမ်၊ ညှော်မထ ၁၅ မှတ် မော်ဘီတစ်အိတ် ၁၁၄ ယွမ်မှ ၁၁၆ ယွမ်၊ ညှော်မထ ၂၅ မှတ် မော်ဘီ တစ်အိတ်ယွမ် ၁၁၀ မှ ၁၁၂ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၂၂ ယွမ်မှ ၁၂၄ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၁၇ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၀၈ ယွမ်မှ ၁၁၂ ယွမ်ဈေးရှိပြီး ယခင်တစ်ပတ်ဈေးထက် တစ်အိတ်ကို ပျမ်းမျှလေး ယွမ်မှ ရှစ်ယွမ်အထိ ဈေးကျကြောင်း သိရှိရပါတယ်။

မူဆယ်သို့ မြို့တွင်းနယ်စုံမှ ဆန်အဝင်မှာ အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ၅၂၄၇ တန် ရှိပါတယ်။ ယခင်တစ်ပတ်က ဆန်အဝင်မှာ ၂၇၈၇ တန်သာရှိပါတယ်။ယခုတစ်ပတ်မှာဆန်အရောင်းအဝယ်ပြန်ကောင်းလာတယ်လို့ မူဆယ် ဆန်ဈေးကွက်မှ သိရှိရပါတယ်။ နိုဝင်ဘာ ၄ ရက် ငွေလဲနှုန်းအရ ၁ ယွမ်လျှင် ၁၈၈ ကျပ် ဈေးပေါက်ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# မုံရွာကုန်စည်ဒိုင်နိုဝင်ဘာလဆန်း ပဲဈေးကွက်ကုလားပဲ ဈေးဆက်လက်မာ

မုံရွာကုန်စည်ဒိုင် နိုဝင်ဘာလဆန်းပဲမျိုးစုံဈေးကွက်မှာ ကုလားပဲဈေးကွက်အနေနဲ့ ဒေသတွင်းပဲခွဲစက်၊ အမှုန့်ကြိတ်စက် လုပ်ငန်းသမားအဝယ်အပြင် ကြာဆန်နဲ့ မျိုးအဝယ်အနည်းငယ်ရှိခဲ့လို့ ဆက်လက်ဈေးမာနေရာ V2 တစ်တင်း ၄၅၅၀၀ကျပ်မှ ကျပ် ၄၆၀၀၀၊ ထိုင်ဝမ်တစ်တင်း ကျပ်၄၃၅၀၀ မှ ကျပ် ၄၄၀၀၀ နဲ့ 929 တစ်တင်း ကျပ် ၄၃၅၀၀ ဝန်းကျင်နဲ့ ဈေးငြိမ်နေတာတွေ့ရပါတယ်။ အောက်တိုဘာလကုန်ပတ်အတွင်း မုန်တိုင်းမိုးမကြာခဏရွာနေလို့ ဒေသတချို့မိုးကြီးရာ စိုက်ပျိုးပြီးစ ကုလားပဲခင်းအနည်းငယ် အပင်ပေါက်တွေ ထိခိုက်ပျက်စီးမှုဖြစ်နိုင်တယ်လို့ တောင်သူတချို့ကဆိုပါတယ်။

ငုံနီဈေးကွက်မှာ ရောင်းသူရောဝယ်သူပါရှားပြီး ဒေသတွင်းကုန်သည် လှောင်လက်အဝယ်အနည်းငယ်ရှိလို့ တစ်တင်း ကျပ် ၃၁၃၀၀ ကနေ ကျပ် ၃၁၈၀၀ အကြားအရောင်းအဝယ်အနည်းငယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်ပဲတီစိမ်းဈေးကွက်လည်း အကြီးရောအသေးပါ ငြိမ်ခဲ့ရာ စိမ်းကြီးကတစ်တင်း ကျပ် ၂၆၀၀၀ မှ ကျပ် ၂၆၅၀၀ နဲ့ စိမ်းသေးက ကျပ် ၂၆၅၀၀ နဲ့ တစ်ရက် နှစ်မျိုးပေါင်း အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ကုန်သည်ရပ်ကွက်မှ သိရပါတယ်။ယခုတစ်ပတ်မတ်ပဲဈေးကွက်မှာလည်း ပဲသစ်က တစ်တင်းကျပ် ၄၀၀၀၀ မှ ၄၁၀၀၀ နဲ့ပဲဟောင်းက တစ်တင်းကျပ် ၄၃၀၀၀ မှ ကျပ် ၄၅၀၀၀ ကြားပေါက်ဈေး အသီးသီးငြိမ်နေပြီး တစ်ရက်အိတ် ၂၀၀ မှ ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ကျန်အခြားပဲမျိုးစုံဈေးကွက်မှာတော့ ပုဂံပဲ၊ မြေထောက်ပဲနဲ့ လုပ်ငန်းသုံးပဲ ဖြစ်တဲ့ ပဲကြီးတို့သာ တစ်တင်းနှစ်သောင်းအထက်ပေါက်ဈေးဖြစ်ပေါ်နေပြီး ကျန်ပဲ လက်လီဈေးကွက်မှာတော့ ထောပတ်ပဲတစ်တင်း ကျပ် ၁၄၀၀၀ မှ ကျပ် ၁၅၀၀၀၊ စွန်တာနီတစ်တင်း ကျပ် ၁၅၅၀၀၊ ပဲနီလုံးကြား တစ်တင်းကျပ် ၁၇၅၀၀၊ ပဲပုပ်စေ့ တစ်တင်း ကျပ် ၁၇၈၀၀၊ မလွှမ်းပိုတစ်တင်းကျပ် ၁၉၀၀၀ အသီးသီးပေါက်ဈေးဖြစ်ပေါ်ခဲ့ကာ အမြင့်ပဲအဖြစ် ပဲကြီးတစ်တင်း ကျပ် ၂၆၀၀၀ မှ ကျပ် ၂၄၅၀၀၊ ပုဂံပဲ တစ်တင်းကျပ် ၂၄၀၀၀ နဲ့ မြေထောက်ပဲ တစ်တင်းကျပ် ၂၄၀၀၀ အသီးသီးပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး လက်လီအရောင်းအဝယ်ပုံမှန်ဖြစ်နေတယ်လို့ မုံရွာကုန် စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၄-၁၁-၂၀၁၆ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၈/၁၀ | ၄/၁၁ | ပြောင်းလဲမှု | ၂၈/၁၀ | ၄/၁၁ | ပြောင်းလဲမှု | ၂၈/၁၀ | ၄/၁၁ | ပြောင်းလဲမှု | ၂၈/၁၀ | ၄/၁၁ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၂၃၁၇ | ၂၁၈၂ | ▼ | - | - | - | ၂၁၀၀ | - | - | ၂၂၅၀ | ၂၁၉၀ | ▼ |
| ၂ ပဲစင်းငုံ | ၁၆၅၇ | ၁၅၁၉ | ▼ | - | - | - | - | - | - | ၁၆၀၀ | ၁၅၀၀ | ▼ |
| ၃ ပဲတီစိမ်း | ၁၄၃၀ | ၁၄၁၅ | ▼ | ၁၃၃၃ | ၁၃၃၃ | ■ | ၁၃၉၅ | ၁၃၆၈ | ▼ | ၁၄၂၀ | ၁၃၉၅ | ▼ |
| ၄ ကုလားပဲရိုးရိုး | ၂၇၀၀ | ၂၇၀၀ | ■ | - | - | - | - | - | - | ၂၂၄၀ | ၂၂၄၀ | ■ |
| ၅ ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၀၀ | ■ | - | ၁၀၀၃ | - | - | - | - | ၁၅၅၀ | ၁၁၆၀ | ▼ |
| ၆ ထောပတ်ပဲ | ၈၃၀ | ၉၀၀ | ▲ | ၇၄၇ | ၇၈၂ | ▲ | ၇၂၆ | ၇၃၇ | ▲ | ၆၆၀ | ၇၀၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၄-၁၁-၂၀၁၆ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၇/၁၀ | ၃/၁၁ | ပြောင်းလဲမှု | ၂၇/၁၀ | ၃/၁၁ | ပြောင်းလဲမှု | ၂၇/၁၀ | ၃/၁၁ | ပြောင်းလဲမှု |
| ၁ မတ်ပဲ | ၁၁၃၀ | ၁၀၈၀ | ▼ | ၁၁၂၁ | ၁၁၂၅ | ▲ | ၁၀၄၇ | ၁၀၅၀ | ▲ |
| ၂ ပဲစင်းငုံ | ၈၁၀ | ၇၆၀ | ▼ | ၉၁၂ | ၈၇၇ | ▼ | ၉၅၇ | ၉၃၀ | ▼ |
| ၃ ပဲတီစိမ်း | ၇၀၀ | ၇၀၀ | ■ | ၆၈၈ | ၆၇၅ | ▼ | ၇၁၈ | ၇၂၀ | ▲ |
| ၄ ကုလားပဲဖြူလုံးကြီး | ၁၀၈၀ | ၁၀၈၀ | ■ | ၁၆၁၅ | ၁၄၉၉ | ▼ | ၁၆၁၅ | ၁၄၆၉ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၂.၁၀.၁၆)ထိ | ယခုတစ်ပတ် (၂၉.၁၀.၁၆)ထိ | (၁.၁.၁၆) မှ (၂၉.၁၀.၁၆) ထိ |
| မတ်ပဲ | ၁၀၂၅၅ | ၁၁၅၀၂ | ၄၃၀၃၈၆ |
| ပဲတီစိမ်း | ၂၈၂၇ | ၅၁၃၂ | ၁၅၈၆၅၈ |
| ပဲစင်းငုံ | ၃၂၅၉ | ၂၉၁၁ | ၁၈၇၄၈၀ |
| ကုလားပဲ | ၆၀၀ | ၁၁၁၉ | ၂၈၃၃၂ |
| ပဲလွန်းဖြူ | ၄၀၈ | ၂၆၂ | ၁၆၅၂၁ |
| မြေထောက်ပဲ | ၂၁၇ | ၆၄၃ | ၁၁၅၄၉ |

## အင်းတော် ဆင်း-၃ စပါးသစ်ပေါ်ချိန် ဈေးကောင်းရ

အင်းတော်မြို့နယ် ၂၀၁၆ - ၂၀၁၇ မိုးစပါး ဆင်း-၃ စပါးသစ်များစတင်ရိတ်သိမ်းပြီဖြစ်ပါတယ်။ ယခုနှစ် ဆင်း-၃ စပါးသစ် တင်းတစ်ရာ ခြောက်သိန်းကျပ်နဲ့ ဈေးဖွင့်ပြီး ဆန်စက်ပိုင်ရှင်များ ဝယ်ယူသိုလှောင်မှုများရှိနေတယ်လို့ သိရပါတယ်။

အင်းတော်မြို့နယ် ပြည်ပပို့ကုန် ဆင်း-၃ဆန်ကို ဗန်းမော်ကုန်သည်မှ တစ်ဆင့် တရုတ်သို့ တင်ပို့ကြတာဖြစ်ပြီး ကသာဆိပ်ကမ်းချ ဈေးဖြတ်ကြတာဖြစ်ပါတယ်။ တရုတ်တင်ပို့မှု တည်ငြိမ်မှုမရှိပေမယ့် ရေရှည်မှာ အလုပ်ဖြစ်ကြတာများပါတယ်။ ဒါကြောင့် ဆင်း-၃ ဆန်ကို စက်ပိုင်ကုန်သည်လုပ်ငန်းရှင်များ ဝယ်ယူသိုလှောင် လျက်ရှိနေတာ တွေ့ရပါတယ်။ လက်ရှိ ဗန်းမော်တရုတ်တင်ပို့မှု အနည်းငယ်သာ ရှိနေပြီး စပါးသစ်လည်း ဆွဲနေတာတွေ့ရပါတယ်။ ကသာဆိပ်ကမ်းချဈေး ဆင်း-၃ ဆန် ၁၀၈ပေါင် ဆန်တစ်အိတ် ၂၃၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ ကသာဆိပ်ကမ်း ဆန်ဈေးကွက်မှ သိရပါတယ်။

ယခင်နှစ် ကာလတူ ဖွင့်ဈေး ဆင်း-၃ စပါးသစ် တင်း ၁၀၀ လျှင် ၅၅၀၀၀၀ ကျပ်၊ ယခုနှစ်မှာ တင်း ၁၀၀ ကို ၆၀၀၀၀၀ ကျပ်နဲ့ ဈေးဖွင့်လို့ ယခုနှစ် အမြင့်ဈေးနဲ့ ဈေးကောင်းရလျက်ရှိပြီး ဒေသတွင်းမှာ ဆင်း-၃ ဆန်တစ်အိတ် ၂၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ရှိကြောင်း ဈေးကွက်မှ သိရပါတယ်။

**ကြည်နိုင်ဦး (အင်းတော်)**

## ပြည်ဈေးကွက်မှာ မတ်ပဲနှင့်ကုလားပဲဈေးတူရ

ပြည်ပဲဈေးကွက်မှာ နေ့စဉ်အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိတဲ့ကုလားပဲသီးနှံဟာ ပဲအဝင်သိပ်မရှိပေမယ့် လက်ကျန်ပဲများရှိခဲ့လို့ ခွဲစက်သမား ဝယ်ယူမှုအပေါ် တစ်ရက် အိတ် ၂၅၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးမှာ တစ်တင်း ကျပ် ၄၆၀၀၀ ဖြင့် အောက်တိုဘာလကုန်ဈေး ထက်ဈေး အနည်းငယ်ပိုရလာတာကို တွေ့ရပါတယ်။ ယခုနှစ်အတွင်း ကုလားပဲသီးနှံဈေးဟာ မတ်ပဲသီးနှံဈေးကို မီလုနီးပါး ဈေးကောင်းရခဲ့ပါတယ်။ ပြည်ဈေးကွက်သို့ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ကံမမြို့နယ်များမှ မျိုးပဲများဆက်လက် အဝယ်ရှိခဲ့လို့ မျိုးပဲဈေးတစ်တင်း ကျပ် ၄၇၀၀၀ ဖြင့် အိတ် အနည်းငယ် အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပဲကြီးဈေးကွက်တွင် ပဲကြော်ဖိုသမား ပုံမှန်ဝယ်ယူ

နိုဝင်ဘာလဆန်းရက်အတွင်း ပြည်ပဲဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ဖြစ်သလို ဈေးငြိမ်ငြိမ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲကြီးသီးနှံကို ပဲကြော်ဖိုသမားများက တစ်ရက် အိတ် ၂၀၀ ကျော်နေ့စဉ်ဝယ်ယူလျက်ရှိတာကို တွေ့ရပါတယ်။

ပြည်ဈေးကွက်မှာ ပဲအဝင်မရှိတော့ဘဲ လက်ကျန် ပဲများနဲ့ အရောင်းအဝယ်ဖြစ်ခဲ့ကြကာ ပဲကြီး(ရွှေကျွန်း) တစ်တင်း ကျပ် ၂၆၅၀၀၊ (ကမ်းနား) တစ်တင်း ကျပ် ၂၃၅၀၀ ဖြင့် ယခင်လကုန်ဈေးအတိုင်းရရှိခဲ့ကြပါတယ်။ပဲကြီးသီးနှံဟာ ယခုနှစ်အတွင်း တစ်နှစ်တာလုံး ဈေးငြိမ်လျက်ရှိတာကြောင့် ကျပ်သုံးသောင်းအောက်သာရရှိခဲ့ကြပြီး ပဲသစ်ပေါ် ချိန်မှစ၍ ယခုအချိန်အထိ ဈေးသိသိသာသာ မြင့်တက်ခြင်းမျိုး မရှိခဲ့ဘူးလို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲတီစိမ်း ဈေးကွက် အရောင်းအဝယ်သွက်

နိုဝင်ဘာလဆန်းမှာ ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းသီးနှံဝင်ရောက်မှုများလာခဲ့ပြီး တစ်ရက် အိတ် ၃၀၀ ကျော် ၄၀၀ ဝင်ရောက်ခဲ့ပါတယ်။ ကံမနှင့် ပန်းတောင်းမြို့နယ်များမှ ဝင်ရောက်ခဲ့ကာ ဝယ်လက်ကတော့ မန္တလေးလိုင်းသမား ပုံမှန်ဝယ်ယူလို့ ဝင်ရောက်လာသမျှအပြင် လက်ကျန်များပါ အရောင်းအဝယ်ဖြစ်ခဲ့ကြတဲ့အတွက် အိတ် ၅၀၀ ကျော်အထိ အဝင်သွက် အရောင်းအဝယ်သွက်နေကြောင်း သိရပါတယ်။

ပဲဈေးမှာလည်း အောက်တိုဘာလကုန်မှစ၍ ဈေးတက်လာပြီး ယခုနိုဝင်ဘာလဆန်းမှာ တစ်တင်းကျပ် ကျပ် ၂၉၀၀၀ အထိ ရရှိနေပြီ ဖြစ်ပါတယ်။ သို့သော်လည်း ယခင်နှစ် က နိုဝင်ဘာလအတွင်းမှာ တစ်တင်း ကျပ်လေး သောင်းအထိ ရရှိခဲ့လို့ ယခုနှစ်ဈေးမှာ သိသိသာသာ လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ဈေးကွက်မှာ မတ်ပဲကို မျိုးပဲအဖြစ် ဝယ်ယူမှုရှိ

ပြည်ဈေးကွက်မှာ ဆောင်းသီးနှံစိုက်ပျိုးရန်အတွက် မတ်ပဲကို မျိုးပဲများအဖြစ် ဝယ်ယူလာတာ တွေ့ရပါတယ်။ ယခုနိုဝင်ဘာလဆန်းပိုင်းတွင် မတ်ပဲသီးနှံမျိုးပဲဝယ်ယူမှုရှိခဲ့လို့ အိတ်အနည်းငယ် ရောင်းချခဲ့ရသလို ရန်ကုန်ဝယ်လက်လည်း ပုံမှန်ဝယ်နေတဲ့အတွက် မျိုးပဲရော လက်ကားသမားပါ အရောင်းအဝယ်ရှိခဲ့ပါတယ်။ ပဲဝင်ရောက်မှုမှာတော့ ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ အိတ် ၅၀ ကျော်သာ ဝင်ရောက်ခဲ့ကြပြီး ပဲဈေးမှာ တစ်တင်းကျပ် ၄၄၀၀၀ ဖြင့် ဈေးငြိမ်နေပြီး မျိုးပဲမှာ တစ်တင်း ကျပ် ၄၇၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ယခင်နှစ်က မျိုးပဲဈေးမှာ တစ်တင်း ကျပ်ခုနစ်သောင်းကျော်အထိ ရရှိခဲ့လို့ ယခုနှစ်မျိုးပဲဈေးမှာ ဈေးအေးအေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။

**ခင်ဆွေဝင်း**

# တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုလိုငွေပြမှုကို ထိန်းချုပ်ရန် အိန္ဒိယနိုင်ငံစီစဉ်

အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် ကုန်သွယ်မှုလိုငွေပြမှုမြင့်တက်နေသည်ကို ထိန်းချုပ်ရန်အတွက် တရုတ်နိုင်ငံမှ တင်သွင်းသည့် ကုန်ပစ္စည်းအပေါ် ပေးအပ်မည့် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ အကျိုးခံစားခွင့်အား တတ်နိုင်သမျှ နောက်ကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက် (၆) နိုင်ငံများအကြား ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (Regional Comprehensive Economic Partnership, RCEP) အကောင်အထည်ဖော်ရာတွင် အိန္ဒိယနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် အကောက်ခွန်လျှော့ချမပေးမည့် ကုန်စည်များစာရင်း (Negative Lists of items) အား သီးခြားထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအစီအစဉ်ကို ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ် နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ကျင်းပပြုလုပ်မည့် RCEP အဖွဲ့ဝင် ဝန်ကြီးများအဆင့် အစည်းအဝေးတွင် အိန္ဒိယနိုင်ငံ၊ စီးပွားရေးဝန်ကြီးက အဆိုပါ အစီအစဉ်ကို ဆွေးနွေးမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၊ စီးပွားရေးဌာနက ပြောကြားခဲ့ပါသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံသို့ တင်ပို့သည့် အိန္ဒိယနိုင်ငံ၏ ပို့ကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၉ ဘီလီယံသာရှိသော်လည်း အိန္ဒိယနိုင်ငံသို့ တရုတ်နိုင်ငံမှ တင်သွင်းသည့် သွင်းကုန်ပမာဏသည် အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၇ ဘီလီယံရှိခြင်းကြောင့် ကုန်သွယ်မှုလိုငွေပြမှုပမာဏသည် အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၇ ဘီလီယံရှိကြောင်း၊ RCEP အစီအစဉ်တွင် အိန္ဒိယနိုင်ငံအနေဖြင့် သွင်းကုန်ပစ္စည်းများအပေါ် နည်းလမ်းသုံးမျိုးဖြင့် အခွန်လျှော့ချသွားရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်မှုသည် အိန္ဒိယနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် ကုန်သွယ်မှုလိုငွေပြမှုမြင့်တက်နေမှုအား ထိန်းချုပ်နိုင်မည့် နောက်ဆုံးမျှော်လင့်ချက်ဖြစ်နိုင်ကြောင်းပြောကြားခဲ့သည်။

RCEP သည် အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံနှင့် ၎င်း၏ ဆွေးနွေးဖက်နိုင်ငံ (၆) နိုင်ငံဖြစ်သည့် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် နယူးဇီလန်နိုင်ငံတို့အကြား ဘက်စုံ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်တစ်ရပ်ကို အကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ်ပြီး အဆိုပါ အစီအစဉ်တွင် ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ယှဉ်ပြိုင်မှု၊ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ အငြင်းပွားမှုပြေသနာဖြေရှင်းမှုနှင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စသည့် ကဏ္ဍများ ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

**စန္ဒာထွန်း (TTI)**

# ပြည်ပဲဈေးကွက်တွင် ကာလတူအချိန်ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှ နှစ်အလိုက် ကာလတူအချိန်ဖြစ်ပေါ်ခဲ့သော ပဲဈေးနှုန်းများကို လေ့လာရာတွင် မတ်ပဲသီးနှံနဲ့ ပဲစင်းငုံသီးနှံမှာ ၂၀၁၅ ခုနှစ် အတွင်း ဈေးအမြင့်ဆုံးရခဲ့ပြီး ၂၀၁၆ခုနှစ်မှာ ဈေးလျော့သွားပေမယ့် ၂၀၁၄ ခုနှစ်တုန်းကထက်တော့ ဈေးပိုကောင်းခဲ့ပါတယ်။ ကုလားပဲသီးနှံမှာ တစ်နှစ်ထက်တစ်နှစ်ဈေးကောင်းပိုရလာလို့ ၂၀၁၆ မှာ မတ်ပဲ၊ ပဲစင်းငုံနည်းတူ ဈေးနှုန်းများ မြင့်တက်ခဲ့ပါတယ်။ ပဲတီစိမ်းသီးနှံသာ အရင်နှစ်နဲ့နှိုင်းယှဉ် ရင် ၂၀၁၆ မှာ ဈေးလျော့နည်းနေတာကို တွေ့ရပြီး ပဲကြီးနှင့် ပဲလွန်းဖြူသီးနှံများလည်း ၂၀၁၅ထက်ဈေးလျော့နေခဲ့ကြောင်း အောက်ဖော်ပြပါ ဇယားအတိုင်းတွေ့ရပါတယ်-

**ရေတွက်ပုံ-တင်းဈေး(ကျပ်)**

| ပဲအမျိုးအစား | ၂၀၁၄ အောက်တိုဘာ | | ၂၀၁၅ အောက်တိုဘာ | | ၂၀၁၆ အောက်တိုဘာ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| မတ်ပဲ | ၂၂၀၀၀ | ၂၅၅၀၀ | ၆၂၀၀၀ | ၇၂၅၀၀ | ၄၅၀၀၀ | ၄၆၅၀၀ |
| ပဲတီစိမ်း | ၃၈၂၀၀ | ၃၈၅၀၀ | - | - | ၂၄၅၀၀ | ၂၈၀၀၀ |
| ပဲစင်းငုံ | ၂၁၀၀၀ | ၂၃၈၀၀ | - | - | ၃၂၀၀၀ | ၃၇၅၀၀ |
| ကုလားပဲ | ၁၃၀၀၀ | ၁၃၅၀၀ | ၃၄၇၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | ၃၇၅၀၀ |
| ပဲကြီး(ရွှေကျွန်း) | ၂၃၀၀၀ | ၂၅၀၀၀ | ၃၄၅၀၀ | ၃၅၀၀၀ | ၂၆၈၀၀ | ၂၇၀၀၀ |
| ပဲကြီး(ကမ်းနား) | ၁၉၅၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၃၂၅၀၀ | ၂၄၀၀၀ | ၂၄၅၀၀ |
| ပဲလွန်းဖြူ | ၁၆၀၀၀ | ၁၆၅၀၀ | ၂၇၀၀၀ | ၃၁၅၀၀ | ၂၃၈၀၀ | ၂၄၀၀၀ |

မတ်ပဲသီးနှံကို ပြည်ပဝယ်လက်က ဝယ်ယူလျက်ရှိသလို ရန်ကုန်ဝယ်လက်ကလည်း ဝယ်ယူလျက်ရှိတဲ့အတွက် ယခုလို ကာလများတွင် ပဲလက်ကျန်အနည်းငယ်ဖြင့် ရောင်းဝယ်ကြပါတယ်။ တစ်ချိန်တည်းမှာ မျိုးပဲဝယ်ယူသည့်အချိန်လည်းဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်တွင် ပဲဈေးတစ်တင်း ကျပ် ၂၂၀၀၀ မှ ကျပ် ၂၅၅၀၀ အထိသာရရှိလို့ နှစ်အလိုက် ဈေးနှုန်းအရ ဈေးအနိမ့်ဆုံးရတဲ့နှစ်ဖြစ်ခဲ့သလို ပဲတီစိမ်း၊ ပဲစင်းငုံဈေးများနှင့် လည်း မတိမ်းမယိမ်းဖြစ်ခဲ့ပါတယ်။ ၂၀၁၅ အောက်တိုဘာ လမှာ မတ်ပဲဈေးဟာ စံချိန်တင်မြင့်တက်ခဲ့တဲ့ နှစ်ဖြစ်လို့ တစ်တင်းကျပ် ၇၂၅၀၀ အထိ ရရှိခဲ့ကာ မျိုးပဲများ ဈေးကောင်းပေးဝယ်ယူရတဲ့နှစ်ဖြစ်ခဲ့ပါတယ်။ ယင်းနှစ်အတွင်း ပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးနဲ့ ပဲလက်ကျန်ပြတ်လုနီးပါးအထိ ဖြစ်ခဲ့ပါတယ်။ ၂၀၁၆ခုနှစ်မှာ မတ်ပဲဈေးဟာ ယခင်နှစ်ဈေးကို မမီဘဲ တစ်တင်း ကျပ် ၄၅၀၀၀ မှ ကျပ် ၄၆၅၀၀ ဖြင့် အောက်တိုဘာလအတွင်း ဈေးငြိမ်အရောင်းအဝယ်ဖြစ်နေသလို မတ်ပဲမျိုးစိုက်ပျိုးရန် ဝယ်ယူချိန်ဖြစ်သော်လည်း ဈေးသိသိသာသာပိုကောင်းလာခြင်းမရှိဘဲ ဈေးအေးခဲ့ကြပါတယ်။ ယခင်နှစ်က မတ်ပဲမျိုးဈေးမှာ ဈေးအဆမတန်မြင့်တက်ခဲ့လို့ ယခုနှစ်မှာ ပဲစိုက်တောင်သူများက မျိုးပဲချန်ထားကြတဲ့အတွက် ယခုအချိန်မှာ မျိုးပဲဝယ်ယူချိန်ဖြစ်သော်လည်း ယခင်နှစ်ကလောက် ဈေးမြင့်တက်ခဲ့ခြင်းလည်း မရှိကြတာကိုတွေ့ရပါတယ်။ ပဲတီစိမ်းသီးနှံမှာ နှစ်အလိုက်နှိုင်းယှဉ်ကြည့်ပါက ၂၀၁၆ ခုနှစ်မှာ ဈေးအေးခဲ့လို့ ပြည်ပဝယ်လက် မတ်ပဲ၊ ပဲစင်းငုံနှင့် ယှဉ်လျှင် ဈေးအနိမ့်နဲ့သာ တစ်တင်းကျပ် သုံးသောင်း အောက်ရရှိခဲ့ပါတယ်။

၂၀၁၄ ခုနှစ်မှာ ပဲတီစိမ်းသီးနှံဈေးဟာ ပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးရရှိခဲ့ပြီး မတ်ပဲ၊ ပဲစင်းငုံများထက်လည်း ဈေးပိုရခဲ့လို့ တစ်တင်းကျပ် ၃၈၂၀၀၊ ကျပ် ၃၈၅၀၀ အထိရရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်အောက်တိုဘာလအတွင်းမှာ လက်ကျန်မရှိတော့လို့ အရောင်းအဝယ်မဖြစ်ခဲ့ပေမယ့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာမှာ ပဲသစ်များဝင်ရောက်ခဲ့တဲ့အတွက် တစ်တင်းကျပ် ၂၄၅၀၀ မှ ကျပ် ၂၈၀၀၀ ရရှိခဲ့ပြီး မတ်ပဲ၊ ပဲစင်းငုံ ဈေးတို့ထက် ယခုနှစ်မှာ ဈေးလျော့နည်းအရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။

ပဲစင်းငုံသီးနှံကလည်း ပဲတီစိမ်းသီးနှံ ကဲ့သို့ပင် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တွင်သာ အောက်တိုဘာလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ၂၀၁၅ ခုနှစ်မှာ ပဲလက်ကျန်မရှိတော့လို့ အောက်တိုဘာလအတွင်းဈေးကွက်မှာ အရောင်းအဝယ်မဖြစ်ခဲ့ဘူးလို့ သိရပါတယ်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလမှာ မတ်ပဲနှင့် ပဲစင်းငုံ ဈေးတူ နီးပါး ရရှိခဲ့ပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလမှာ တစ်တင်း ကျပ် ၃၂၀၀၀ မှ ကျပ် ၃၇၅၀၀ အတွင်း ရရှိခဲ့ပြီး ပဲလက်ကျန်အနည်းငယ်သာရှိကာ ဈေးကွက်အတွင်းမှာလည်း ရန်ကုန်ဝယ်လက်ဝယ်ယူမှုအပေါ် ရက်ခြားလောက်သာ ရောင်းဝယ်မှုရှိခဲ့ကြပါတယ်။

ပြည်တွင်းအဓိက ဝယ်လက်ပဲများထဲမှာ ကုလားပဲသီးနှံ ဈေးနှုန်းအနေဖြင့် တစ်နှစ်ထက်တစ်နှစ်ပိုကောင်းလာခဲ့လို့ ၂၀၁၆ ခုနှစ်အတွင်းမှာ ပြည်ပဝယ်လက် မတ်ပဲသီးနှံ နီးပါးကျပ်လေးသောင်းကျော်အထိ ဈေးကောင်းရခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ပဲဈေးကွက်အတွင်း ကုလားပဲသီးနှံဈေးဟာ ဈေးအနိမ့်ဆုံးဖြစ်ခဲ့လို့ တစ်တင်းကျပ် ၁၃၀၀၀ မှ ကျပ် ၁၃၅၀၀ သာရရှိခဲ့ကြပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ ပဲဈေးအားလုံးလိုလို ဈေးကောင်းရလာတဲ့အတွက် ကုလားပဲဈေးဟာ တစ်တင်း ကျပ် ၃၄၇၀၀ မှ ကျပ် ၄၀၀၀၀ ရရှိခဲ့ပါတယ်။

ယခုလိုကာလမျိုးတွင် မျိုးပဲလည်းဝယ်ယူတဲ့အတွက် မျိုးပဲတစ်တင်း ကျပ်လေးသောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြတယ်လို့ သိရပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှာ ကုလားပဲ တစ်တင်း ကျပ် ၄၁၅၀၀ မှ ကျပ် ၄၃၅၀၀ အထိရရှိကာ မတ်ပဲဈေးထက်ဈေးအနည်းငယ်လျော့နေပေမယ့် ပဲတီစိမ်းသီးနှံထက် ဈေးပိုရသလို ပဲစင်းငုံသီးနှံထက်လည်း ဈေးပိုနေခဲ့ရကြောင်း တွေ့ရပါတယ်။

ပဲကြီးသီးနှံမှာ ၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ ကျပ်သုံးသောင်းကျော်ရရှိပေမယ့် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် များတွင်တော့ ကျပ်သုံးသောင်းအောက်လျော့နည်းခဲ့လို့ ၂၀၁၄ ခုနှစ်မှာ ပဲကြီး(ရွှေကျွန်း) တစ်တင်းကျပ် ၂၃၀၀၀ မှ ကျပ် ၂၅၀၀၀၊ (ကမ်းနား) ပဲတစ်တင်းကျပ် ၁၉၅၀၀ မှ ကျပ် ၂၂၀၀၀၊ ၂၀၁၆ ခုနှစ်မှာ(ရွှေကျွန်း) တစ်တင်း ကျပ် ၂၆၈၀၀ မှ ကျပ် ၂၇၀၀၀ (ကမ်းနား) ပဲတစ်တင်း ကျပ် ၂၄၀၀၀ မှ ကျပ် ၂၄၅၀၀ ဖြင့် ကုလားပဲဈေးထက်လည်း လျော့နည်းအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

ပဲလွန်းဖြူသီးနှံမှာလည်း ၂၀၁၄ ခုနှစ်တွင် ကျပ် နှစ် သောင်းအောက်သာရရှိလို့ တစ်တင်း ကျပ် ၁၆၀၀၀ မှ ကျပ် ၁၆၅၀၀၊ ၂၀၁၅ ခုနှစ်တွင် တစ်တင်း ကျပ် ၂၇၀၀၀ မှ ကျပ် ၃၁၅၀၀ ဖြင့် ၂၀၁၄ ခုနှစ်ထက်ရော ၂၀၁၆ ခုနှစ်ထက်ပါ ဈေးပိုရခဲ့တာကို တွေ့ရပြီး ၂၀၁၆ ခုနှစ်မှာ တစ်တင်း ကျပ် ၂၃၈၀၀ မှ ကျပ် ၂၄၀၀၀ ဖြင့် ယခုနှစ်မှာ ပဲကြီးသီးနှံနှင့်ပဲလွန်းဖြူသီးနှံမှာ ဈေးသိပ် မကွာခြားဘဲ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

# အရောင်းအဝယ်အေးခဲ့တဲ့ ပုသိမ်ဆန်စပါးဈေးကွက် မိုးစပါးပေါ်ချိန် ဝယ်လိုအား အနည်းငယ်မြင့်တက်

ပုသိမ်မြို့၊ ဆန်စပါးဈေးကွက်တွင် အောက်တိုဘာလအတွင်းက အရောင်းအဝယ်အေးခဲ့ရာမှ ယခု မိုးကောက်စော စပါးသစ်များ၊ ဈေးကွက် ဝင်ရောက်ချိန်တွင် ဝယ်လိုအားအနည်းငယ်မြင့်တက်လာပါတယ်။ ယခင်နှစ် မိုးစပါးပေါ်ချိန်၊ စပါးဈေးနှုန်းမှာ မနောသုခ၊ မျိုးပွား၊ ဆင်းသုခစပါး၊ ပေါင် ၅၀တင်း ၁၀၀ ကို ငါးသိန်းအထက်ဈေးနှုန်းရှိ၍ ယခုနှစ် မနောသုခ၊ မျိုးပွား၊ ဆင်း သုခစပါး ပေါင် ၅၀ တင်း ၁၀၀ အစိုဓာတ် ၁၅ရာခိုင်နှုန်း၊ ၁၆ ရာခိုင်နှုန်း စပါးသစ်ဈေးမှာ လေးသိန်းဝန်းကျင်ခန့်နဲ့ ဆန်တစ်အိတ်လျှင် ကျပ် ၁၆၀၀၀ ဈေးနှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးကွက်မှ သိရှိရပါတယ်။

ဈေးကွက်သို့ စပါးသစ်များ စတင်ဝင်ရောက်လျက်ရှိသော်လည်း လှိုင်လှိုင်မပေါ်သေးဘဲ ယခင်နှစ်မိုးစပါး လက်ကျန်ဈေးကွက်မှာ ဧရာဝတီပေါ်ဆန်းစပါး ၁၀၅ ပေါင်၊ တင်း ၁၀၀လျှင် ကျပ် ၉၅၀၀၀၀၊ ဆန်တစ်အိတ်လျှင် ကျပ် ၃၄၀၀၀- ၃၅၀၀၀၊ ပေါ်ဆန်းရင်စပါး ၁၀၅ ပေါင်၊ တင်း ၁၀၀ လျှင် ကျပ်ရှစ်သိန်းဈေး၊ ဆန်တစ်အိတ်လျှင် ကျပ် ၃၁၀၀၀-၃၂၀၀၀ ဈေးနှင့် မိုးစပါးအဟောင်း မနောသုခ၊ မျိုးပွား၊ ဆင်းသုခ စပါးဈေးမှာ ပေါင် ၅၀၊ တင်း ၁၀၀ လျှင် ငါးသိန်းခွဲဈေးနှင့် ဆန်တစ်အိတ်လျှင် ကျပ် ၂၁၀၀၀-၂၂၀၀၀၊ အများစားသုံးနိုင်သော နွေသီးထပ်ရင်စပါး ဈေးတန်း အနည်းငယ်နိမ့်သော စပါးဈေးမှာ ပေါင် ၅၀၊ တင်း ၁၀၀ လျှင် ကျပ် ၄၅၀၀၀၀-၄၇၀၀၀၀ ဈေးနှင့် ဆန်တစ်အိတ်ဈေး ကျပ်၁၉၀၀၀-၂၀၀၀၀ ဈေးရှိခဲ့ပါတယ်။ စက်တင်ဘာနဲ့ အောက်တိုဘာလများတွင် ဆန်စပါးဈေးနှုန်း မပြောင်းလဲဘဲ အရောင်းအဝယ်အေးလျက်ရှိပြီး ဆန်ဟောင်းဈေးကွက်မှာ ဇန်နဝါရီလအထိ အရောင်းအဝယ်ဖြစ်ပြီး ဈေးကွက်အခြေအနေပေါ်မူတည်၍ ဈေးနှုန်းအတက်အကျဖြစ်နိုင်ကြောင်း၊ ယခုမိုးစပါးအသစ်ပေါ်ချိန်ဒေသတွင်းဈေးကွက်များဖြစ်သော ရန်ကုန်နှင့် ပြည်၊ ဟင်္သာတ၊ မန္တလေး အညာဒေသများမှ ဝယ်လိုအားအနည်းငယ်မြင့်တက်လာကြောင်း ဆန်စပါးအသိုင်းအဝိုင်းမှ သိရပါတယ်။

**မင်းမင်းဦး (ပုသိမ်)**

## ကြက်သွန်

# အောက်တိုဘာလအတွင်း ကုန်သွယ်ရေးဇုန်များနဲ့ စခန်းများမှ ကြက်သွန်နီ တန်ချိန်သုံးထောင်ကျော် တင်ပို့

အောက်တိုဘာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ကြက်သွန်နီတန် ၁၈၀၀ ကျော်၊ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီ ကုန်သွယ်ရေးဇုန်မှ တန် ၈၀၀ ခန့်၊ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ တန် ၄၂၀ နီးပါးနဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ၂၅ တန် တင်ပို့နိုင်ခဲ့ပါတယ်။

အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်တွင် မူဆယ်မှ အမေရိကန်ဒေါ်လာ ၁၁၇၀၀၀ တန်ဖိုးရှိကြက်သွန်နီတန် ၆၀၀၊ မြဝတီမှ ၂၆၁ တန်ကျော်နဲ့ တာချီလိတ်မှ တန် ၂၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်မှ တန် ၆၀၀၊ မြဝတီမှ ၁၅၃ တန်ကျော်နဲ့ တာချီလိတ်မှ ခြောက်တန်တင်ပို့ခဲ့လို့ ကြက်သွန်နီတန် သုံးရာကျော် ပိုမိုတင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။ ဘုရင့်နောင် ကုန်စည်ဒိုင်ရဲ့ အောက်တိုဘာ ၂၈ ရက် ကြက်သွန်နီဈေးမှာ ဆိပ်ဖြူရှယ်(သစ်) တစ်ပိဿာ ၇၅၀ ကျပ်၊ လတ်ကြီး ကျပ် ၆၀၀ နဲ့လတ်ချော ၂၂၅ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ပြည်ပတင်ပို့ရန်နဲ့ မျိုးအဖြစ် အသုံးပြုရန် ဝယ်ယူမှုကြောင့် ရှမ်းကြက်သွန်ဖြူ အရောင်းအဝယ်သွက်

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ ကြက်သွန်ဖြူကို တောင်ကြီး ခရိုင်မြို့နယ်တိုင်းနဲ့ လွိုင်လင်ခရိုင် လဲချားမြို့နယ်မှာ အများဆုံး စိုက်ပျိုးကြပါတယ်။ ရှမ်းကြက်သွန်ဖြူမှာ တောင်ကြီးဘက်ကထွက်တဲ့ ကြက်သွန်ဖြူကို ကလောဘက်ခြမ်းကထွက်တဲ့ ကြက်သွန်ဖြူနဲ့ နှိုင်းယှဉ်ကြည့်ပါက ကလောမြို့နယ်ကထွက်တဲ့ ကြက်သွန်ဖြူက ပိုမာပြီး အထားလည်းခံတာကြောင့် ကလောကြက်သွန်ဖြူကိုဝယ်လက်တွေက ပိုမိုကြိုက်နှစ်သက်ကြပါတယ်။ တောင်ကြီးနဲ့ အောင်ပန်းဈေးကွက်ကိုဝင်တဲ့ ကြက်သွန်ဖြူတွေကို ရန်ကုန်၊ မန္တလေး၊ မုံရွာနဲ့ မော်လမြိုင်ဘက်က အဝယ်ရှိနေပါတယ်။ လဲချားကြက်သွန်ဖြူ ကိုတော့ ထိုင်းဘက်က အဝယ်များပါတယ်။ ခရမ်းစွဲလို့ခေါ်တဲ့ လဲချားကြက်သွန်ဖြူက တောင်ကြီးဈေးကွက်ကိုအဝင်မရှိဘဲ လဲချားမှတစ်ဆင့် ကျိုင်းတုံ-တာချီလိတ်ကိုဖြတ်ပြီး ထိုင်းနိုင်ငံသို့တင်ပို့တယ်လို့ သိရပါတယ်။ ပြည်တွင်းစားသုံးမှု အနည်းငယ်သာ ရှိပြီး၊ ထိုင်းနိုင်ငံကို အဓိကပို့တယ်လို့လည်း သိရပါတယ်။ ဒီနှစ်မှာ ခရမ်းစွဲကြက်သွန်ဖြူက စောစောစီးစီးပဲ ကုန်သွားလို့ ကျိုင်းတုံ ဝယ်လက်တွေက တောင်ကြီးဈေးကွက်ကိုဝင်လာပြီး (ထူး-၂)စတွေကို ဝယ်ယူလာပါတယ်၊ အခုချိန်ကလည်း ကြက်သွန်ဖြူ ပြန်စိုက်ပျိုးတဲ့အချိန်ဖြစ်တာကြောင့် တောင်သူတွေက မျိုးအဖြစ် ဝယ်ယူနေတာရယ် ကျိုင်းတုံဝယ်လက်တွေကလည်း ဝယ်နေတာကြောင့် အရောင်းသွက်လာပါတယ်။ ကျိုင်းတုံဝယ်လက်တွေက တစ်ပတ်အတွင်းမှာ ပိဿာချိန်ပေါင်း တစ်သောင်းနှစ်ထောင်ခန့် ဝယ်ယူသွားတယ်လို့လည်း သိရပါတယ်။

ဒီတစ်ပတ် တောင်ကြီးဈေးကွက်မှာ ကြက်သွန်ဖြူတစ်ပိဿာပေါက်ဈေးတွေကတော့ (လတ်ခြား) ကျပ် ၂၆၀၀ ၊ (ထူး-၁) ကျပ် ၂၇၅၀၊ (ထူး-၂) ကျပ် ၂၉၅၀၊ (ထူး-၃) ကျပ် ၃၂၀၀၊ (ထူး-၄) ကျပ် ၃၅၀၀၊ ဈေးရှိတယ်လို့ တောင်ကြီးဈေးကွက်မှ သိရှိရပါတယ်။

**ဇေခိုင်၊ တောင်ကြီး**

# အခြားနယ်များမှ အဆွဲသန်လို့ ပြည်ပွဲရုံသို့ ဝင်ရောက်တဲ့ ကြက်သွန်ဖြူ ဈေးမြင့်

ပြီးခဲ့တဲ့အောက်တိုဘာနောက်ဆုံးပတ်မှာ ကြက်သွန်ဖြူအိတ်တွေ ပုံမှန်အဝင်ရှိပြီး ဈေးအနည်းငယ်ကျလာခဲ့ပေမယ့် ယခုနိုဝင်ဘာပထမပတ်ထဲမှာတော့ ကြက်သွန်ဖြူဈေးမြင့်တက်ကာ အရောင်းအဝယ်ပြန်အေးသွားတာတွေ့ရပါ တယ်။ ယခုနှစ်အတွင်း စားဖိုဆောင်သီးနှံတွေ ဈေးနှုန်းတည်ငြိမ်မှုမရှိသလို ဈေးကစားတာတွေလည်းဖြစ်ပေါ်နေပါတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်စုံတို့မှ ဝယ်လိုအားအလျော့၊ အတင်းပေါ်မူတည်ပြီးမှ ဝင်ရောက်မှုရှိတာကြောင့် ဈေးကွက်မငြိမ်တာဖြစ်ပါတယ်။ ယခုတစ်ပတ်မှာလည်း တရုတ်ငွေကြေးဈေးမကိုက်မှုနှင့် ကျိုင်းတုံ၊ တာချီလိတ်၊ ထိုင်းနိုင်ငံတို့ဘက်မှ အဆွဲများနေတယ်လို့ သိရပါတယ်။ ကြက်သွန်ဖြူ (ပြည်ပွဲရုံဈေး) တစ်ပိဿာလျှင် (ကြူကုတ်စ) ကျပ် ၄၇၀၀၊ (လက်လီ) ကျပ် ၅၂၀၀ တို့ဖြစ်ပြီး (ရှမ်းစ) တစ်ပိဿာ(ပွဲရုံဈေး) ကျပ် ၄၃၀၀၊ (လက်လီ) ကျပ် ၄၆၀၀ ဈေးတို့ဖြစ်ပါတယ်။ ကြက်သွန်ဖြူတစ်ပိဿာပေါ်တွင် ရက်သတ္တပတ်အတွင်း ကျပ် ၅၀၀ ဈေးနှုန်းမြင့်တက်ခဲ့ပြီး အရောင်းအဝယ်အနေနဲ့ အေးလာတာတွေ့ရပါတယ်။

**နီနီဝင်း**

## နနွင်း

# ရန်ကုန်၊ စစ်တွေ၊ ပြည် ဝယ်လက်ကြောင့် ရှမ်းနနွင်း အဝယ်ပြန်လိုက်လာ

အောင်ပန်းဈေးကွက်မှာတော့ နနွင်းကအရာင်းအဝယ် ပုံမှန်ဖြစ်နေပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာ သီတင်းကျွတ်ပွဲတော်ကာလဖြစ်လို့သီးနှံတွေအဝင်နည်းပေမယ့် ဒီတစ်ပတ်မှာတော့ ပုံမှန်အဝင်ရှိနေပါတယ်၊ ရှမ်းနနွင်းကို ရန်ကုန်ကတော့ ပင်လယ်ရေကြောင်းမှတဆင့် တင်ပို့နိုင်ဖို့ ဝယ်ယူနေသလို စစ်တွေနဲ့ပြည်ဒေသတွေက လှောင်ဖို့အတွက် အဝယ်ရှိနေတယ်လို့သိရပါတယ်။ အောက်တိုဘာလ တစ်လအတွင်းမှာ နနွင်းပိဿာချိန်ပေါင်း ၂ ဒသမ ၈သိန်း အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဆင်တောင်နနွင်းအစား ဟိုပုံးနနွင်းက အဝယ်လိုက်လာလို့ အောင်ပန်းဝယ်လက်တွေက ဟိုပုံးအထိဆင်းပြီး ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ နနွင်းဈေးမှာ တစ်ပိဿာအနိမ့်ဆုံး ကျပ် ၁၅၀၀ မှ အမြင့်ဆုံး ၂၈၀၀ ဈေး ရှိပါတယ်။

**ဇေခိုင်**

# မူဆယ်ကုန်သွယ်ရေးဇုန်မှသာ နနွင်းတက်တင်ပို့

အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်တွင် မြန်မာ- တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄၉၉၉၆ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၆၇တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ် က မူဆယ်မှ ၈တန်နဲ့ မြဝတီမှ ၃၅တန်နီးပါး တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ် မူဆယ်ကုန်သွယ်ရေးဇုန်တစ်ခုတည်းမှသာ နနွင်းအပို့ရှိပေမယ့် ယခင်တစ်ပတ်ထက် ၂၄တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ နနွင်းတက် တစ်တန်ကို (ငွေလဲနှုန်းအရ) မိမိဘက်နိမ့်/မြင့် ပေါက်ဈေး ၉၆၀၅၀၄ - ၉၇၄၇၀၅ ကျပ် ဝန်းကျင်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## မန်ကျည်း

# ပြည်လက်ကျန် မန်ကျည်းမှည့်ဟောင်း ဈေးအနည်းငယ်ကျ

ပြည်ပွဲရုံများတွင် မန်ကျည်းမှည့်ဟောင်းလက်ကျန် ဈေးကျလာပြီး၊ အရောင်းအဝယ်အေးနေပါတယ်။ ဒေသတွင်းသုံးစွဲမှုအရောင်းသာရှိနေပြီး၊ နယ်တင်ပို့မှု မရှိသေးတာကြောင့် ဈေးကျလာခြင်းဖြစ်ပါတယ်။ ယခုတစ်ပတ် နိုဝင်ဘာ ပထမပတ် ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင် ကျပ် ၂၇၀၀ နှင့်လက်လီဈေး ကျပ် ၃၀၀၀ တို့ဖြင့် အရောင်းအဝယ်ပြုလုပ်လျက်ရှိပါတယ်။ နယ်မှဝင်ရောက်မှုများလည်း လုံးဝမရှိတော့ဘဲ ပွဲရုံလက်ကျန်မန်ကျည်းသာဖြစ်ကြောင်းလည်းသိရပါတယ်။ **နီနီဝင်း**

# ပြည်ကြက်သွန်နီဈေးနှုန်း အနည်းငယ် ပြန်လည်ကျဆင်း

ယခုတစ်ပတ်တွင် ပြည်ကြက်သွန်နီဈေး အနည်း ငယ်ပြန်ကျလာတာတွေ့ရပါတယ်။ တရုတ်နဲ့ ထိုင်းတို့မှ ဝယ်လက်အဆွဲနည်းသွားသလို ဒေသတွင်းဝယ်လက်သမားများလည်း အဆွဲအေးသွားတဲ့အတွက် ဈေးကျဆင်းသွားကြောင်းသိရပါတယ်။ ဈေးနှုန်းမှာပြည်ပွဲရုံများ၌ လက်ကား တစ်ပိဿာ (ကြီး) ကျပ် ၁၃၅၀၊ (လတ်) ကျပ် ၁၁၀၀၊ (သေး) ကျပ် ၈၀၀-၉၀၀ နှုန်းရှိပြီး ဒေသတွင်း လက်လီဈေးအသေးများတွင် တစ်ပိဿာကို (ရှယ်သန့်) ကျပ် ၁၆၀၀၊ (ကြီး)ကျပ် ၁၅၀၀၊ (လတ်) ကျပ် ၁၃၀၀-၁၄၀၀၊ (သေး) ကျပ် ၁၀၀၀-၁၂၀၀ တို့နှင့် ရောင်းဝယ်လျက်ရှိနေပါတယ်။ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ပျမ်းမျှ တစ်ပိဿာ ဈေးနှုန်း ၃၀၀ ကျပ်ခန့် ကျဆင်းသွားကြောင်းသိရပါတယ်။

အတက်အကျ မြန်ဆန်နေတဲ့အတွက် ပြည်ပွဲရုံလုပ်ငန်းရှင်များမှ မှာယူတင်သွင်းမှုကို ချိန်ဆနေသဖြင့် ပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင်အိတ် ၂၅၀ ခန့် ရက်ခြားအဝင်ရှိနေပြီး ဝင်ရောက်မှုမှာ အေးနေတယ်လို့သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် စားသုံးသူများမှာ ဈေးမြင့်နေသေးသဖြင့် ချိန်ဆသုံးစွဲနေရသည့် အတွက် လက်လီဈေးကွက်အတွင်း ရောင်းဝယ်မှု အေးနေကြောင်း သိရပါတယ်။ ပြည်ပွဲရုံများ၌ ဒေသတွင်းဝယ်လက်များနှင့် ဧရာဝတီ၊ ရခိုင်ပြည်နယ်တို့သို့ တင်ပို့မှု အပါအဝင် တစ်နေ့ကို ပိဿာ ၃၀ ဝင် အိတ် ၁၅၀ ခန့်သာရှိ၍ အရောင်းအဝယ်မှာသိသာစွာ အေးနေကြောင်းသိရတယ်။ **ဝင်းလှဲ့ဝါ (ပြည်)**

## ချင်း

# ပြည်ချင်း ဈေးကွက် အဝင်သွက် အရောင်းအဝယ်သွက်

ယခုတစ်ပတ်တွင် အလှူ၊ မင်္ဂလာကာလဖြစ်၍ ပြည်ဈေးကွက်အတွင်းရှိ ပွဲရုံများမှ ချင်းခါးလှီးသမားများမှ အဝယ်လိုက်နေပြီး ပြည်ပွဲရုံများသို့ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းတက်အသစ်များ အဝင်များလာတာကို တွေ့ရပါတယ်။ပြည်ဈေးကွက်သို့ပိဿာ ၃၀ ဝင်အိတ် ၃၀၀ခန့် အဝင်ရှိပြီး ယခင်တစ်ပတ်အတိုင်း ပုံမှန်ရှိနေပါတယ်။

အဝင်များပေမယ့် ဈေးနှုန်းမှာ ကျမသွားဘဲ ယခင်တစ်ပတ်အတိုင်း မပြောင်းဘဲ ရှိနေပါတယ်။ကထိန်အလှူပွဲများရှိနေလို့ ပိဿာချိန် ၁၈၀၀ ခန့် ပုံမှန် အရောင်းအဝယ်ဖြစ်နေပါတယ်။ ဈေးနှုန်းမှာ ချင်းတစ်ပိဿာလျှင် ရှယ် ကျပ် ၉၀၀၊ ဂွန် ကျပ်၅၀၀တို့နဲ့ ဈေးငြိမ်နေကြောင်းသိရပါတယ်။ **ဝင်းဝင်းခိုင်**

# အလှူမင်္ဂလာပွဲများကြောင့် ရှမ်းချင်း အရောင်းအဝယ်ပုံမှန်ဖြစ်လာ

ရှမ်းချင်းကတော့ ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ အလှူမင်္ဂလာပွဲတွေလည်းရှိလာတာကြောင့် ဧည့်ခံရန်အတွက် ထိုးချင်းသမားများက ဝယ်ယူနေသဖြင့် အရောင်းအဝယ်ဖြစ်လာကြောင်းသိပါတယ်။ ချင်းသစ်များပေါ်လာတော့မှာဖြစ်တာကြောင့် အရောင်းအဝယ်အေးနေပါက ချင်းလက်ကျန်ပိုမို များပြားလာမှာဖြစ်၍ ပွဲရုံများ၊ခြံရှင်များမှလည်း အရောင်းအဝယ် ဖြစ်ချင်နေတယ်လို့သိရပါတယ်။ ပြည်တွင်းဝယ်လက်များသာ အဝယ်ရှိနေသေးလို့ များများစားစားဖြုန်းအား မရှိသေးသလို ပြည်ပဝယ်လက်များအနေနဲ့လည်း မေးမြန်းမှုသာရှိပြီး လက်ငင်းဝယ်ယူမှု မရှိသေးဘူးလို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်မှာရှိတဲ့ ချင်း(စို)က တစ်ပိဿာ ကျပ် ၂၅၀ မှ ၃၅၀နဲ့ချင်း ခြောက်ကတစ်ပိဿာ ကျပ် ၁၆၀၀ မှ ၁၈၀၀ဈေးရှိပါတယ်။

ဟိုပုံးချင်းကတော့ အသစ်ထွက်လာမှသာဈေးကွက်မှာ အရောင်းအဝယ်ဖြစ်လာနိုင်ပါတယ်။ ပြီးခဲ့တဲ့လက တည်းကစပြီး လက်ကျန်မရှိတော့ကြောင်းသိရပါတယ်။။ချင်းဈေးကတော့ တစ်ပိဿာ ကျပ် ၁၅၀ နဲ့ ဈေးပိတ်သွားတယ်လို့လည်းသိရပါတယ်။ချင်းခြောက်ကိုတော့ ဒီနှစ်မှာသိပ်ပြီး မလုပ်ဖြစ်ဘဲ ယခင်နှစ်လက်ကျန်တွေကိုသာ အရောင်းအဝယ်လုပ်နေရတာဖြစ်ပြီး တစ်ပိဿာကို ကျပ် ၂၀၀၀ ဈေးရှိတယ်လို့ ဟိုပုံးဈေးကွက်က သိရှိပါတယ်။

**ဇေခိုင်**

# ဓာတ်ဆီ/ဒီဇယ်

## ဒီတစ်ပတ် ပင်လယ်ရေကြောင်းမှ အဝင်မရှိ နယ်စပ်စခန်းများမှဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ပင်လယ်ရေကြောင်းလမ်းမှ ဒီဇယ်၊ ဓာတ်ဆီအဝင်မရှိခဲ့ဘဲ အခြား စက်ဆီ၊ ချောဆီများသာ ဝင်လာခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၈၁၀၁၀တန်ဖိုးရှိ ဓာတ်ဆီ ၁၄၈ ဒသမ ၁၀၈ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၃၁၈၆၇တန်ဖိုးရှိ ဒီဇယ်၆၁ ဒသမ ၇၂ တန်၊ မြဝတီ ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၂၂၂၃ တန်ဖိုးရှိ ဓာတ်ဆီ ၃၅ တန်နဲ့ ကန်ဒေါ်လာ၁၂၃၄တန်ဖိုးရှိ ဒီဇယ် ၂၇ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်မှာ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဒီဇယ်၊ အောက်တိန်း **(92)**နဲ့ **(95)**မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ်၆၅၀ ကျပ်၊ အောက်တိန်း **(92)** ၆၅၀ ကျပ်၊ အောက်တိန်း **(95)** ၆၉၀ ကျပ်၊ အဆင့်မြင့် ဒီဇယ်၆၈၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ အောက်တိုဘာ ၃၁ရက်မှာ ဒီဇယ်ဝယ်ဈေး၁၂၇၀၀၀ကျပ်၊ ရောင်းဈေး ၁၂၉၀၀၀ ကျပ် နဲ့အရောင်းအဝယ်ဖြစ်ပြီး တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိုဘာ ၃၁ ရက်နေ့ ဓာတ်ဆီဝယ်ဈေး ၁၂၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၂၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာ နိုဝင်ဘာ ၁ ရက်နေ့တွင် ဝယ်ဈေး ၄၀၀၀ ကျပ်၊ ရောင်းဈေး ၅၀၀၀ကျပ် ဈေးကျခဲ့သော်လည်း နိုဝင်ဘာ ၂ရက်နေ့တွင် ဈေးအနည်းငယ် ပြန်တက်ခဲ့ပြီး ဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး၁၃၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီတစ်ဂါလန် ဈေးများမှာ ဒီဇယ်တစ်ဂါလန် ၂၇၀၀ ကျပ်၊ ဓာတ်ဆီတစ်ဂါလန် ၂၈၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီ ဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ ဓာတ်ဆီ တစ်လီတာ၆၄၅ ကျပ်၊ ဒီဇယ် ၆၀၀ကျပ်၊ အဆင့်မြင့် ဒီဇယ် ၆၉၀ကျပ်၊ အောက်တိန်း **(92)** ၆၉၀ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါ ဈေးများမှာ အောက်တိုဘာ၃၁ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၃၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၄၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နောက်ရက်များတွင် ဆက်တိုက်ဆိုသလို ဈေးကျလာခဲ့ရာ နိုဝင်ဘာ ၂ ရက်တွင် ဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ အောက်တိုဘာ ၃၁ ရက်နေ့တွင် ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာမှ နိုဝင်ဘာ ၂ ရက်မှစပြီး ဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန် ဈေးမှာ ဒီဇယ် ၂၈၀၀ကျပ်၊ ဓာတ်ဆီ ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်ဓာတ်ဆီ၊ဒီဇယ်နဲ့အောက်တိန်းမှာ ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ဓာတ်ဆီ တစ်ဂါလန် ၃၀၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၈၈၀ကျပ် ၊အောက်တိန်း တစ်ဂါလန် ၂၉၂၅ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၉၀၀ ကျပ်၊ အောက်တိန်း တစ်ဂါလန် ၃၀၀၀ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်ဂါလန်ဈေးနှုန်းများမှာဓာတ်ဆီတစ်ဂါလန် ၃၀၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၁၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလံ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

## ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်ကျဆင်းသော်လည်း ဗဟိုဘဏ်ဈေးနှုန်း ကျဆင်းခြင်းမရှိ

ယခုတစ်ပတ်အတွင်းတွင်ပြည်တွင်း ငွေလဲနှုန်းများ ပြန်လည်ကျဆင်းခဲ့သော်လည်း ဗဟိုဘဏ်၏ရည်ညွှန်းငွေလဲနှုန်းမှာ ကျဆင်းသွားခြင်းမရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ယခင်တစ်ပတ်ကဈေးကွက်အတွင်း အဝယ်လိုက်နေမှုများကြောင့် ဈေးများ ဆက်လက်မြင့်တက်ခဲ့သော်လည်း ယခုတစ်ပတ်တွင်မူ အဝယ်နည်းသွားသဖြင့် ဈေးကျဆင်းသွားခဲ့ရခြင်းဖြစ်သည်ဟုဆိုသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက တစ်ဒေါ်လာလျှင် ကျပ် ၁၃၀၀ နီးပါးအထိ မြင့်တက်သွားခဲ့သော်လည်း ယခုတစ်ပတ် ဈေးဖွင့်ချိန်တွင် ၁၂၉၀ အထိ ဈေးကျဆင်းသွားခဲ့သည်။ ထို့နောက် ဆက်လက်ဈေးကျဆင်းခဲ့ကာ ရက်သတ္တတစ်ပတ်၏ နောက်ဆုံးရက်တွင် တစ်ဒေါ်လာလျှင် ၁၂၈၁ ကျပ်အထိ ကျဆင်းသွားခဲ့သည်။

“ဈေးက အကျဘက်ကို ဦးတည်နေပါတယ်။ ခက်တာက ဗဟိုဘဏ်က ဈေးမကျတဲ့အတွက် သူကသာလိုက်ပြီး တက်နေမယ်ဆိုရင် ဒေါ်လာဈေးက ပြန်ပြီးတက်လာနိုင်တယ်။ တကယ်တော့ အခုလိုဈေးအတက်အကျတွေများနေတာ သိပ်မကောင်းပါဘူး။ ဈေးအတက်အကျလေးကို ထိန်းပေးနိုင်ရင်ပိုကောင်းမယ်။ အဝယ်လိုက်လာရင် ဈေးတက်ပြီး ပြန်ရောင်းတဲ့သူများလာရင် ဈေးကျတယ်ဆိုတဲ့ သဘောဟာ ဈေးကစားနေတဲ့သဘောပဲ”ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ပုဂ္ဂလိက ငွေလဲစင်တာများတွင် အောက်တိုဘာ ၃၁ ရက်က အမေရိ ကန်တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၂၉၁ ကျပ်၊ ဝယ်ဈေး ၁၂၈၇ ကျပ်ဖြင့် ဈေးဖွင့်အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း နိုဝင်ဘာ ၃ ရက်တွင် ရောင်းဈေး ၁၂၈၂ ကျပ်၊ ဝယ်ဈေး ၁၂၇၉ ကျပ်သို့ကျဆင်းခဲ့ကာ နိုဝင်ဘာ ၄ ရက်တွင် ရောင်းဈေး ၁၂၈၁ ကျပ်၊ ဝယ်ဈေး ၁၂၇၇ ကျပ်သို့ ကျဆင်းခဲ့ကာအရောင်းအဝယ်ဖြစ်ခဲ့သည်။

**မယ်သီတာ**

## ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေး လိုက်ပါမြင့်တက်

ယခုတစ်ပတ်တွင် ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးများပါ လိုက်ပါမြင့်တက်လာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းကတည်းက မြင့်တက်ခဲ့သည့် ကမ္ဘာ့ရွှေဈေးသည် ယခုတစ်ပတ်တွင်ဆက်လက် မြင့်တက်လာခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် ပြီးခဲ့သည့်ရက်သတ္တပတ်က တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၉၈ ကျပ်အထိ မြင့်တက်ခဲ့ပြီး ပြန်လည်ကျဆင်းခဲ့သည်။

“ပြီးခဲ့တဲ့တစ်ပတ်က ကမ္ဘာ့ရွှေဈေးက သိပ်မတက်ပေမယ့် ပြည်တွင်းက ငွေလဲနှုန်းက တော်တော်လေးကို လိုက်တက်လာတော့ ပြည်တွင်းရွှေဈေးတွေပါလိုက်ပြီးတက်လာတယ်။ ဒီတစ်ပတ်ကျတော့ ပြည်တွင်းငွေလဲနှုန်းက ပြန်ကျလာပေမယ့် ကမ္ဘာ့ရွှေဈေးက လိုက်ပြီးတက်လာတော့ ပြည်တွင်းရွှေဈေး လိုက်ပါမြင့်တက်ရတာပါ”ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

ပြည်တွင်းရွှေဈေးသည် အောက်တိုဘာ ၃၁ ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၈၇၈၅၀၀ ရှိခဲ့ပြီး နိုဝင်ဘာ ၃ ရက်တွင် ကျပ် ၈၈၅၀၀၀သို့ မြင့်တက်ခဲ့သည်။ ကမ္ဘာ့ရွှေဈေးသည် အောက်တိုဘာ ၃၁ ရက်က ၁၂၇၇ ဒေါ်လာသာရှိခဲ့ရာမှ နိုဝင်ဘာ ၃ ရက်တွင် အမေရိကန်ဒေါ်လာ ၁၃၀၀ သို့ မြင့်တက်ခဲ့ပြီး နိုဝင်ဘာ ၄ ရက်တွင် ၁၃၀၄ ဒေါ်လာသို့ ဆက်လက်မြင့်တက်ခဲ့သည်။ **မယ်သီတာ**

## MTSH ၏ အစုရှယ်ယာများအား နိုဝင်ဘာ ၄ ရက်မှ စတင်ကာ ကျပ် ၅၁၀၀ ဖြင့် ရောင်းချ

MTSH ၏အစုရှယ်ယာများကို တစ်စုမှ ၁၀ စုသို့ Share Split အဖြစ် ပြောင်းလဲခဲ့ပြီးနောက် MTSH ၏အစုရှယ်ယာဈေးနှုန်းများကို ကျပ် ၅၁၀၀ ဖြင့် နိုဝင်ဘာ ၄ ရက်မှစတင်ကာ ရောင်းချခဲ့ကြောင်း YSX ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ MTSH ၏ အစုရှယ်ယာများကို ဈေးစဖွင့်သည့်နေ့မှာပင် ကျပ် ၅၃၀၀ သို့ ဈေးမြင့်တက်သွားကာ ဝယ်ယူမှုပမာဏမှာလည်း ယခင်ကထက် ပိုမိုများပြားခဲ့ကြောင်း သိရသည်။

MTSH ၏ အစုရှယ်ယာများကို အောက်တိုဘာ ၃၁ ရက်က နောက်ဆုံးရောင်းချခဲ့ရာ ထိုနေ့က ကျပ် ၅၁၀၀၀ အထိဈေးအမြင့်ဆုံးရရှိခဲ့သည်။

အောက်တိုဘာ ၂၃ ရက်က ပြုလုပ်ခဲ့သည့် အသင်းသားစုံညီအစည်းအဝေးတွင် MTSH၏ အစုရှယ်ယာများကို ရှယ်ယာတစ်စုလျှင် ဆယ်စုအဖြစ်သို့ ခွဲခြမ်းရောင်းချရန် ဆုံးဖြတ်ခဲ့သည်။

ယင်းသို့ ဆုံးဖြတ်ခြင်းမှာ ကောင်းမွန်သည့်လုပ်ရပ်တစ်ခုဖြစ်ပြီး အောက်ခြေ လူတန်းစားများလည်း MTSH ကုမ္ပဏီ၏ ရှယ်ယာများကို အလွယ်တကူ ဝယ်ယူရင်းနှီးမြှုပ်နှံနိုင်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် ရှယ်ယာအရောင်းအဝယ်ပမာဏမှာလည်း ပိုမိုများပြားလာနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ခဲ့သည်။

Share Split ပြုလုပ်ပြီးနောက် ဈေးစဖွင့်သည့်ရက်တွင် MTSH ရှယ်ယာစုစုပေါင်း ၇၈၂၆၉ ရှယ်ယာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ **မယ်သီတာ**

## Currency Exchange Rate

November 4, 2016
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.30 |
| BDT | Bangladesh Taka | 78.44 |
| CAD | Canada Dollars | 1.34 |
| CNY | China Yuan Renminbi | 6.76 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 66.71 |
| I DR | Indonesia Rupiahs | 13097.72 |
| JPY | Japan Yen | 103.19 |
| MYR | Malaysia | 4.19 |
| PKR | Pakistan Rupees | 104.72 |
| PHP | Philippines Pesos | 48.43 |
| RUB | Russia Rubles | 63.67 |
| SGD | Singapore Dollars | 1.38 |
| KRW | South Korea Won | 1141.93 |
| LKR | Sri Lanka Rupe | 148.10 |
| THB | Thailand Baht | 34.97 |
| GBP | United Kingdom Pounds | 0.80 |
| VND | VietnamDon | 22325.00 |

*Source : xe.com*

## World Gold Price

November, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 31 | 1273 | 1275 | 1275 |
| 1 | 1276 | 1278 | 1278 |
| 2 | 1290 | 1291 | 1292 |
| 3 | 1299 | 1301 | 1301 |
| 4 | 1295 | 1297 | 1299 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 31-10-2016 | 878.00 | 878.00 |
| 1-11-2016 | 878.00 | 878.10 |
| 2-11-2016 | 883.00 | 882.50 |
| 3-11-2016 | 885.00 | 883.50 |
| 4-11 -2016 | 880.00 | 879.50 |

## နယ်စပ်ငွေလဲလှယ်နှုန်း

နိုဝင်ဘာလ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 31 | 6 .78 | 35.00 | 77.99 | 66.72 |
| 1 | 6. 78 | 35.00 | 78.40 | 66.71 |
| 2 | 6 76 | 35.04 | 78.29 | 66.84 |
| 3 | 6 .76 | 34.94 | 78.47 | 66.68 |
| 4 | 6.76 | 34.97 | 78.44 | 66.71 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 31 - October | 17.62 | 2434.21 | 1735.33 | 4884.99 | 977.00 |
| 1 - November | 17.93 | 2499.39 | 1757.95 | 4929.57 | 945.00 |
| 2 - November | 18.42 | 2459.30 | 1724.13 | 4927.10 | 966.00 |
| 3 - November | 18.49 | 2485.73 | 1748.77 | 4967.20 | 960.00 |
| 4 - November | 18.23 | 2497.15 | 1749.22 | 5001.25 | 992.00 |

Source:kitco.com

## Energy NYMEX 4-11-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 44.81 | 0.15 | 0.34 |
| Brent Crude Futr (USD/bbl) | 46.51 | 0.16 | 0.35 |
| Gasoline Rbob Fut (Cent/gal) | 142.09 | -0.36 | -0.25 |
| Natural Gas Futr (USD/MMBtu) | 2.80 | 0.03 | 1.08 |
| Heating Oil Futr (Cent/gal) | 146.08 | 0.26 | 0.18 |

## ဘိလပ်မြေ

### ဘိလပ်မြေ တန်ချိန် ၁၅၀၀၀ ကျော်တင်သွင်း

အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၂၉၀၃၂၈ တန်ဖိုးရှိ ဘိလပ်မြေ ၁၅၀၆၄ ဒသမ ၆၀ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ထိုင်းနိုင်ငံမှ ၁၅၀၃၆ ဒသမ ၆၀ တန်နဲ့ အိန္ဒိယမှ ၂၈ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေတင်သွင်းခဲ့တဲ့ ၂၂၈ တန်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၈၃၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ရန်ကုန်ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

အောက်တိုဘာ ၂၃ ရက်မှ ၂၉ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၅၀၀၀ ကျော် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ဝင်ရောက်ခဲ့တဲ့ တန်ချိန် ၂၂၈နဲ့နှိုင်းယှဉ်ရင်တန်ချိန် ၁၄၈၃၀ကျော် အဝင်ပိုခဲ့ပါတယ်။ ဒီတစ်ပတ် နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၄၅၇၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၈၃၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၈၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေအရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကြွံ(မြိုင်ကလေး) က ဈေးငြိမ်နေပေမယ့် ဆင်(ထိုင်း)နဲ့ စိန် (ထိုင်း)က ကျပ် ၂၀၀ ဝန်းကျင် ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ကျပ်၅၃၀၀၊ ကြွံ(မြိုင်ကလေး) ကျပ် ၄၃၀၀၊ စိန်(ထိုင်း) ကျပ်၅၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** မိုးများနေတာကြောင့် အရောင်းအဝယ် ကအေးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ စိန်(ထိုင်း) ကျပ်၆၄၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၄၀၀၊ ကမ္ဘောဇ ကျပ် ၄၀၀၀၊ နဂါး ကျပ် ၄၆၀၀၊ ဆင်(ထိုင်း)ကျပ် ၆၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးက ငြိမ်နေတယ်လို့ သိရပါတယ်။ ဆင်(ထိုင်း)နဲ့ စိန် (ထိုင်း)က ပစ္စည်းပြတ်နေဆဲဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၇၀၀၊ စိန်(ထိုင်း)ကျပ် ၅၄၀၀၊ ကြွံနှစ်ကောင် (နီ) ကျပ်၄၈၀၀ ၊ ကြွံနှစ်ကောင်(စိမ်း)ကျပ် ၄၅၀၀၊ မော်လမြိုင် (ဆင်) ကျပ်၅၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်ပြီး အရောက်ဈေးအနေနဲ့ ဆင်(ထိုင်း) ကျပ်၅၆၀၀၊ စိန်(ထိုင်း) ကျပ်၅၃၀၀၊ ကြွံနှစ်ကောင်(စိမ်း)ကျပ်၄၄၀၀၊ ကြွံနှစ်ကောင် (နီ)ကျပ်၄၇၀၀ ဈေးရှိတယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### မြေသြဇာတန်ချိန် ၁၈၀၀၀ ကျော်တင်သွင်း

အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်အထိ သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၈၅၆၄၅ တန်ဖိုးရှိ မြေသြဇာ ၁၈၃၇၄ ဒသမ ၉၉၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၀၈၅၇ ဒသမ ၅၂၀တန်၊ ဂျာမနီနိုင်ငံမှ ၃၀၀၀ ဒသမ ၅၄ တန်၊ ထိုင်းနိုင်ငံမှ ၂၆၄၀ ဒသမ ၈၅ တန်၊ ဂျပန်နိုင်ငံမှ ၁၁၂၇ တန်၊ ဗီယက်နမ်မှ တန်ချိန် ၅၀၀၊ မလေးရှားနိုင်ငံမှ တန်ချိန် ၁၃၂ ဒသမ ၀၈၈၊ နယ်သာလန်မှ ၉၆ တန်နဲ့ စင်ကာပူနိုင်ငံမှ ၂၁ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး ဒုတိယအများဆုံးက ဂျာမနီနိုင်ငံဖြစ်ပါတယ်။ တင်သွင်းခဲ့တဲ့ အမျိုးအစားများမှာ အမိုးနီးယမ်းဆာလဖိတ်၊ နိုက်တြိုဂျင်၊ နိုက်တြိုဖော်စကာ၊ ကောမတ်၊ ကွန်ပေါင်း၊ ပိုတက်ဆီယမ်၊ ကယ်လ်ဆီယမ်၊ ဖလော်ရာ တို့တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မြေသြဇာအဝင် ၁၄၅၉၂ တန်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၃၇၈၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### မော်လမြိုင်မြေဆီဈေးကွက် ဈေးငြိမ် အရောင်းသွက်

အောက်တိုဘာ ၂၃ ရက်မှ ၂၉ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှမြေသြဇာ ၁၈၃၇၄ တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်က ၁၄၅၉၂ တန်ကျော်ဝင်ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၃၇၈၀ကျော် အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေသြဇာအဝင်မှာ ၁၁၂၆၆ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၈၀၄၉ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၂၁၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရောနယ်စပ်လမ်းမှပါ အဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် ဈေးငြိမ်ပေမယ့် ဆောင်းသီးနှံအတွက် ချောင်းဆုံ၊ မုဒုံဘက်မှ အဝယ်ဆင်းတာကြောင့် အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၁၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၅၀၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၂၉၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈(မြင်းပျံ-ထိုင်း) ကျပ် ၂၁၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၁၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား(ရွှေတောင်) ပစ္စည်းပြတ်နေပြီး ဆင် ၁၀း၁၀း၅၊ အာမို ၁၀း၁၀း၅ နဲ့ အောင်ကမ္ဘာ၁၀း၁၀း၅တို့ ကျပ်၂၀၀ ဝန်းကျင်ဈေးကျလာပြီး ယူရီးယား (ပန်းဖူး-တရုတ်) ၁၀၀၀ ကျပ်ဈေးမြင့်လာကာ ကျန်မြေသြဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်တဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ)ကျပ် ၁၆၀၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၈၀၀၊ သီးစုံ (ဝါစိမ်းပြာ)ကျပ်၁၅၅၀၀၊ အာမို၁၅ ပတ်လည် ကျပ်၃၅၅၀၀၊ အာမို၁၆း၁၆း၈ ကျပ်၃၃၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ်၂၀၀၀၀၊ အာမို၁၀း၁၀း၅ ကျပ်၁၆၀၀၀၊ အောင်ကမ္ဘာ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၁၉၀၀၀၊ တောင်သူမ ကျပ် ၁၅၃၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ်၁၉၀၀၀ ၊ ဇာမဏီ ကျပ် ၁၇၈၀၀ ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှစုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မိုးများနေတာကြောင့် အရောင်းအဝယ်က တော်တော်လေးအေးနေတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ဈေးကွက်ထဲ မြေသြဇာဈေးများက ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက် ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ကျပ် ၁၉၀၀၀၊ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၁၉၇၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၀၃၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၂၅၀၀ ၊ ပိုးသတ်ဆေး ကျပ်၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်)ကျပ် ၃၆၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)ကျပ်၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၅၀၀၊ ပိုတက် (တရုတ်) ကျပ်၂၄၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၁၉၀၀၀၊ မြားကမ္ဘာ ကျပ် ၁၄၆၀၀ ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ /နို့မှုန့်

### နို့ဆီတန်ချိန် ၆၀၀ နီးပါးနဲ့ နို့မှုန့်တန်ချိန် ၄၀၀ ကျော်ဝင်

အောက်တိုဘာ၂၃ရက်မှ၂၉ရက် အထိသီတင်းပတ်အတွင်း စင်ကာပူနိုင်ငံမှ ကန်ဒေါ်လာ ၄၁၃၈၄၇ တန်ဖိုးရှိ နို့ဆီ ၃၆၀ ဒသမ ၇၉၂ တန်၊ တရုတ်နိုင်ငံမှ ကန်ဒေါ်လာ၃၁၈၀၅၀ တန်ဖိုးရှိ နို့ဆီ ၂၄၈ ဒသမ ၄၀ တန်နဲ့ မလေးရှားနိုင်ငံမှ ကန်ဒေါ်လာ၁၈၇၄၄၄ တန်ဖိုးရှိ နို့ဆီ ၁၄၈ ဒသမ ၈၂၄ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စုစုပေါင်း အဝင်တန်ချိန် ၇၅၈ ဒသမ ၀၁၆ ရှိတဲ့အတွက် ယခင်သီတင်းပတ်နို့ဆီ အဝင် ၄၉တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၀၀ ကျော်ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်နို့မှုန့်က နယူးဇီလန်နိုင်ငံမှ ၂၇၉ဒသမ ၂၀ တန်၊ ဆွစ်ဇာလန်နိုင်ငံမှ ၅၁ ဒသမ ၂၀ တန်၊ မလေးရှားနိုင်ငံမှ ၁၈ဒသမ ၇၈၂တန်နဲ့ စင်ကာပူနိုင်ငံမှ ၉၁ ဒသမ ၈၆၈တန် စုစုပေါင်း ၄၄၁ ဒသမ ၀၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်နို့မှုန့် အဝင် ၃၆ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၄၀၀ ကျော်ပိုမို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၉၂၃၀ တန်ဖိုးရှိနို့ဆီ/နို့စိမ်း ၁၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

■

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၁၀ မှ ၂၈/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၁၀ မှ ၂၁/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၅၇၁၊၅၀ | ၅၈၉၊၀၀ | (-) | ၁၇၊၅၀ |
| ၂။ | လွယ်ဂျယ် | ၇၆၀၊၀၀ | ၅၄၂၊၀၀ | (+) | ၂၁၈၊၀၀ |
| ၃။ | ချင်းရွှေဟော် | - | ၄၅၊၀၀ | (-) | ၄၅၊၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၉၉၉၊၀၀ | ၁၅၈၉၊၀၀ | (+) | ၁၄၁၀၊၀၀ |
| ၅။ | တာချီလိတ် | ၂၀၀၊၀၀ | ၈၈၂၀၊၀၀ | (-) | ၈၆၂၀၊၀၀ |
| ၆။ | မြဝတီ | ၅၈၈၊၆၀ | ၆၅၅၊၄၀ | (-) | ၆၆၊၈၀ |
| ၇။ | ကော့သောင်း | ၉၁၃၀၊၀၀ | ၃၀၆၄၊၀၀ | (+) | ၆၀၆၆၊၀၀ |
| ၈။ | မြိတ် | ၃၂၅၊၀၀ | ၃၀၈၅၊၀၀ | (-) | ၂၇၆၀၊၀၀ |
| | စုစုပေါင်း | ၁၄၅၇၄၊၁၀ | ၁၈၃၈၉၊၄၀ | (-) | ၃၈၁၅၊၃၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၂/၁၀ မှ ၂၈/၁၀ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၅/၁၀ မှ ၂၁/၁၀ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၈၅၅၂၊၅၀၀ | ၆၈၄၅၊၂၅၀ | (+) | ၁၇၀၇၊၂၅ |
| ၂။ | လွယ်ဂျယ် | ၂၀၀၊၉၅၀ | ၁၄၀၊၂၀၀ | (+) | ၆၀၊၇၅ |
| ၃။ | ချင်းရွှေဟော် | ၁၉၀၊၀၀၀ | - | (+) | ၁၉၀၊၀၀ |
| ၄။ | ကန်ပိုက်တီး | ၃၀၀၊၀၀၀ | ၄၀၀၊၀၀၀ | (-) | ၁၀၀၊၀၀ |
| ၅။ | မြဝတီ | ၁၀၆၀၊၃၀၀ | ၆၃၂၊၈၉၅ | (+) | ၄၂၇၊၄၀၅ |
| ၆။ | ကော့သောင်း | ၁၁၂၊၂၅၇ | - | (+) | ၁၁၂၊၂၅၇ |
| ၇။ | မြိတ် | ၅၀၊၀၀၀ | - | (+) | ၅၀၊၀၀၀ |
| ၈။ | ရိဒ် | ၈၀၀၊၀၀၀ | ၃၁၊၀၀၀ | (+) | ၇၆၉၊၀၀ |
| | စုစုပေါင်း | ၁၁၂၆၆၊၀၀၇ | ၈၀၄၉၊၃၄၅ | (+) | ၃၂၁၆၊၆၆၂ |

ခင်မိုးသူ

## မြေပဲ / နှမ်း

# မြေပဲဆန် အဝင်ရှိပြီး ဝယ်လက်ပျောက်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေး အနည်းငယ်ကျလာတာ တွေ့ရပါတယ်။ မြန်အောင်၊ ပေါက်ခေါင်း နှင့် ဝက်ထီးကန် ဘက်မှ တစ်နေ့လျှင် မြေပဲဆန်အိတ် ၈၀၀-၉၀၀ခန့် ဝင်ရောက်လာသော်လည်း ဝယ်လက် အဝယ်ပျောက်သဖြင့် ဈေးကွက်တွင် ပဲဆန်ဈေးကျလာတာတွေ့ရပါတယ်။ ယခင်နှစ်ကထွက်ရှိတဲ့ မြေပဲဆန်ဈေးမှာ ယခုနှစ်ထက်စာလျှင် ဈေးမြင့်တက်ခဲ့တာတွေ့ရပါတယ်။ ယခင်နှစ်တွင် အဝင်နည်းပြီး ဝယ်လက်များ အဝယ်ရှိသဖြင့် ဈေးမြင့်တက်လာတာ ဖြစ်ပါတယ်။ ယခင်နှစ် ယခုလိုအချိန်တွင် မြေပဲဆန်ဈေးမှာ မြေပဲဆီဆန် တစ်ပိသာလျှင် ကျပ် ၂၁၀၀ နှင့် လုံးဆန် တစ်ပိဿာလျှင် ကျပ် ၂၅၀၀ ဖြင့် ဈေးမြင့်ခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်တွင် မြေပဲဆန်ဈေးမှာ မြေပဲဆီဆန် တစ်ပိဿာလျှင် ကျပ် ၁၄၀၀ ဖြင့် ယခင်နှစ်ထက်စာလျှင် ကျပ် ၇၀၀ ဈေးလျော့သွားပြီး လုံးဆန်ဈေးမှာ အဖြူ တစ်ပိသာလျှင် ကျပ် ၁၈၅၀၊ အနီ တစ်ပိသာလျှင် ကျပ် ၂၁၀၀ ဖြင့် ယခင်နှစ်ထက်စာလျှင် ဈေး ကျလာတာကို တွေ့ရပါတယ်။ **ဝေဝေမင်း**

# ပြည်နှမ်းဈေးကွက် အရောင်းအဝယ်အေးလို့ ဈေးကျ

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် နှမ်းအဝင်/ အထွက် မရှိဘဲ အရောင်းအဝယ်ငြိမ်နေတာကို တွေ့ရပါတယ်။ ဈေးကလည်း ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဈေးအနည်းငယ် ကျလာတာ တွေ့ရပါတယ်။ ဝယ်လက်များမှလည်း ခဏ အဝယ်ရပ်ထားခြင်း၊ ဆီဆက်သမားများကလည်း ဆီလက်ကျန်များရှိသဖြင့် အသစ်ထပ်ပြီး ဆီမကြိတ်ခြင်းစတဲ့ အချက်များကြောင့် အဝယ်မရှိသေးတာ တွေ့ရပါတယ်။ ဝယ်လက်အဝယ်မရှိသဖြင့် ယခင်တစ်ပတ်ထက်စာလျှင် ဈေးကျလာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီ တစ်တင်းလျှင် ကျပ် ၂၈၃၀၀၊ နှမ်းနက်ရိုးရိုးတစ်တင်းလျှင် ကျပ် ၄၀၀၀၀ နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၄၉၃၀၀ ဖြင့် ဈေးအနည်းငယ် ကျလာတာတွေ့ရပါတယ်။ ယခင် နှစ်ထက်စာလျှင်လည်း ဈေးကျလာတာ တွေ့ရပါတယ်။ ယခင်နှစ်ဈေးမှာ နှမ်းနီ တစ်တင်းလျှင် ကျပ် ၃၁၆၀၀၊ ရိုးရိုးနှမ်း နက် တစ်တင်းလျှင် ကျပ် ၄၁၆၀၀ နှင့် စမုံနက်နှမ်း တစ်တင်းလျှင် ကျပ် ၆၁၀၀၀ ဖြင့် ဈေးဖြစ်ခဲ့တာ တွေ့ရပါတယ်။

**ဝေဝေမင်း**

## စားအုန်းဆီ

# ထုတ်လုပ်မှုကျဆင်းမည်ဖြစ်သည့်အတွက် စားအုန်းဆီဈေးနှုန်း နှစ်ရက်ဆက်တိုက်မြင့်တက်

မလေးရှားစားအုန်းဆီ ကြိုရောင်းဈေးက နိုဝင်ဘာ ၃ရက်ညနေက ဒုတိယမြောက်နေ့အဖြစ် ဆက်လက် မြင့်တက်ခဲ့သည်။ ပြိုင်ဖက် ဟင်းရွက်ဆီဖြစ်သော ပဲပုပ်ဆီဈေး ကျဆင်းနေသော်လည်း စားအုန်းဆီ ထုတ်လုပ်မှု ကျဆင်းမည့် လက္ခဏာများကို တွေ့မြင်ရပြီးနောက်ပိုင်း ဈေးနှုန်းများ ယခုကဲ့သို့ မြင့်တက်ခဲ့ခြင်း ဖြစ်သည်။



ဘာဆာမလေးရှား ကုန်စည်ဒိုင်မှာ ဇန်နဝါရီအတွက် ချုပ်ဆိုသော ကြိုရောင်းစာချုပ်တွင် သတ်မှတ်သော အခြေခံစံထား ဈေးနှုန်းမှာ နိုဝင်ဘာ ၃ရက် ညနေပိုင်းက သုညဒသမ ၆ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၇၇၄ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၆၃) နှုန်း ရှိခဲ့ပါသည်။

ပဲပုပ်ဆီဈေး ကျဆင်းမှုနှင့် မလေးရှားရင်းဂစ် တန်ဖိုးမြင့်တက်မှုကြောင့် စားအုန်းဆီဈေးသည် နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ကျဆင်းခဲ့ပြီးမှ ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။ နိုဝင်ဘာ ၃ရက်က ရင်းဂစ်တန်ဖိုးသည် သုညဒသမ ၀၂ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ စားအုန်းဆီ ဈေးနှုန်းကို ရင်းဂစ်ဖြင့် သတ်မှတ်ရောင်းချရာ ရင်းဂစ်တန်ဖိုး မြင့်တက်လာပါက အခြားနိုင်ငံခြား ငွေဖြင့် လဲလှယ်၍ ဝယ်ယူရသော ကုန်သည်များအတွက် စားအုန်းဆီဈေးက မြင့်တက်သွားလေ့ရှိသည်။

"ထုတ်လုပ်မှု ကျဆင်းမှာကို စိုးရိမ်မှုတွေ ရှိနေပြီး ရာသီဥတု အခြေအနေကလည်း အရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိနေပါတယ်" ဟု ကွာလာလမ်ပူ အခြေစိုက်ကုန်သည် တစ်ဦးက နှစ်အကုန် မုတ်သုံမိုးကြောင့် စားအုန်းဆီ အထွက်ကျမည်ကို ရည်ညွှန်းပြီး ပြောသည်။

ထုတ်လုပ်မှု ကျဆင်းသည့်အတွက် မလေးရှားနိုင်ငံ၏ စားအုန်းဆီ သိုလှောင်လက်ကျန်ကို ကျဆင်းစေနိုင်ပြီး အခြေခံ စံထားဈေးနှုန်း မြင့်တက်လာစေရန် အထောက်အကူဖြစ်စေနိုင်သည်။ အောက်တိုဘာအတွက် ကိန်းဂဏန်းများကို မလေးရှား စားအုန်းဆီဘုတ်အဖွဲ့က နိုဝင်ဘာ ၁၀ရက်တွင် ထုတ်ပြန်မည်ဖြစ်သည်။သယ်ယူပို့ဆောင်ရေးနှင့် စက်မှုကဏ္ဍတွင် အသုံးပြုသော ဇီဝဒီဇယ်ဆီ၏ အချိုးအစားတွင် စားအုန်းဆီပါဝင်မှု အချိုးအစားကို ဒီဇင်ဘာ ၁ရက်မှ စတင်၍ တိုးမြှင့်သတ်မှတ်လိုက်သည့်အတွက် စားအုန်းဆီ ဝယ်လိုအား မြင့်တက်လာနိုင်သဖြင့် စားအုန်းဆီဈေးနှုန်းမြင့်တက်စေရန် အထောက်အကူ ဖြစ်ခဲ့သည်။

သယ်ယူပို့ဆောင်ရေး ကဏ္ဍတွင်အသုံးပြုသော ဇီဝဒီဇယ်ဆီ၌ ဇီဝဆီအနိမ့်ဆုံး ၁၀ရာခိုင်နှုန်း ပါဝင်ရန် သတ်မှတ်သော B10 Programme ကို ဂျိုဟိုးပြည်နယ်မှစပြီး တစ်ဆင့်ပြီးတစ်ဆင့်တိုးတက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း မလေးရှားစားအုန်းဆီဘုတ်အဖွဲ့က ကြေညာချက် ထုတ်ပြန်ထားသည်။

စက်မှုကဏ္ဍအတွက် ဆောင်ရွက်မည့် B7 Programme ကိုလည်း ဒီဇင်ဘာ ၁ ရက်နေ့မှာပင် စတင်ပြီး တစ်နိုင်ငံလုံး အကောင် အထည် ဖော်သွားမည်။ B10 Programme ကို အပြည့်အဝ အကောင်အထည် ဖော်နိုင်မည်ဆိုပါက တစ်နှစ်ကို စားအုန်း ဆီ တန်ချိန် ခုနစ်သိန်းခွဲ အသုံးပြုရမည်ဖြစ်ကြောင်း မလေးရှား ခြံကျယ်စိုက်ပျိုးရေးနှင့် ကုန်စည် ရေးရာဝန်ကြီးက ယခုနှစ်နှစ်ဆန်းပိုင်းက ပြောသည်။

အခြားဟင်းရွက်ဆီ ဈေးကွက်များဖြစ်သော တရုတ်နိုင်ငံ ဒါလီယံကုန်စည်ဒိုင်တွင် ဇန်နဝါရီအတွက် ပဲပုပ်ဆီဈေးမှာသုညဒသမ ၃ခိုင်နှုန်း ကျဆင်းပြီး၊ အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်ရေး ဘုတ်အဖွဲ့တွင် ဒီဇင်ဘာအတွက် ပဲပုပ်ဆီ ကြိုရောင်းဈေးမှာ သုညဒသမ ၃ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၄-၁၁-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| ရန်ကုန် | ၄၃၀၀ | ၄၃၀၀ | □ | ၃၃၀၀ | ၃၃၀၀ | □ | ၁၇၄၀ | ၁၆၉၅ | ▽ |
| မန္တလေး | ၃၂၀၀ | ၃၂၀၀ | □ | ၃၀၀၀ | ၃၀၀၀ | □ | ၁၈၂၀ | ၁၈၀၀ | ▽ |
| ပဲခူး | ၃၈၀၀ | ၃၈၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၃၆၀၀ | ၃၇၀၀ | △ | ၃၃၀၀ | ၃၃၀၀ | □ | ၁၉၀၀ | ၁၈၅၀ | ▽ |
| မုံရွာ | ၃၂၀၀ | ၃၂၀၀ | □ | ၃၁၀၀ | ၃၁၀၀ | □ | ၁၈၇၀ | ၁၈၃၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt*




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၄-၁၁-၂၀၁၆ **US$/Ton**

| အမျိုးအစား | အောက်တိုဘာစတုတ္ထပတ် | နိုဝင်ဘာပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၆၇၃.၅၀ | ၆၈၄.၅၀ | △ |
| **RBD P.Olein** | ၆၉၀.၀၀ | ၆၉၁.၀၀ | △ |
| **RBD P.Strarin** | ၆၇၈.၀၀ | ၆၉၅.၅၀ | △ |

*Source: econ.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၄- ၁၁ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၆၄.၂၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၉၁ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၀၂ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၄၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၅.၅၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၄၂.၆၁ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၁၄.၇၆၄ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၄-၁၁-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8˚C Max ၇၄၅ ဒေါ်လာနှင့် USD ဈေး ၁၂၈၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၄-၁၁-၂၀၁၆ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၂၈၅ ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

ဆန်စပါးသည် မြန်မာနိုင်ငံအတွက် အရေးကြီးသော သီးနှံဖြစ်သလို အဓိကစိုက်ပျိုးသော သီးနှံလည်းဖြစ်ပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းများတွင် ဆန်စပါးသည် နိုင်ငံ၏ အရေးအကြီးဆုံး စိုက်ပျိုးရေး ထုတ်ကုန်တစ်ခုဖြစ်ပါတယ်။ နိုင်ငံသားတို့၏ အဓိက အစားအစာ (Staple Food) ဖြစ်သည့်အပြင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သက်ဆိုင်နေခြင်းကြောင့် ဆန်စပါးကို နိုင်ငံရေးသီးနှံ (Political Crop) ဟုလည်း ခေါ်ဆိုပါတယ်။

မြန်မာ့ဆန်စပါးဈေးကွက်ကို ပြန်လည်သုံးသပ်ရာတွင် ၂၀၀၃ ခုနှစ်အထိ နိုင်ငံပိုင်အဖွဲ့အစည်း ဖြစ်သည့် (မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး) ကိုသာ တင်ပို့ခွင့်ပြုခဲ့သည်ကို တွေ့ရှိရပါတယ်။ ၂၀၀၃ ခုနှစ် နောက်ပိုင်းမှာ ဆန်စပါးမူဝါဒချမှတ်ခဲ့ပြီးနောက် ဆန်စပါးအထူးပြု ကုမ္ပဏီများကို ၂၀၀၈ ခုနှစ် မတိုင်မီကာလအထိ ပြည်ပဈေးကွက်သို့ ဆန်တင်ပို့ရောင်းချခွင့်ပြုခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အခြားပုဂ္ဂလိကကုမ္ပဏီများကိုပါ ခွဲတမ်းစနစ်နဲ့ တင်ပို့ခွင့်ပြုခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် နောက်ပိုင်းမှာတော့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသတို့မှ နိုင်ငံခြားငွေရှိသည့် မည်သည့်ကုမ္ပဏီမဆို တင်ပို့ခွင့်ပြုခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၂၀၀၃ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ဆန်ပြည်ပတင်ပို့ရာမှာ အဓိကအားဖြင့် ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ အာဆီယံနှင့် အာဖရိက ဈေးကွက်များသို့ အများဆုံးတင်ပို့ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် နောက်ပိုင်းမှာ ရုရှားနဲ့ အရှေ့အလယ်ပိုင်းဈေးကွက်များသို့ ထပ်မံတိုးချဲ့ တင်ပို့လာနိုင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်မှာ နယ်စပ်ဒေသမှ တင်ပို့ရာမှာ တရုတ် နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ပြီး ဥရောပသမဂ္ဂ (အီးယူ) က ၂၀၁၂ ခုနှစ်မှာ စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းခဲ့ပြီးနောက်ပိုင်း ဥရောပဈေးကွက် သို့ပါ ပင်လယ်ရေကြောင်းမှ တင်ပို့နိုင်ခဲ့ပါတယ်။

**မြန်မာနိုင်ငံ၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (ဩဂုတ်လအထိ) ဆန်နှင့်ဆန်ကွဲတင်ပို့မှုအခြေအနေ**

တန်ဖိုး- အမေရိကန်ဒေါ်လာသန်း

အရေအတွက် - ကိန်းပြည့်

| ဘဏ္ဍာနှစ် | အမျိုးအစား | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် (မက်တန်) | တန်ဖိုး ဒေါ်လာ | တန်ချိန် (မက်တန်) | တန်ဖိုး | တန်ချိန် (မက်တန်) | တန်ဖိုး |
| ၂၀၁၁-၂၀၁၂ | ဆန် | ၆၅၆၆၈၆ | ၂၅၁.၉၆၉ | ၁၂၉၆၈၂ | ၅၄.၅၄၀ | ၇၈၆၃၆၈ | ၃၀၆.၅၀၉ |
| | ဆန်ကွဲ | ၅၀၄၀၀ | ၁၅.၁၀၅ | ၇၄၃၃ | ၂.၉၂၆ | ၅၇၈၃၃ | ၁၈.၁၁၁ |
| ၂၀၁၂-၂၀၁၃ | ဆန် | ၅၇၆၇၉၈ | ၂၀၂.၈၄၃ | ၇၃၉၈၈၅ | ၃၁၄.၉၅၀ | ၁၃၁၆၆၈၂ | ၅၁၇.၇၉၃ |
| | ဆန်ကွဲ | ၃၂၀၂၇ | ၉.၈၃၆ | ၇၄၉၉၂ | ၂၃.၂၅၂ | ၁၀၇၀၁၉ | ၃၃.၀၈၈ |
| ၂၀၁၃-၂၀၁၄ | ဆန် | ၃၀၁၇၇၆ | ၁၀၆.၇၉၁ | ၇၁၃၉၄၈ | ၂၇၉.၀၂၂ | ၁၀၁၅၇၂၄ | ၃၈၅.၈၁၃ |
| | ဆန်ကွဲ | ၈၉၀၄၂ | ၂၇.၀၄၂ | ၁၅၇၈၅၁ | ၅၂.၀၀၇ | ၂၄၆၈၉၃ | ၇၉.၀၄၉ |
| ၂၀၁၄-၂၀၁၅ | ဆန် | ၂၇၉၂၄၇ | ၁၀၁.၇၈၇ | ၁၁၃၇၆၃၃ | ၄၃၀.၆၅၁ | ၁၄၂၆၈၈၀ | ၅၃၂.၄၃၈ |
| | ဆန်ကွဲ | ၁၇၁၈၇၇ | ၄၉.၀၁၀ | ၂၄၁၈၃၀ | ၇၉.၃၂၁ | ၄၁၃၇၀၇ | ၁၂၈.၃၃၁ |
| ၂၀၁၅-၂၀၁၆ | ဆန် | ၁၉၇၃၅၁ | ၆၉.၁၁၂ | ၉၃၂၇၇၃ | ၃၆၅.၂၀၄ | ၁၁၃၀၂၂၄ | ၄၁၄.၃၁၆ |
| | ဆန်ကွဲ | ၁၂၁၆၃ | ၃၂.၉၄၆ | ၂၄၁၈၅၇ | ၇၈.၇၅၀ | ၃၆၃၀၂၀ | ၁၁၁.၆၉၆ |
| ၂၀၁၆-၂၀၁၇ (ဩဂုတ်လအထိ) | ဆန် | ၈၀၅၄၇ | ၂၆.၈၈၉ | ၂၇၁၂၄၆ | ၉၉.၄၉၁ | ၃၅၁၇၉၃ | ၁၂၆.၃၈၀ |
| | ဆန်ကွဲ | ၇၅၉၄၂ | ၂၀.၈၇၀ | ၄၃၆၆၅ | ၁၄.၂၁၇ | ၁၁၉၆၀၇ | ၃၅.၀၈၇ |

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စိုက်ဧရိယာ (ဟက်တာ) ၇ ဒသမ ၂၁ သန်း ရှိပြီး အထွက်နှုန်းမှာ ၃ ဒသမ ၉၁ မက်ထရစ်တန်ထွက်ရှိသဖြင့် စုစုပေါင်းထွက်ရှိမှုမှာ မက်ထရစ်တန် ၁၂ ဒသမ ၂၀ သန်း ခန့်ထွက်ရှိကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အောက်တိုဘာလအထိ စိုက်ဧရိယာ (ဟက်တာ) မှာ ၇ ဒသမ ၅၂ သန်းဖြစ်ပြီး လက်ရှိကာလမှာ မိုးစပါး စတင်ထွက်ရှိနေပြီဖြစ်ကြောင်း သိရှိရပါတယ်။

အာဆီယံအဖွဲ့ဝင် ဗီယက်နမ်နိုင်ငံရဲ့ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှုအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် စိုက်ဧရိယာ (ဟက်တာ) မှာ ၇ ဒသမ ၆၇ သန်းဖြစ်ပြီး အထွက်နှုန်းမှာ ၅ ဒသမ ၇၂ မက်ထရစ်တန်ရှိသဖြင့် စုစုပေါင်းထွက်ရှိမှုမှာ မက်ထရစ်တန် ၂၈ ဒသမ ၁၇ သန်းထွက်ရှိကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ



# jrefmbefpyg;aps;uGuf tvm;tvmESifh peác

|DOT (Export)|

အထိစိုက်ဧရိယာ(ဟက်တာ) မှာ ၇ ဒသမ ၆၉ သန်းဖြစ်ပြီး အထွက်နှုန်းမှာ ၅ ဒသမ ၇၈ မက်ထရစ်တန်ရှိသဖြင့် စုစုပေါင်းထွက်ရှိမှုမှာ ၂၇ ဒသမ ၄၆ သန်းဖြစ်ကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံထက် စိုက်ဧရိယာ များစွာကွာခြားမှုမရှိသော ဗီယက်နမ်နိုင်ငံ၏ ကြိတ်ခွဲပြီး ဆန်ထွက်ရှိမှု ပမာဏသည် မြန်မာနိုင်ငံ ဆန်ထွက်ရှိမှုထက် နှစ်ဆကျော်ခန့် ပိုမိုများပြားနေကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတွင် ကြိတ်ခွဲပြီးဆန်ထွက်ရှိမှု ဆန်တန်ချိန် ၁၂ ခန့်မှ ပြည်ပတင်ပို့မှုမှာ ဆန်နှင့် ဆန်ကွဲတင်ပို့မှု ပမာဏ ပေါင်းပါက ခန့်မှန်း ၁ ဒသမ ၅ သန်းခန့်သာရှိသဖြင့် ထွက်ရှိမှု ပမာဏ၏ ၁၂ ဒသမ ၅ ရာခိုင်နှုန်းသာ ပြည်ပဈေးကွက်သို့ ရောက်ရှိ ကြောင်း၊ ပြည်တွင်း စားသုံးသူဈေးကွက်သည် အကြီးမားဆုံး ဈေးကွက် ဖြစ်နေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆန်စပါးကို ပြည်တွင်း ဈေးကွက်သို့ ပိုမိုတင်ပို့ရန်အတွက် အထွက်နှုန်းတိုးအောင် ပိုမို ဆောင်ရွက်သင့်ကြောင်း တွေ့ရှိရပါတယ်။

ပြည်တွင်း ဆန်စပါးဈေးကွက်အခြေအနေကို ကြည့်ပါက ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်တွင် နှစ်နှစ် ဆက်တိုက် ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးထုတ်လုပ်မှု လျော့ကျခဲ့သည့်အပြင် လယ်ယာလုပ်သား ရှားပါးခြင်း၊ သွင်းအားစုများဖြစ်သော မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းများကြီးမြင့်ခြင်းတို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် မြင့်တက်လာတဲ့အတွက် ပြည်တွင်းစပါး ဈေးနှုန်းအပါအဝင် ဆန် ဈေးနှုန်းတွေလည်း မြင့်တက်လာခဲ့ပါတယ်။ ဖော်ပြပါ ဘဏ္ဍာနှစ်အလိုက် ဆန်တင်ပို့မှု ကိန်းဂဏန်းများအရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဆန်တင်ပို့မှုမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပါက ၂၉၆၆၅၆ မက်ထရစ်တန်လျော့နည်းပြီး၊ ဆန်ကွဲတင်ပို့မှုမှာလည်း ၅၀၆၈၇ မက်ထရစ်တန်လျော့နည်းခဲ့ကြောင်း တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပြည်ပသို့ ဆန်တင်ပို့ရာမှာ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံသို့သာ အဓိကထားပြီး တင်ပို့ခဲ့တာ ဖြစ်ပါတယ်။ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာမှာ ခွဲတမ်းရရှိတဲ့ ပမာဏကိုသာတရားဝင်တင်ပို့ရပြီး မိမိဘက်မှ တရားဝင် တင်ပို့နေသော်လည်း တစ်ဖက်တရုတ်နိုင်ငံမှာတော့ တရားမဝင် သွားလာနေရတာ ဖြစ်ပါတယ်။ မူဆယ် ဈေးကွက်မှ တရုတ်နိုင်ငံသို့ တင်ပို့ရတဲ့အကြောင်းမှာ တရုတ်နိုင်ငံ သည် ဆန်အမျိုးအစား အရည်အသွေး မရွေးဝယ်ယူခြင်း၊ ဝယ်ယူရာမှာလည်း ကမ္ဘာ့ဈေးကွက်ပေါက်ဈေးထက် ဈေးပိုမိုရခြင်းကြောင့် အခြားနိုင်ငံများသို့ တင်ပို့တာထက်စာရင် ပိုမိုတွက်ခြေကိုက်ခြင်းကြောင့် တရုတ်ဈေးကွက်သို့ အဓိကထားတင်ပို့နေတာဖြစ်ပါတယ်။

တရုတ်နိုင်ငံဘက်မှာ ဇွန်လဆန်းကစပြီး တရားမဝင် ကုန်သွယ်မှု တားဆီးရေးစီမံချက်ဖြင့် ဖမ်းဆီးမှုများ မကြာခဏ ပြုလုပ်ခြင်း၊ တရုတ်ယွမ်ငွေတန်ဖိုး ကျဆင်းခြင်း၊ ရွှေလီမြစ်ရေကြီးခြင်း များကြောင့် ကုန်သည်များအနေနဲ့ ဆန်တင်ပို့ရာမှာ အခက်အခဲများဖြစ်ခဲ့ပါတယ်။ ဖမ်းဆီးမှု ကာလကြာရှည်၍ မူဆယ်ဈေးကွက်မှ ဆန်တင်ပို့မှု လျော့နည်းသွားခြင်းကြောင့် ကုန်သည်များလက်ဝယ်တွင် ဆန်ဟောင်းလက်ကျန် အများအပြား ကျန်ရှိနေကြောင်း သိရှိရပါတယ်။

ယခုအခါ တိုင်းဒေသကြီးအချို့တွင် ၂၀၁၆-၂၀၁၇ ခုနှစ် ကောက်စောစပါးများစတင်ထွက် ပေါ်နေပြီဖြစ်ရာ စပါးဈေးနှုန်း များကျဆင်းနေပြီး ထုတ်လုပ်မှု ကုန်ကျစရိတ်သာသာရရှိသည့် အနေအထားမှာရှိနေကြောင်း သိရှိရပါတယ်။ စပါးရိတ်သိမ်းကာလသည် ယခင်ကဲ့သို့မဟုတ်ဘဲ လုပ်သားရှားပါးမှုပြဿနာအပေါ် အခြေခံပြီး စက်မှုဘက်သို့ ပြောင်းလာသဖြင့် ရိတ်သိမ်းချိန်သည် ယခင်ကကဲ့သို့ နှစ်လကျော်မကြာဘဲ အလွန်တိုတောင်းကြောင်း၊ ဤကာလအတွင်း မိုးမပြတ်သဖြင့် တောင်သူများ၏ စက်ခြွေစပါးများသည် အစိုဓာတ်မြင့်ပြီး ဈေးလျော့နည်းရခြင်းဖြစ်ကြောင်း၊ ရေရှည်တွင် စပါးဈေးဆက်လက်ကျဆင်းပါက တောင်သူများ အခက်အခဲဖြစ်နိုင်ကြောင်း သိရှိရပါတယ်။

မြန်မာနိုင်ငံ၏ စပါးဈေးနှုန်းကျဆင်းမှု၊ ဆန်ရောင်းအားကျဆင်းမှု အခြေအနေနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ လက်ရှိဆန်စပါး ဈေးနှုန်းဈေးကွက်အခြေအနေ၊ ကမ္ဘာ့ဆန်စပါးဈေးကွက်နှင့် မြန်မာ့ဆန်စပါးရောင်းဝယ်မှု အလားအလာများနှင့် ပတ်သက်၍ အောက်တိုဘာလ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီးရုံးမှာ ဆွေးနွေးခဲ့ကြပါတယ်။ အဆိုပါ ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ဦးဆောင်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက် လုပ်ငန်းရှင်များအသင်း၊ မူဆယ်ကုန်သည်အသင်းတို့မှ ပုဂ္ဂိုလ်များ၊ လုပ်ငန်းရှင်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးမှာ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြပြီး အဓိကအားဖြင့် ပြည်တွင်းစပါးဈေးကျဆင်းမှုကို ချက်ချင်း ကုစားနိုင်ရန်အတွက် စပါးကို ကြိတ်ခွဲခြင်းမပြုဘဲ စပါးအတိုင်းသာ အချိန်အကန့်အသတ်နဲ့ ပြည်ပတင်ပို့နိုင်ရေးကိုလည်း ဆွေးနွေး ညှိနှိုင်းခဲ့ကြတယ်လို့ သိရှိရပါတယ်။

၂၀၁၂ ခုနှစ်အတွင်းက ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယောင်းမြို့နယ်မှ စိုက်ပျိုးထွက်ရှိသည့် ဒေသစားသုံးမှုမှ ပိုလျှံသည့် ကောက်ညှင်းစပါးများကို နိုင်ငံတော်၏ လမ်းညွှန်မှုကိုခံယူပြီး ရှမ်းပြည်နယ်

စာမျက်နှာ ၁၇ သို့ ➢

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# လာမည့်လေးနှစ်တွင် ပဲအထွက်နှုန်းတိုးတက်လာစေရန်နှင့် ဆီထွက်သီးနှံအထွက်နှုန်း တိုးအောင်ဆောင်ရွက်ရန် အိန္ဒိယအစိုးရ မျှော်မှန်း

အိန္ဒိယနိုင်ငံသည် ပြည်တွင်းလိုအပ်ချက် ပြည့်မီနိုင်ရန်အတွက် ပြီးခဲ့သည့် ဘဏ္ဍာနှစ်က စားသုံးဆီတန်ဖိုး ရူပီး ၆၉၇၁၇ ကုဋေနှင့်ပဲမျိုးစုံ ရူပီးကုဋေ ၁၈၀၀၀ ဖိုးတို့ကို ပြည်ပမှ တင်သွင်းခဲ့ရကြောင်း၊ အိန္ဒိယအစိုးရသည် နိုင်ငံအတွင်း ပဲစိုက်ပျိုးရာ၌ စပ်မျိုးစေ့များနှင့် အထွက်နှုန်းကောင်းမွန်မြင့်မားသည့် မျိုးစေ့များကို အသုံးပြုခြင်းအားဖြင့် ၂၀၂၀-၂၀၂၁ တွင် ပဲအထွက်နှုန်း ၅၀ ရာခိုင်နှုန်းအထိ တိုးတက်လာအောင် ဆောင်ရွက်ရန် မျှော်မှန်းထားကြောင်း၊ ပြီးခဲ့သည့်နှစ်က ပဲထုတ်လုပ်မှုတန်ချိန် ၁၆ ဒသမ ၄၇ သန်းသာရှိခဲ့ရာ၊ ၂၀၁၆-၂၀၁၇ တွင်တန်ချိန် သန်း ၂၀၊ ၂၀၁၇-၂၀၁၈ တွင် တန်ချိန် ၂၁ သန်းနှင့် ၂၀၂၀- ၂၀၂၁ တွင် တန်ချိန် ၂၄ သန်း ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်း၊ ပြည်တွင်းပဲလိုအပ်ချက် ပြည့်မီလာစေရေးအတွက် စိုက်ပျိုးရေးဝန်ကြီးဌာနသည် အိန္ဒိယစိုက်ပျိုးရေးသုတေသနကောင်စီ (Indian Council of Agricultural Research) နှင့် ပူးပေါင်းကာ သီးနှံအထွက်နှုန်း မြင့်မားလာစေရေးနှင့် စိုက်ပျိုးမြေဧရိယာ တိုးချဲ့ခြင်းတို့မှတစ်ဆင့် ထုတ်လုပ်မှုပမာဏ တိုးတက်လာစေရေး နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး ဝန်ကြီးဌာန ဝန်ကြီးရာဒါမိုဟန်ဆင်းက ပြောကြားကြောင်း သိရပါသည်။

အိန္ဒိယနိုင်ငံ၏ ဆီထွက်သီးနှံကဏ္ဍတွင်လည်း သီးနှံအထွက်နှုန်းမှာ နှစ်စဉ် ၂ ဒသမ ၂ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သော်လည်း စားသုံးဆီ သုံးစွဲမှုပမာဏ တိုးတက်မှုနှုန်းမှာ ၄ ဒသမ ၃ ရာခိုင်နှုန်းရှိနေကြောင်း၊ သို့ဖြစ်၍ အိန္ဒိယနိုင်ငံအနေဖြင့် ပြည်တွင်း စားသုံးဆီလိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းကျော်ကို ပြည်ပမှ တင်သွင်းနေရကြောင်း၊ ပြီးခဲ့သည့်နှစ်က ပြည်တွင်းလိုအပ်ချက်ပြည့်မီနိုင်ရန် အတွက် ပြည်ပမှရူပီး ၆၉၇၁၇ ကုဋေဖိုးအထိ တင်သွင်းခဲ့ရကြောင်း၊ ၂၀၂၀ ပြည့်နှင့် ၂၀၂၅ ခုနှစ်များ၌ နိုင်ငံ၏ဟင်းသီးဟင်းရွက်ဆီ နှစ်စဉ်လိုအပ်ချက် ပမာဏကို ပြည့်မီနိုင်ရန် ဆီထွက်သီးနှံထုတ်လုပ်မှု ပမာဏအား မက်ထရစ်တန်ချိန် ၈၆ ဒသမ ၈၄ သန်းနှင့် ၉၃ ဒသမ ၁၂ သန်းအသီးသီး ထုတ်လုပ်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်တွင်းစားသုံးဆီ လိုအပ်ချက် ပြည့်မီနိုင်ရန်အတွက် ဆီထွက်သီးနှံအထွက်နှုန်း တိုးတက်လာစေရေး ICAR မှ နည်းပညာအကူအညီ သာမက အဖွဲ့အစည်းဆိုင်ရာနှင့် မူဝါဒဆိုင်ရာ အထောက်အပံ့များကိုပါ လိုအပ်နိုင်ကြောင်း၊ ICAR သည် ၎င်းအခြေပြုထားသည့် သုတေသနအဖွဲ့အစည်းများတွင် ဆီထွက်သီးနှံကိုးမျိုးအတွက် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆီထွက်သီးနှံများနှင့်စပ်လျဉ်း၍ နည်းပညာဆိုင်ရာ စမ်းသပ်မှုတစ်ရပ် ပြုလုပ်အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်း တိုးတက်လာစေရေးအတွက် စိုက်ပျိုးရမည့် အထွက်နှုန်းကောင်းမွန်သည့် မျိုးစေ့များနှင့်စပ်မျိုးများကို တောင်သူလယ်သမားများထံသို့ အသိပေး အကြောင်းကြားထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ဆီထွက်သီးနှံကိုးမျိုးအတွက် စမ်းသပ်ဖော်ဆောင်ထားသော အဆိုပါ နည်းပညာများကို အသုံးပြုစိုက်ပျိုးခြင်းအားဖြင့် ဆီထွက်သီးနှံအထွက်နှုန်းများ တိုးတက်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း Singh က ထည့်သွင်းပြောကြားထားခဲ့သည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ဈေးကွက်ဈေးနှုန်းများ တည်ငြိမ်စေရန်အတွက် တောင်ကိုရီးယားနိုင်ငံအတွင်း ပိုလျှံနေသည့် ဆန်များကို အစိုးရက ပြန်လည် ဝယ်ယူမည်

တောင်ကိုရီးယားနိုင်ငံအစိုးရအနေဖြင့် ကာလကြာရှည်စွာ ပိုလျှံနေသည့် အဓိကအစားအစာတစ်ခုဖြစ်သည့် ဆန်များအားလုံးကို ဝယ်ယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယခုနှစ်တွင် ခန့်မှန်းဆန် တန်ချိန် ၄ ဒသမ ၂ သန်း ပိုလျှံနိုင်သည်ဟု သုံးသပ်ထားရာ လိုအပ်ချက်ဖြစ်သည့် တန်ချိန် ၃ ဒသမ ၉ သန်းထက် ကျော်လွန်သွားမည်ဖြစ်သောကြောင့် စားသုံးမှုထက် ဆန်တန်ချိန်စုစုပေါင်း သုံးသိန်းခန့် ပိုလျှံနိုင်ကြောင်း စိုက်ပျိုးရေး၊ အစားအစာနှင့် ကျေးလက်ရေးရာ ဝန်ကြီးဌာနက ခန့်မှန်းခဲ့သည်။ အစိုးရအနေဖြင့် ယခုနှစ်ကုန်မတိုင်မီ ဈေးကွက်အတွင်းမှ စုစုပေါင်းဆန်ပိုလျှံမှုကို ထိန်းထားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပိုလျှံဆန်များ ဝယ်ယူမည့်ပမာဏကို လာမည့်နိုဝင်ဘာလတွင် အစိုးရက အတည်ပြုထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

တောင်ကိုရီးယားလူဦးရေ၏ နှစ်စဉ်ဆန်စားသုံးမှုသည် နိုင်ငံအတွင်း စားသုံးမှုအလေ့အထများ ပြောင်းလဲလာမှုနှင့် စားသောက်မှုပုံစံများ ပြောင်းလဲလာမှုတို့ကြောင့် ဆယ်စုနှစ်တစ်စုကြာကာလအတွင်း သိသာထင်ရှားစွာ ကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။ ၂၀၁၅ ခုနှစ်တွင် တစ်ဦးချင်းဆန်စားသုံးမှုသည် ၆၂ ဒသမ ၉ ကီလိုဂရမ်ရှိခဲ့ရာ ၁၉၈၅ ခုနှစ်က ရှိခဲ့သောတစ်ဦးချင်းစားသုံးမှု ၁၂၈ ဒသမ ၁ ကီလိုဂရမ်နှင့် နှိုင်းယှဉ်ပါက စားသုံးမှုထက်ဝက်ခန့်ကျဆင်းခဲ့ကြောင်း ကိုရီးယားစာရင်းအင်းအဖွဲ့က ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရှိရသည်။

ဆန်ထုတ်လုပ်မှုလုပ်ငန်းများမှ ဩဂုတ်တွင်ဆန်တန်ချိန် ၁ ဒသမ ၇၅ သန်းထုတ်လုပ်နိုင်ခဲ့ပြီး စပါးစိုက်တောင်သူများကို ထောက်ပံ့မှုများ ပြုလုပ်ပေးနိုင်ရန်နှင့် ပိုလျှံဆန်များကို ဝယ်ယူခြင်းအတွက် နှစ်ပေါင်း ၂၀ ကာလအတွင်း ဝမ် ၁၆၅၀၀၀ ခန့်သာ အသုံးပြုခဲ့ရာမှ ယခုအခါ အစိုးရအနေဖြင့် ဆန်ဈေးနှုန်းကို ထိန်းညှိထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဝမ် သုံးထရီလီယံထက် ပိုမိုအသုံးပြုသွားမည်ဖြစ်သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တရုတ်၌ ကျောက်မီးသွေးနှင့် သံမဏိစက်ရုံများ၏ ပိုလျှံထုတ်လုပ်မှုကို လျှော့ချမည်

တရုတ်နိုင်ငံ၌ လက်ရှိကြုံတွေ့နေရသည့် အကြီးစားစက်မှုလုပ်ငန်း များအထူးသဖြင့် သံမဏိနှင့်ကျောက် မီးသွေးစက်ရုံများ၏ ထုတ်လုပ်နိုင်စွမ်း ပိုလျှံနေမှုကို လာမည့်နိုဝင်ဘာလကုန် ၌ သတ်မှတ်တန်ချိန်အတိုင်း လျှော့ချနိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် ယင်း ရည်မှန်းချက်ပြည့်မီရန်အတွက် ကြီးကြပ်စစ်ဆေးမှုလုပ်ငန်းများအား ယခု ထက်ပို၍ အားစိုက်ဆောင်ရွက်ကြရန် အမျိုးသားဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် (National Development and Reform Commission (NDRC)) က တိုက် တွန်းပြောကြားလိုက်ပါသည်။

ပုဂ္ဂလိကစက်ရုံများတွင် ထိုကဏ္ဍနှစ်ခုလုံး၏ ယခုနှစ်ကုန်တွင် လျှော့ချရမည့် ရည်မှန်းချက်၏ ၈၀ ရာခိုင်နှုန်းကို စက်တင်ဘာလကုန်က ရောက်ရှိခဲ့ကြောင်း၊ အချို့သော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၌ ထုတ်လုပ်မှု လျှော့ချရမည့် နှစ်ကုန်ရည်မှန်းချက် မှာပြည့်မီခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားပါသည်။ ယခုနှစ်ကုန်တွင် ကျောက်မီးသွေး မက်ထရစ်တန် ၂၈၀ နှင့် သံမဏိ ၄၅ မက်ထရစ်တန် ထုတ်လုပ်မှုလျှော့ချမည်ဟု သိရှိရပါသည်။

ယခုအောက်တိုဘာလဆန်းပိုင်း ၌ နိုင်ငံတော်ကောင်စီမှ စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစေလွှတ်၍ ရည် မှန်းချက်အောင်မြင်အောင် ဆောင်ရွက်နေကြောင်း သို့သော်ဝယ်လိုအားထက် ထုတ်လုပ်မှုပိုလျှံနေခြင်းကို သိသိသာသာလျှော့ချနိုင်ရန် လိုအပ်နေသေး ကြောင်း သိရှိရပါသည်။

၂၀၂၀ ခုနှစ်၌ ကမ္ဘာ့ကျောက်မီး သွေးဝယ်လိုအား တန်ချိန် ၄ ဒသမ ၁ ဘီလီယံရှိမည်ဟု ခန့်မှန်းထားပြီး ထုတ်လုပ်မှုလျှော့ချနေသော်လည်း တန်ချိန် ၄ ဒသမ ၆ ဘီလီယံအထိရှိနိုင်ကြောင်း ဖော်ပြထားပါသည်။ လတ်တလော ၌ ကျောက်မီးသွေးနှင့် သံမဏိဈေးနှုန်းများ ကျဆင်းနေခြင်းသည်လည်း အခက်အခဲတစ်ခုဖြစ်နေပြီး အစိုးရအနေဖြင့် ယခုကဲ့သို့ကာလတို ရည်မှန်းချက်ထားရှိကာ ဆောင်ရွက်နေခြင်းထက် ဈေးကွက်အခြေခံဆုံးဖြတ်စေသည့် နည်းလမ်း (Market-based Approach) ကိုလည်း စဉ်းစားသင့်ကြောင်း National Resource Defense Council ကသုံးသပ်ပြောကြားထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# နိုင်ငံ၏ စီးပွားရေးနှင့်ပတ်သက်၍ တောင်ကိုရီးယားအစိုးရက စိုးရိမ်ပူပန်လျက်ရှိ

တောင်ကိုရီးယားနိုင်ငံ၏ ပြည်တွင်းစီးပွားရေးသည် စိုးရိမ်ပူပန်ဖွယ်ရာ အခြေအနေများနှင့် ရင်ဆိုင်နေရပြီး အခြားသော ပြည်တွင်းပြည်ပ သက်ရောက်မှုများလည်းရှိနေသည်ဟု လေ့လာသုံးသပ်သူများက ဝေဖန်ကြသည်။ အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်၏ အတိုးနှုန်းမြင့်မားလာခြင်းနှင့် ကိုရီးယားနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွဲ့စည်း တည်ဆောက်ခြင်း အစရှိသည့် ပြည်တွင်းဈေးကွက်နှင့် နိုင်ငံခြား ဈေးကွက်နှစ်ခုလုံးမှ စီးပွားရေးဆိုင်ရာ မသေချာမှုများကလည်း စီးပွားရေးတိုးတက်မှုအတွက် စိုးရိမ်ပူပန်မှုများကို တိုးပွားစေခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်သည် ဩဂုတ်တွင် ၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ယင်းသည်လပေါင်း ၂၀ ကြာ ကျဆင်းခဲ့ပြီးမှ ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်သည်ဟု ဘဏ္ဍာရေး ဝန်ကြီးဌာန၏ အစီရင်ခံစာများအရ သိရှိရသည်။ ယင်းသို့ဖြစ်ခဲ့ခြင်းသည် အဆိုပါလအတွင်း ယမန်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက အလုပ်လုပ်ရက်များပြားခြင်းကြောင့်ဖြစ်ကြောင်း၊ သို့သော်လည်း တောင်ကိုရီးယားနိုင်ငံ စီးပွားရေးကို ဆိုးကျိုးများ သက်ရောက်စေနိုင်သည့် အခြားသော ပြင်ပ သက်ရောက်မှုများလည်း ရှိလာနိုင်သေးသည်ဟုလည်း လေ့လာသူများက သုံးသပ်ကြသည်။

လက်လီရောင်းချမှုများ သိသိသာသာ ကျဆင်းမှုသည်လည်း စီးပွားရေးကို နှေးကွေးစေသည့် အချက်တစ်ချက်ဖြစ်နေသည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားသည်။ စက် ပစ္စည်းကိရိယာများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများသည် ယခုနှစ် ဒုတိယနှစ်ဝက်တွင် ယမန်နှစ်ထက် လျော့နည်းကျဆင်းခဲ့သည်ကို တွေ့ရသည်။ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ အနည်းငယ်မြင့်တက်ခဲ့သည်ကို တွေ့ရှိရပြီး မြို့ပြအင်ဂျင်နီယာ လုပ်ငန်းများ တိုးတက်လာခြင်းကြောင့် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အိမ်ရာဈေးနှုန်းများလည်း သုည ဒသမ ၀၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဆိုးလ်မြို့တစ်ဝိုက်ဧရိယာတွင် သုည ဒသမ ၁၆ ရာခိုင်နှုန်းခန့် မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၄–၁၁–၂၀၁၆)

မြင့်ဆွေ

## တောင်ကြီးဈေးကွက်မှာပြောင်းဈေးငြိမ်

တောင်ကြီးပြောင်းဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိဿာကိုကျပ် ၂၈၀ (တစ်တန် ၁၇၁၄၆၉ ကျပ်)နဲ့ ရောင်းချခဲ့ရာ ယခုတစ်ပတ်မှာဆက်လက်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်အထိ တောင်ကြီးပတ်ဝန်းကျင်ဒေသမှာ မိုးဆက်လက်ရွာသွန်းနေတဲ့အတွက် ပြောင်းများမှာအစိုဓာတ်များပါဝင်နေတာကြောင့် ဝယ်လက်ကုန်သည်များက ချက်ချင်းပြန်ရောင်းထွက်နိုင်တဲ့ အရေအတွက်လောက်ကိုသာ ဝယ်ယူနေတယ်လို့ ဒေသခံကုန်သည်တစ်ဦးကပြောပါတယ်။ ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာပြောင်းပိဿာချိန် ၂၀၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲဈေးကျ

ယခုတစ်ပတ် ဟင်္သာတမတ်ပဲဈေးကွက်မှာ တစ်ပိဿာကို ၂၂၁၅ ကျပ်(တစ်တန် ၁၃၅၆၄၄ ကျပ်) အထိဈေးကျခဲ့ပါတယ်။ ဈေးကွက်အတွင်း ပဲလက်ကျန်များရှိသော်လည်း ကုန်ရောင်းသူများက ယခင်တစ်ပတ်က ရောင်းခဲ့တဲ့ တစ်ပိဿာကျပ် ၂၂၅၀ ဈေးထက် တက်ဈေးကိုမျှော်နေတယ်လို့ ကုန်သည်များကပြောပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ယခုတစ်ပတ် အတွင်း နေ့စဉ် မတ်ပဲအိတ် ၈၀၀ ခန့် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးတက်

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ တစ်ဖက်နိုင်ငံက ပြောင်းကုန်သည်များက ဈေးကောင်းပေး ဝယ်ယူလာကြသဖြင့် ယခင်တစ် ပတ်ထက် ဈေးတက်လာပါတယ်။ ယခုတစ်ပတ်မှာ ပြောင်းကီလို ၅၀ တစ်အိတ်ကို ၆၈ ယွမ်မှ ၇၂ ယွမ် (တစ်တန် ၁၃၆၀ ယွမ်မှ ၁၄၄၀ ယွမ်) အကြား ပစ္စည်းပေါ် မူတည်ပြီး ဈေးကွက်ဖွင့် ခဲ့ပါတယ်။ ယခုတစ်ပတ်အတွင်း တစ်ဖက်နိုင်ငံသို့ တန်ချိန် ၂၄၀၀၀ ကျော်တင်ပို့နိုင်သဖြင့် ယခင်တစ်ပတ်က တင်ပို့မှုနဲ့ နှိုင်းယှဉ်လျှင် တန်ချိန် ၉၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲရော ပဲစင်းငုံနီပါ ဈေးများကျ

ယခုတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲရော ပဲစင်းငုံနီပါ ပြည်ပဝယ်လက် အဝယ်မလိုက်တာကြောင့် ဈေးများကျဆင်းခဲ့ပါတယ်။ မတ်ပဲ (FAQ / RC) ကို တစ်တန်ကို ယခင်တစ်ပတ် ကျပ် ၁၄၂၀၀၀၀ မှ ယခုတစ်ပတ် ကျပ် ၁၃၄၄၀၀၀၊ မတ်ပဲ (FQ/RC) တစ်တန်ကို ယခင်တစ်ပတ်ကျပ် ၁၄၈၀၀၀၀ မှ ယခုတစ်ပတ် ၁၄၁၁၀၀၀ ကျပ်၊ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၁၀၂၅၀၀၀ မှ ယခုတစ်ပတ်က ကျပ် ၉၄၀၀၀၀ အထိ ဈေးများကျခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## လားရှိုးမှာပြောင်းဈေးတက်

လားရှိုးဈေးကွက်မှာ ယခုတစ်ပတ်အတွင်း မူဆယ်မှ ကုန်သည်များက အဝယ်လိုက်လာတာကြောင့် ပြောင်းဈေးမြင့်တက်လာပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကို ကျပ် ၃၀၀ မှ ယခုတစ်ပတ်မှာ ကျပ် ၃၂၀ (တစ်တန် ၁၉၅၉၆၅ ကျပ်) နဲ့ တက်ဈေးရခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်အတွင်း ပြောင်းပိဿာချိန် ၆၀၀၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်း၊ ကုလားပဲဖြူ(လုံးကြီး) နဲ့ ပဲစင်းငုံနီတို့ဈေးကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်းအကြီးထိပ်စ တစ်ပိဿာကို ၁၃၆၈ ကျပ်(တစ်တန် ၈၃၇၇၅၀ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းကို မန္တလေးသို့တင်ပို့ရောင်းချသည့် ကုန်သည်များက မန္တလေးဈေးကွက်အေးနေတာကြောင့် ယခင်တစ်ပတ်ထက် ဈေးလျှော့ဝယ်ခဲ့တယ်လို့ ကုန်သည်တစ်ဦးက ပြောခဲ့ပါတယ်။ နေ့စဉ်ပဲတီစိမ်းဆိုဒ်စုံ အိတ် ၉၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်ဈေးကွက်အတွင်း ပဲစင်းငုံနီဈေးက တစ်ပိဿာကို ကျပ် ၁၅၁၀ (တစ်တန် ၉၂၄၇၀၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဈေးကွက်အတွင်း ရောင်းချသူ များလာတာကြောင့် ယခင်တစ်ပတ်က အရောင်းအဝယ်ဖြစ်ခဲ့တဲ့ တစ်ပိဿာကို ၁၆၂၅ ကျပ်မှ ပြန်လည်ကျဆင်းလာတာဖြစ်ပါတယ်။ မြို့ပေါ်မှာရှိတဲ့လက်လီပြန်လည်ရောင်းချသူများက အဓိကဝယ်ယူပြီး နေ့စဉ်အိတ် ၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ကုန်သည်တစ်ဦးကပြောပါတယ်။ ယခင်တစ်ပတ်က ကုလားပဲဖြူ(လုံးကြီး) တစ်ပိဿာကို ၂၄၂၀ ကျပ် ဖြစ်ခဲ့ရာမှ ယခုတစ်ပတ် ၂၃၆၈ ကျပ်(တစ်တန် ၁၄၅၀၁၄၀ ကျပ်)အထိ ဈေးကျခဲ့ပါတယ်။ ကုလားပဲဖြူ(လုံးကြီး) ကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရန်အဓိက ဝယ်ယူနေတာကြောင့် နေ့စဉ်အိတ် ၅၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မတ်ပဲဈေးမြင့်တက်လာတာကို တွေ့ရပါတယ်။ တစ်ပိဿာကို ကျပ် ၂၁၅၀ (တစ်တန်ကို ၁၃၁၆၆၃၉ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်က ရောင်းဈေးထက် တစ်ပိဿာကို ကျပ် ၁၀၀ ပိုလာပါတယ်။ ဈေးကွက်အတွင်း ပစ္စည်းအဝင်နည်းတာကြောင့် ရောင်းသူများက ဈေးစောင့်ရောင်းချလျက်ရှိပါတယ်။ ယခုတစ်ပတ်မုံရွာခရိုင် အတွင်းမှ CP ပြောင်းသစ်များထွက်ရှိပြီး နေ့စဉ်ကုန်စည်ဒိုင်သို့ အိတ် ၂၀၀ မှ ၃၀၀ အထိ ဝင်ရောက်လျက်ရှိပါတယ်။ ယခုတစ် ပတ်မှာ CP ပြောင်း တစ်ပိဿာကို ကျပ် ၂၉၀ (တစ်တန် ၁၇၇၅၉၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ပြီး ဒေသတွင်းသုံးစွဲရန်သာ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

××××××××××××××××



## ပြည်ဈေးကွက်မှာ ပဲတီစိမ်းနဲ့ ကုလားပဲဖြူ(လုံးကြီး) ဈေးတက်

ယခုတစ်ပတ် ပြည်ဈေးကွက်အတွင်း ပဲတီစိမ်းနဲ့ ကုလားပဲဖြူ(လုံးကြီး) ဈေးမြင့်တက်လာပါတယ်။ ယခုတစ်ပတ်အတွင်း ပဲတီစိမ်းအသစ်များ ဈေးကွက်သို့ ရောက်ရှိလာတာကြောင့် ရောင်းသူများက ဈေးဖွင့်ရောင်းလာပါတယ်။ ယခင်တစ်ပတ်ထက် တစ်ပိဿာကို ကျပ် ၅၀ တိုးပြီး ကျပ် ၁၄၅၀ (တစ်တန် ၈၈၇၉၆၆ ကျပ်) နဲ့ မန္တလေးဈေးကွက်သို့ နေ့စဉ်အိတ် ၅၀၀ ကျော် ပို့ခဲ့ရပါတယ်။ ကုလားပဲဖြူ(လုံးကြီး) ဈေးကွက်မှာ ယခင်တစ်ပတ်က တစ်ပိဿာကို ကျပ် ၂၂၅၀ မှ ယခုတစ်ပတ်အတွင်း ဒေသခံပဲခွဲစက်များရဲ့ ဝယ်ယူမှုကြောင့် တစ်ပိဿာကို ၂၃၂၅ ကျပ် (တစ်တန် ၁၄၂၃၈၀၇ ကျပ်) အထိဈေးတက်လာပါတယ်။ မတ်ပဲဈေးကွက်ကတော့ ယခင်တစ်ပတ်က တစ်ပိဿာကို ၂၂၂၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၂၂၀၀ (တစ်တန် ၁၃၄၇၂၅၈ ကျပ်) နဲ့ဈေးကျခဲ့ပါတယ်။ မတ်ပဲဈေးကွက်မှာ ရန်ကုန်ဝယ်လက်မလာလို့ အရောင်းအဝယ်အေးနေပြီး တစ်နေ့ကို အိတ် ၅၀ ခန့်သာအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေးကျပြီး ကုလားပဲဈေး တက်

ယခုတစ်ပတ် မကွေးပဲစင်းငုံနီဈေးကွက်မှာ ရန်ကုန် တင်ပို့မယ့် ကုန်သည်များက ဘုရင့်နောင်ကုန်စည်ဒိုင်ရဲ့ အဝယ်နည်းပါးမှုကြောင့် အဝယ်နည်းပြီး ဈေးကျခဲ့ပါတယ်။ ယခုတစ်ပတ်မှာ တစ်ပိဿာကို ၁၅၇၅ ကျပ် (တစ်တန် ၉၆၄၅၁၄ ကျပ်) ရှိခဲ့တဲ့အတွက် ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်လျှင် ၂၅ ကျပ်ကျဆင်းပြီး အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ကုလားပဲ တစ်ပိဿာကို ကျပ် ၂၂၄၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ဈေးကွက်အတွင်း ပဲလက်ကျန်နည်းလာသဖြင့် ရောင်းသူများက ဈေးစောင့်ရောင်းခဲ့တာကြောင့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကို ကျပ် ၂၂၉၀ (တစ်တန် ၁၄၀၂၃၇၃ ကျပ်) နဲ့ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းဈေးကွက်မှာ မန္တလေးသို့ တင်ပို့သည့် ကုန်သည်များက အဝယ်နည်းလာသဖြင့် ယခင်တစ်ပတ်က အတိုင်း တစ်ပိဿာကို ကျပ် ၁၄၂၀ (တစ်တန် ၈၆၉၅၉၄ ကျပ်) နဲ့ ဆက်လက်ရောင်းချခဲ့ပါတယ်။ နှမ်းဖြူဈေးကွက်မှာ မြို့ခံနှမ်း လှော်လုပ်ငန်းများက အဝယ်များပြီး ယခင်တစ်ပတ်က အရောင်းအဝယ်ဖြစ်ခဲ့တဲ့ တစ်ပိဿာကို ကျပ် ၂၁၆၀ (တစ်တန် ၁၃၂၂၇၆၂ ကျပ်) နဲ့ နေ့စဉ်အိတ် ၅၀၀ ကျော် ဆက်လက်ရောင်းချခဲ့ပါတယ်။ နှမ်းညိုကို မြို့ခံဆီစက်လုပ်ငန်းရှင်များက ဆီကြိတ်ရန် တစ်ပိဿာကိုကျပ် ၁၄၇၀ (တစ်တန် ၉၀၀၂၁၃ ကျပ်)၊ ရန်ကုန် သို့တင်ပို့မယ့် နှမ်းနက်စမုံတစ်ပိဿာကို ကျပ် ၃၂၉၀ (တစ်တန် ၂၀၁၄၇၆၃ ကျပ်) နဲ့ ယခင်တစ်ပတ်ဈေးအတိုင်း ဆက်လက် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲဈေးများတက်

ယခုတစ်ပတ် ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်း၊ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူ(လုံးကြီး)တို့ ဈေးတက်ခဲ့ပါတယ်။ ပဲစင်းငုံနီ တစ်ပိဿာကို ယခင်တစ်ပတ်က ၁၄၇၅ ကျပ်နှုန်းနဲ့ ရောင်းချခဲ့ရာမှ ယခုရက်သတ္တပတ်တွင် တစ်ပိဿာကို ၁၆၀၅ ကျပ် (တစ်တန် ၉၈၂၈၈၆ ကျပ်) ရောင်းချခဲ့တဲ့အတွက် ဈေးတက်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီတစ်ပိဿာကို ၁၆၂၅ ကျပ်မှ ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၁၇၅၀ (တစ်တန် ၁၀၇၁၆၈၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်ပါတယ်။ ကုလားပဲဖြူ(လုံးကြီး)က ယခင် တစ်ပတ်ကထက် တစ်ပိဿာကို ကျပ် ၂၀ ပိုပြီး တစ်ပိဿာ ၂၃၉၀ (တစ်တန် ၁၄၆၃၆၀၂ ကျပ်)ထိ ဈေးတက်ကာ နေ့စဉ်ပဲမျိုးစုံ အိတ် ၅၀၀ ခန့် ရောင်းချရတယ်လို့ သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲတီစိမ်းဈေးအနည်းငယ်တက်

ယခုတစ်ပတ် မန္တလေး ဈေးကွက်အတွင်းမှာ ယခင်တစ်ပတ်ထက် ပဲတီစိမ်းဈေးအနည်းငယ်သာတက်ပြီး တစ်ပိဿာ ကျပ် ၁၅၀၀ (တစ်တန် ၉၁၈၅၈၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ မူဆယ်သို့ နေ့စဉ်ပဲတီစိမ်းအိတ် ၁၅၀၀ ကျော် တင်ပို့လျက်ရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာကို ၂၂၈၃ ကျပ်ရှိခဲ့ရာမှ ယခုတစ်ပတ်မှာ ကျပ် ၂၂၅၀ (တစ်တန် ၁၃၇၇၈၇၈ ကျပ်) အထိ ဈေးကျခဲ့ပြီး ဘုရင့်နောင်သို့ နေ့စဉ် အိတ် ၅၀၀ ကျော်ပို့နေရပါတယ်။ နှမ်းနက်စမုံက ယခင်တစ်ပတ်က ရောင်းခဲ့တဲ့ဈေးအတိုင်း တစ်ပိဿာကို ၃၃၇၈ ကျပ် (တစ်တန် ၂၀၆၈၆၅၃ ကျပ်) နဲ့ ဆက်လက်အရောင်းအဝယ်ဖြစ်နေတယ်လို့သိရပါတယ်။

# မန္တလေးမြို့တွင် ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၂/ ၂၀၁၆) ဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ် (၂/ ၂၀၁၆ ) ကို အောက်တိုဘာ ၃၁ ရက် က ပို့ကုန်သွင်းကုန်ရုံး(မန္တလေး) တွင်ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှု ပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်က ကုန်သွယ်ရေးကဏ္ဍ စဉ်ဆက်မပြတ် တိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၂ ခုနှစ် ဧပြီလမှ စတင်၍ ကုန်သွယ်မှုသင်တန်းကျောင်းကို ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ မန္တလေးမြို့မှာလည်း ကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ် (၁) ကို စက်တင်ဘာ မှစတင်ဖွင့်လှစ်ခဲ့ပြီး ယခုအမှတ်စဉ် (၂) ကို ထပ်မံဖွင့်လှစ်ခြင်း ဖြစ်ကြောင်း ၊ ယခုသင်တန်းတွင် Fully Online Licensing System နှင့်ပတ်သက်သည့် အကြောင်းအရာများ၊ Self - certification System နှင့် ပတ်သက်သည့်အကြောင်းအရာများ၊ ကုန်သွယ်မှုဆိုင်ရာ ပညာရပ်များဖြစ်သည့် ကုန်သွယ်မှု လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ၊ ကုန်ပစ္စည်း အရည်အသွေးဆိုင်ရာလုပ်ငန်းများ၊ စားသုံးသူအကာ အကွယ်ပေးရေး လုပ်ငန်းများစသည့် လုပ်ငန်းနယ်ပယ်တို့နှင့် သက်ဆိုင်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများအပြင် အပြည်ပြည်ဆိုင်ရာ ကုန် သွယ်မှုဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ကုန်ပစ္စည်း အရည်အသွေးပိုင်းဆိုင်ရာ လုပ်ငန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးမှ ဖိတ်ကြားထားသော တိုင်းအဆင့်ဌာဆိုင်ရာ အကြီးအကဲများ၊ ကုန်သည်အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သင်တန်းကို အောက်တိုဘာ ၃၁ ရက်မှစပြီး ရက်သတ္တ ငါးပတ်ကြာပို့ချပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ သင်တန်းသူ သင်တန်းသား ၄၅ ဦး တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မိုးသီတာ (MDY)**

# Invoice တွင်ပါဝင်သော အချက်များအား ပြည့်စုံစွာ ဖော်ပြပေးခြင်းဖြင့် MACCS စနစ် အကောင်ထည်ဖော်မှုကို အထောက်အကူပြုနိုင်

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်မှစ၍ ASEAN SINGLE WINDOW (ASW) အထောက်အကူပြု အကောက်ခွန် ရှင်းလင်း ရေးကိစ္စရပ်များအား Myanmar Automate Cargo Clearance System (MACCS)စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါစနစ်တွင် ကုန်သွယ်ရေးဦးစီးဌာနမှ Electronic Data များဖြင့် ပေးပို့ချိတ်ဆက် ပူးပေါင်းဆောင်ရွက်ပေးသွားရမည် ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် CMP (အထည်ချုပ်) သွင်းကုန်လိုင်စင်များတွင် ကုန်ပစ္စည်း အမယ် (Item) များပြားမှုနှင့် ရေတွက်ပုံ (Unit Code) သုံးစွဲမှုများပြားခြင်းကြောင့် လိုင်စင်လျှောက်ထားမှုများကို လက်ခံ ဆောင်ရွက်ပေးရာတွင် ပစ္စည်းစာရင်းအသေးစိတ်ကို နောက်ဆက်တွဲစာရင်းဖြင့် ဆောင်ရွက်ပေး နေရပါသည်။ ယင်းသို့ ဆောင်ရွက်နေခြင်းသည် MACCS စနစ်၌ လိုင်စင်လျှောက်ထားမှု၏ လုံးပေါင်းငွေတန်ဖိုးကိုသာ ဖော်ပြပြီး ပစ္စည်း တစ်ခုချင်း အသေးစိတ်စာရင်းနှင့် အသေးစိတ်ငွေတန်ဖိုးစာရင်းအား ဖော်ပြပေးနိုင်ခြင်းမရှိသဖြင့် MACCS စနစ်ကို အကောင်အထည်ဖော်ရန်အတွက် အခက်အခဲ ဖြစ်ပေါ်နေပါသည်။ မကြာမီ ရက်ပိုင်းအတွင်း MACCS စနစ်အား မဖြစ်မနေ စတင်အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်ရာ CMP စနစ်ဖြင့် လိုင်စင်လျှောက်ထား ဆောင်ရွက်နေသူများနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် လိုင်စင်လျှောက်ထားနေသော ကုမ္ပဏီများအနေဖြင့် ယခင်ကကဲ့သို့ နောက်ဆက်တွဲစာရင်းဖြင့် လိုင်စင်လျှောက်ထားမှုကို လက်ခံတော့ မည် မဟုတ်ဘဲ Invoiceတွင် ပါဝင်ရမည့် အချက်များအား ပြည့်စုံစွာ ဖော်ပြပေးခြင်းဖြင့် MACCS စနစ်အောင်မြင်စေရေး အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

Invoice တွင်ပါဝင်ရမည့် အချက်များမှာ (၁) ကုန်ရောင်းသူ ကုန်ဝယ်သူ လိပ်စာများ၊ (၂) ကုန်ပစ္စည်းအမျိုးအမည် (Description of Goods)၊ (၃) စံချိန်စံညွှန်း (Specification) ကုန်အမှတ်တံဆိပ် (Brand)၊ (၄) ရေတွက်ပုံ / အရေအတွက် (Unit Code/ Quantity)၊ (၅) ဈေးနှုန်း (Unit Price)၊ (၆) စုစုပေါင်းတန်ဖိုး (Total Amount)၊ (၇) ပင်ရင်းနိုင်ငံ (Country of Origin)၊ (၈)ကုန်တင်ဆိပ်ကမ်း (Country of Loading)၊ (၉) ကုန်ချဆိပ်ကမ်း (Port of Discharge)၊ (၁၀) ငွေပေးချေမှုစနစ် (Payment of Destination)၊ (၁၁) သင်္ဘောတင်နည်းလမ်း (Mode of Transport/ Method of Shipment)၊ (၁၂) ဘဏ်အမည် (Bank Name)၊ (၁၃) သင်္ဘောတင်ကာလ (Shipment Date/ Shipment Period) စသည်တို့ ဖြစ်ကြောင်းသိရသည်။

**SWM**

# မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ ကြေညာချက်

မော်တော်ယာဉ် အရောင်းစင်တာ ဖွင့်လှစ်ထားသည့် ကုမ္ပဏီများမှ အရောင်းစင်တာ/ အရောင်းပြခန်း စည်းကမ်းသတ်မှတ်ချက် လိုက်နာရန်ပျက်ကွက်သည့် ကုမ္ပဏီ (၄၇)ခုအား ကြေညာချက်ထုတ်ပြန်၍ သတ်မှတ်ရက်အတွင်း တင်သွင်းသည့် မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်းကိစ္စ၊ အကောက်ခွန်ကိစ္စ၊ ပြည်တွင်းအခွန် ကိစ္စရပ်များအား မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီသို့ အမြန်ဆုံး လာရောက်စာရင်းရှင်းလင်းရန် (၂၇. ၃. ၂၀၁၆) ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါကြေညာချက်အား လိုက်နာရန်ပျက်ကွက်သော အောက်ဖော်ပြပါ ကုမ္ပဏီ(၁၉)ခုနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သဖြင့် ပို့ကုန် သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ပယ်ဖျက်ခြင်း၊ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင် ပယ်ဖျက်ခြင်း၊ မော်တော်ယာဉ်များ တင်သွင်းရောင်းချခွင့်ပြုလက်မှတ်ပယ်ဖျက်ခြင်းများအား ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | အရောင်းစင်တာအမည် | လိပ်စာ |
|---|---|---|
| ၁ | Tu Nhlaing Ma Hmi Family Services Co., Ltd. | အမှတ် (၁)၊ မြိုင်မာလာလမ်း၊ ဘောက်ထော် (၁၅) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၂ | World Tower Services Co., Ltd. | အမှတ် (၅၁)၊ (G-11)၊ ပင်ရွှေညောင်လမ်း၊ တော်ဝင် ပုလဲအိမ်ယာ၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၃ | Summit Life Services Co., Ltd. | အမှတ် (၁၀)၊ ပြည်သူ့လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄ | Soe San Auto Mobile Services Co., Ltd. | Shell Car Servicing ဝင်း၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅ | Charm Services Co., Ltd. | အမှတ် ၁၀၊ ဘုရင့်နောင်လမ်း၊ အိုဝမ်းဖွဲ့နုဆီစက်ဝင်း၊ (၄)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၆ | Mingalar Thu Kha Services Co., Ltd. | အမှတ် ၁၁၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၇ | Thitsar Arman Services Co., Ltd. | အမှတ် ၄၃(က)၊ ပြည်လမ်း၊ (၇)မိုင်ခွဲ၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၈ | Sandrar Services Co., Ltd. | အမှတ် (၇၉)၊ အုတ်ပုံဆိပ်လမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၉ | The Grand Nay Nan Taw Co., Ltd. | အမှတ် (၃၀)အေဘီ၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၀ | Royal 63 Services Co., Ltd. | အမှတ် (၆၃)၊ တော်ဝင်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး။ |
| ၁၁ | Myanmar Car Aung Naing Yae Services Co., Ltd. | အမှတ် (၄၄/C)၊ ပြည်လမ်း၊ (၇)မိုင်ခွဲ၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၂ | Lucky Center Services Co., Ltd. | အမှတ် (၂၂၀)၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၃ | Grand Member Center Services Co., Ltd. | အမှတ် (၅)၊ မင်းမှေ့လမ်း၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ပြည်လမ်းနှင့် မင်းမှေ့လမ်းထောင့်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၄ | JPN Auto Services Co., Ltd. | အမှတ် (၃၀၃/ ၃၀၅)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၅ | Five Great Services Co., Ltd. | အမှတ် (၁က-၂)၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၆ | Green Matrix Ltd. | အမှတ် (၃-အေ)၊ မေခလမ်း၊ (၇)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၇ | Camel International Auto Mobile Services Co., Ltd. | အမှတ်(၉၇၂/ ၉၇၃/ ၉၇၄)၊ ကနောင်မင်းသားကြီး လမ်း၊ (၉၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး။ |
| ၁၈ | Best Auto Co., Ltd. | အခန်း ၇၊ ၈၊ ၉၊ တိုက်အေဘီစီ၊ ရွှေမြယာအိမ်ယာ၊ မြယာကုန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၉ | U Ba Maung Business Group Services Co., Ltd. | အမှတ် ၉၅/ B ၊ ဗညားဒလလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

# ရိဒ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ကုန်သွယ်ရေး ဦးစီးဌာန၊ ရိဒ်ကုန်သွယ်ရေးစခန်း၏ အောက်တိုဘာ ကုန်သွယ်မှု မြှင့်တင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၅ ရက်က ရိဒ်ကုန်သွယ်ရေးစခန်း၌ ကျင်းပပြုလုပ်ရာတွင် အစည်းအဝေး သို့ One Stop Service (OSS) အဖွဲ့ဝင် ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ကိုယ်စားလှယ်များ၊ ကလေး-တီးတိန်-ရိဒ်ခေါဒါရ် ခရီးသည်နှင့် ကုန်စည်သယ်ယူ ပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် စခန်းတာဝန်ခံ ဦးတင်မိုးဆွေ (လက်ထောက်ညွှန်ကြားရေးမှူး)က ရိဒ်ကုန်သွယ်ရေးစခန်းသည် ကုန်သွယ်မှုပမာဏ လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်သည့် အစဉ်အလာကောင်း ရှိပါကြောင်း၊ အောက်တိုဘာ ၂၄ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ ၈၉၀ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၀၇ သန်းထိ ဆောင်ရွက်နိုင်သည့်အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ဒသမ ၉၉၇ သန်းအထိဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍ အောက်တိုဘာ ကုန်သွယ်မှုပမာဏမှာ လျာထားချက်၏ ၁၃၀ ဒသမ ၁၀၄ ရာခိုင်နှုန်းအထိ ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ လကုန်တွင် ယခုထက် ပိုမိုမြင့်မားလာမည် ဖြစ်ပါကြောင်းနှင့် ဒေသအတွင်း ရာသီဥတု ခြောက်သွေ့၍ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်း မွန်လာပြီဖြစ်၍ နောင်လာမည့် လများတွင် လျာထားချက် ပြည့်မီကျော်လွန်ရေး OSS အဖွဲ့ဝင်ဌာနများ၊ ကုန်သည် လုပ်ငန်းရှင်များ၊ ခရီးသည်နှင့် ကုန်စည်သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ် လိုင်းများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ကျသင့်အခွန် ပေးဆောင်ခြင်း မရှိသည့် တရားမဝင် ကုန်သွယ်မှုများ၊ ကန့်သတ်ကုန်ပစ္စည်းများ၊ မိမိစခန်းမှ ဖြတ်သန်းသွားလာမှု မရှိစေရေး အထူးဂရုပြုလိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ မိမိဌာနအနေဖြင့် ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများ မဖြစ်ပေါ်စေရေး၊ လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိစေရေးတို့အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့များ၊ ဌာနများ၊ ကုန်သွယ်ဖက်နိုင်ငံများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနေပါကြောင်း၊ ကုန်သွယ်မှု မြှင့်တင်နိုင်ရေးအတွက် ညှိနှိုင်းဖြေရှင်းဆောင်ရွက် ပေးနိုင်ပါရန် မြေပြင်တွင် ကြုံတွေ့နေရသော ကုန်သွယ်မှုဆိုင်ရာ အတားအဆီးများ၊ မိမိကုန်သည်လုပ်ငန်းရှင်များအပေါ် ဖိစီးမှုဖြစ်စေမည့် တစ်ဖက်နိုင်ငံ၏ မူဝါဒ၊ စည်းမျဉ်း နှင့် မြေပြင်ဆောင်ရွက်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြပေးရန် ဖြစ်ကြောင်း၊ ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် Re-Export၊ Transit Trade ကဲ့သို့ ကုန်သွယ်မှု နည်းလမ်းများဖြင့် တိုးချဲ့ဆောင်ရွက်နိုင်မည့် ကုန်ပစ္စည်း အမယ်များ ဆောင်ရွက်လိုသည့် နည်းလမ်းများကို လေ့လာ တင်ပြပေးကြရန် ရှင်းလင်း ပြောကြားခဲ့ကြောင်း သတင်းရရှိ ပါသည်။

**TMS**

## ရက်သတ္တပတ်အတွင်း ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်ရရှိ

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ရက်သတ္တပတ်အတွင်း ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၃၀၅ ဒသမ ၀၃ သန်း၊ သွင်းကုန်တင်သွင်းနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂၈၁ ဒသမ ၆၆၄ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၈၆ ဒသမ ၆၉၄ သန်းဖြစ်ပါတယ်။ ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၃၆၆ သန်း ဖြစ်ပြီးထို သို့ ပိုမိုရခြင်းမှာ ချုပ်ပြီးအထည်နဲ့ သဘာဝဓာတ်ငွေ့ ပိုမိုတင်ပို့ခဲ့တဲ့အတွက် ဖြစ်ပါတယ်။

ယခုတစ်ပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၂၈ ဒသမ ၃၁၃ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၂၂၈ ဒသမ ၀၀၉ သန်းဖြစ်ခဲ့တဲ့အတွက် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၆၉၆ သန်းဖြစ်ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ပို့ကုန်အမေရိကန်ဒေါ်လာ ၁၇၆ ဒသမ ၇၁၇ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၆၅၅ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၁၂၃ ဒသမ ၀၆၂ သန်းဖြစ်ပါတယ်။ ဒါကြောင့် ကုန်သွယ်မှုကဏ္ဍတစ်ခုလုံးအနေနဲ့ ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၃၆၆ သန်းဖြစ်ပါတယ်။

ယခုဘဏ္ဍာနှစ် ဧပြီ တစ်ရက်မှ အောက်တိုဘာ ၂၈ ရက်အထိ ပို့ကုန် တင်ပို့နိုင်မှုမှာ အမေရိကန် ဒေါ်လာ ၆၅၁၅ ဒသမ ၈၈၆ သန်း၊ သွင်းကုန်တင်သွင်းနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၈၅၅၁ ဒသမ ၇၄ သန်း ဖြစ်တဲ့အတွက် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅၀၆၇ ဒသမ ၆၁၆ သန်းဖြစ်ပါတယ်။ ဘဏ္ဍာနှစ်စမှ စပြီး ကုန်သွယ်မှု အခြေ အနေကိုကြည့်ပါက လိုငွေအမေရိကန် ဒေါ်လာ ၂၀၃၅ ဒသမ ၈၅၄ သန်း ဖြစ်ပါတယ်။ ယမန်နှစ်ကာလတူရဲ့ ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅၁၄၀ ဒသမ ၁၃၆ သန်းဖြစ်တဲ့အတွက် ယခုနှစ်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၂ ဒသမ ၅၁၀ သန်း လျော့နည်းနေကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## မူဆယ်မှ သကြားလျော့နည်းတင်ပို့ပြီး လွယ်ဂျယ်မှ ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၉၅ သန်းတန်ဖိုးရှိ သကြား ၁၀၃၅၅ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ၁၁၁၆၂ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၈၀၇ တန်ခန့် လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

လွယ်ဂျယ် ကုန်သွယ်ရေးစခန်းကတော့ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၇၈ သန်းတန်ဖိုးရှိသကြား ၁၄၂ တန် ခွဲတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တန် ၃၀ သာတင်ပို့ခဲ့လို့ လွယ်ဂျယ်မှ သကြားပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ ချင်းရွှေဟော်မှ သကြားမတင်ပို့ခဲ့ဘဲ ယခုတစ်ပတ်မှာတော့ အမေရိကန်ဒေါ်လာ ၅၅၈၃၀၀ တန်ဖိုးရှိ သကြားဖြူ တန် ၉၃၀ ခွဲတင်ပို့ခဲ့တာတွေ့ရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီ ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် အမေရိကန်ဒေါ်လာ ၃၆၅၅၇ တန်ဖိုးရှိ သကြား ၆၆၄ တန်ခွဲ တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၄၇၇ တန် တင်သွင်းခဲ့ရာ ယခုတစ်ပတ် မြဝတီမှ သကြား ၈၁၂ တန်ခွဲလျော့နည်း တင်သွင်းခဲ့ပါတယ်။

အောက်တိုဘာလအတွင်း မူဆယ်မှ သကြားတန် ၈၀၀၀၀ နီးပါး၊ ချင်းရွှေဟော်မှ တန် ၁၇၀၀ ခန့်နဲ့ လွယ်ဂျယ်မှ တန် ၁၈၀ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး မြဝတီမှ သကြားတန် ၈၀၀၀ ခန့် တင်သွင်းလာခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ထိုင်းနယ်စပ်မှ ရေထွက်ကုန်ပစ္စည်းများ ပိုမိုတင်ပို့

မြန်မာထိုင်းနယ်စပ်ရှိ ကုန် သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက် အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၃၇ သန်း တန်ဖိုးရှိ ရေထွက် ကုန်ပစ္စည်း တန်ချိန် ၄၅၀၀ ကျော်ခန့် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၃၂၀၀ ကျော်သာ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ တန်ချိန် ၁၃၀၀ ကျော်ပိုမိုတင်ပို့နိုင်တယ်လို့ ကုန်သွယ်ရေးစခန်းများမှ သိရပါတယ်။ ယခုတစ်ပတ်မှာ ရေထွက်ကုန်ပစ္စည်းများ ပိုမိုရခြင်းမှာ ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်း သုံးခုလုံးမှ ရေထွက်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ခဲ့ခြင်းကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

စခန်းအလိုက် တင်ပို့မှု အခြေ အနေကို ကြည့်ပါက မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ သုည ဒသမ ၁၆၀ သန်းတန် ဖိုးရှိ ငါး မျိုးစုံ၊ ကဏန်းနဲ့ ပုစွန်တို့ကို တန်ချိန် ၁၂၀ ကျော်၊ ကော့သောင်း ကုန်သွယ် ရေးစခန်းမှအမေရိကန် ဒေါ်လာ ၁ ဒသမ ၂၈၅ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ကဏန်း၊ ပင်လယ် ငါးရှဉ့်၊ ရေဘဝဲ၊ အခြားရေထွက် တို့ကို တန်ချိန် ၁၈၀၀ နီးပါး၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၉၂ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်းပျော့၊ အေးခဲပုစွန်၊ ငါးအသားလွှာ၊ ကဏန်းနီ၊ ကင်းမွန်၊ ရေငန်ပုစွန်၊ ငါးခြောက်၊ အေးခဲငါး၊ အေးခဲကင်းမွန် တို့ကို တန်ချိန် ၂၆၀၀ ကျော် တင်ပို့ နိုင်တယ်လို့ သတင်းရရှိပါ တယ်။

**ခင်မိုးသူ**

## ကုန်သွယ်ရေးစခန်းများမှ ဆိုင်ကယ်မျိုးစုံတင်သွင်းမှု ဆက်လက်ကျဆင်း

အောက်တိုဘာ ၂၂ မှ ၂၈ ရက် အထိ သီတင်းပတ်အတွင်း တရုတ်၊ ထိုင်းနဲ့ အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆၄၁ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၉၃၆၄ စီးတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်က ၁၀၁၆၅ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ စီးရေ ၈၀၀ခန့် လျော့နည်းတင်သွင်းခဲ့တယ်လို့သိရ ပါတယ်။

တင်သွင်းမှု အခြေအနေကို ကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန် ဒေါ်လာ ၃ ဒသမ ၁၂၇ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၈၃၇၈ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိ ကန်ဒေါ်လာ ၁ ဒသမ ၄၈၀ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၉၆၀ စီး နဲ့ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၄ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၂၇ စီး အသီးသီး တင်သွင်းခဲ့တယ်လို့ သတင်း ရရှိပါတယ်။

**ခင်မိုးသူ**

# ပုသိမ်မြို့၊ စားသုံးသူရေးရာဦးစီးဌာနတွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေသစ် မူကြမ်းအား ပြင်ဆင်ဖြည့်စွက် အကြံပြုနိုင်ရန် ညှိနှိုင်းအစည်းအဝေး ကျင်းပ

စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေသစ် မူကြမ်းအား ပြင်ဆင်ဖြည့်စွက် အကြံပြုနိုင်ရန် ညှိနှိုင်း အစည်းအဝေးကို ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ စားသုံးသူရေးရာ ဦးစီးဌာန အစည်းအဝေး ခန်းမတွင် အောက်တိုဘာ ၃၁ရက်က ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်၊ စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယတိုင်း ဦးစီးမှူး ဦးကျော်ဋ္ဌေး၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းထွန်း၊ ဦးမြစိန်နှင့် အရာထမ်း၊ အမှုထမ်းများ၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင်၊ သက်ဆိုင်ရာ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ဆိုင်ပိုင်ရှင်များ၊ စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်က ၂၀၁၄ တည်ဆဲ ဥပဒေအပေါ် မူတည်၍ ရေးဆွဲထား သော စားသုံးသူရေးရာ ဥပဒေသစ်ကို အကြံပြုချက်ဖြည့်စွက်ချက်များနှင့် ပတ်သက်၍ ဝိုင်းဝန်း ဆွေးနွေး အကြံပြုပေးနိုင်ရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် စီးပွားရေးမူဝါဒ (၁၂)ရပ်နှင့် ရှေ့ဆက် ဆောင်ရွက်ရမည့် စီးပွားရေးမူဝါဒများတွင် စားသုံးသူရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အရေးကြီးသော အချက်များ ပါဝင်ကြောင်း၊ စားသုံးသူရေးရာ ကိစ္စရပ်များကို ယခုလည်း စည်းရုံးရေးနည်းလမ်းများနှင့် ဆောင်ရွက်နေသလို စီမံခန့်ခွဲရေးအပိုင်းနဲ့လည်း လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ စားသုံးသူဥပဒေ မူကြမ်း ပြင်ဆင်ဖြည့်စွက် အကြံပြုချက်များအား ဌာနအလိုက်ဖြစ်စေ၊ ပုဂ္ဂလိက အတွေ့အကြုံအရဖြစ်စေ အကြံပြုပေးပါရန် ဆွေးနွေးပြောကြားပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးကျော်ဋ္ဌေးနှင့် အစားအသောက် နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနမှ ဒေါက်တာ ပြည့်ဖြိုးတို့က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေသည် ကျယ်ပြန့်ပြီး ပြည်သူများအတွက် အထူးလိုအပ်သော ဥပဒေဖြစ်ကြောင်း၊ နိုင်ငံတကာ စံသတ်မှတ်ချက်များ ခိုင်လုံသော စားသုံးသူရေးရာ မူဝါဒတစ်ရပ် ချမှတ်ထားရှိရန်နှင့် လိုအပ်ချက်များကို အကြံပြုဆွေးနွေး၍ မိတ်ဖက်ဌာနများမှလည်း ဝိုင်းဝန်း ဆွေးနွေးအကြံပြု တင်ပြခဲ့ကြောင်း သိရပါတယ်။ **မင်းမင်းဦး**

# လယ်သမားအကျိုးစီးပွားမြှင့်တင်ရေးအတွက် ပြည်ပသို့စပါးတင်ပို့ခွင့်ပြုရန် ဆောင်ရွက်နေ

■ **ယခင်တစ်ပတ်မှအဆက်**

ဒီနှစ်ဇူလိုင်လအတွင်းက ဖိလစ်ပိုင်နိုင်ငံက ဆန်တန်ချိန်သုံးသိန်း ဝယ်ယူမယ်လို့ ကမ်းလှမ်းခဲ့ပြီး ဆန်အဝယ် တင်ဒါခေါ်ယူရာမှာ မြန်မာနိုင်ငံဟာ ဖိလစ်ပိုင်နိုင်ငံကပေးတဲ့ နိုင်ငံတကာ ပေါက်ဈေးနဲ့ ယှဉ်ပြိုင်နိုင်ခြင်း မပြုနိုင်တဲ့အတွက် ကမ္ဘောဒီးယားနိုင်ငံက အဲဒီတင်ဒါကို ရရှိသွားခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံကို ဆန် တင်ပို့ ရောင်းချနေရတယ်ဆိုပေမယ့်လည်း တရားမဝင်တင်ပို့ရောင်းချနေရသလို တရုတ်နိုင်ငံက သတ်မှတ်ထားတဲ့ AQSIQ စံသတ်မှတ်ချက်တွေအတိုင်း သတ်မှတ်ထားတဲ့ အရည်အသွေးနဲ့ အညီမတင်ပို့နိုင်တဲ့အတွက် နယ်စပ်ဖြတ်ကျော်တင်ပို့ရာမှာ အခက်အခဲတွေရှိနေခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် ၂၀၁၅ ခုနှစ်ကာလတုကထက် တန်ချိန် နှစ်သိန်းကျော် လျော့နည်းတင်ပို့ခဲ့ရပြီး တန်ချိန် ငါးသိန်းကျော်သာ တင်ပို့နိုင်ခဲ့တာ ဖြစ်ပါတယ်။ ယခုကာလအချိန်ဟာ မြန်မာနိုင်ငံမှာ စပါးသစ်ပေါ်နေချိန်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကောက်စောစပါးပေါ်ချိန်ဟာ တစ်ဖက်နိုင်ငံရဲ့ သီးနှံဈေးကွက် ဖြစ်ပေါ်ချိန်ရာသီနဲ့ ကိုက်ညီနေတာကို တွေ့ရပါတယ်။

ဒါ့အပြင် စပါးဟာကြာရှည်အထားခံတဲ့ ကုန်ပစ္စည်းဖြစ်သလို တစ်ဖက်နိုင်ငံမှာ အဆင့်မီကြိတ်ခွဲနိုင်တဲ့ ဆန်စက်တွေ ရှိတဲ့အတွက် တစ်ဖက်နိုင်ငံက ကုန်သည်တွေဟာ ဆန်ထက် စပါးကို ပိုပြီး ဝယ်ယူချင်တာ တွေ့ရပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေအရ ကောက်စောစပါးပေါ်ချိန်မှာ စပါး ဈေးကျဆင်းနေချိန်နဲ့ ရင်ဆိုင်နေရတာကြောင့် စပါးစိုက်ပျိုးသူ တောင်သူတွေဟာ အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်ကြုံတွေ့နေရတာဖြစ်ပါတယ်။

အဲဒီလိုတောင်သူတွေရဲ့ အခက်အခဲတွေအပြင် ပြည်ပဆန်တင်ပို့မှု လျော့နည်းကျဆင်းမှုကိုပါ ပေါင်းစပ်ညှိနှိုင်းနိုင်ဖို့အတွက် အောက်တိုဘာ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်ရေးဦးစီးဌာနရုံးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နဲ့မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါး တင်ပို့ရောင်းချသူ များအသင်းမှ တာဝန်ရှိသူများ၊ မူဆယ် နယ်စပ်ပဲပြောင်းနှမ်းကုန်စည်ဒိုင်နှင့် မူဆယ်ဆန်တင်ပို့ရောင်းချသူများ အသင်းမှ တာဝန်ရှိသူများတွေ့ဆုံပြီး ညှိနှိုင်းခဲ့ကြပါတယ်။

အဲဒီအစည်းအဝေးမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လောလောဆယ်တွင် တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားအတွက် အခက်အခဲဖြစ်နေသည့် ကိစ္စများအား အချိန်နှင့်တစ် ပြေးညီ ဖြေရှင်းပေးရန်လိုအပ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် တာဝန်ရှိသူ များအနေဖြင့် လုပ်သင့်လုပ်ထိုက်သည့် ကိစ္စရပ်များအား သက်ဆိုင်ရာ အသင်းအဖွဲ့များနှင့် ညှိနှိုင်းပြီး နိုင်ငံတော်၏ လမ်းညွှန်ချက်အရ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။

အဲဒီဆွေးနွေးပွဲကို တက်ရောက်လာကြတဲ့ လုပ်ငန်းရှင်အများစုကလည်း ပြည်ပဈေးကွက်ရှိတဲ့ စပါးတင်ပို့ခွင့်ကို စမ်းသပ်ခွင့်ပြုရန်၊ ခွင့်ပြုမယ့်ကာလကို အချိန်အတိုင်းအတာတစ်ခုအထိ ကန့်သတ်ခွင့်ပြုရန်၊ အစိုးရအနေဖြင့် အရန် ဆန်ဝယ်ယူရေး နည်းလမ်းကိုလည်း အသုံးပြုရေးအတွက် စဉ်းစားပေးရန်၊ ပြည်ပသို့ တင်ပို့မှုများအတွက် LC Financing ကိုလည်း သက်ဆိုင်ရာများက ဆောင်ရွက်ခွင့်ပြုပေးရန်၊ စပါးတင်ပို့မှုကို ကန့်ကွက်သည့် အဖွဲ့ရှိပါက ၎င်းအဖွဲ့က အခြေခံဈေးနှုန်းတစ်ခု သတ်မှတ်ပေးပြီး တောင်သူများထံမှဝယ်ယူပေးရန်၊ စပါးအထွက်နှုန်း တိုးမြှင့်ရေးဆောင်ရွက်ပေးရန်၊ ထုတ်လုပ်မှုကုန်ကျ စရိတ်လျှော့ချရေး ဆောင်ရွက်ပေးရန်၊ ပို့ကုန်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းအား ပို့ကုန်တိုးမြှင့်ရေးအတွက် ပယ်ဖျက်ပေးရန်နှင့်နှစ်ချုပ်အခွန်မှသာစုစည်း ကောက်ခံပေးရန် အပါအဝင် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးခဲ့ကြပါတယ်။

ယင်းဆွေးနွေးပွဲဟာ တောင်သူလယ်သမားများ အကျိုးဖြစ်ထွန်းစေရေး၊ ပြည်ပပို့ကုန်တိုးမြှင့်ရေး၊ တောင်သူများ ဆောင်းသီးနှံအချိန်မီ စိုက်ပျိုးနိုင်ရေး၊ မိုးစပါးထွက်ရှိရာတွင် ဈေးနှုန်းကျဆင်းမှုကြောင့်နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ဈေးကွက်ရှိတဲ့ ပြည်ပနိုင်ငံများသို့ စပါးတင်ပို့မှုအား ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရှိရပါတယ်။

ယခင်အစိုးရများလက်ထက်ကလည်း တရုတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ စပါးများ တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။

## ➲ စာမျက်နှာ ၁၂ - မြန်မာ့ဆန်စပါးဈေးကွက်။။မှအဆက်

အစိုးရအဖွဲ့၏ စိုက်၊ အောင်၊ ထွက်၊ ပိုလျှံထောက်ခံချက်ဖြင့် စပါးအတိုင်း တင်ပို့ခဲ့ တာရှိပါတယ်။ ဒါ့အပြင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၏ ထောက်ခံချက်နဲ့ ပုလဲသွယ်စပါးများအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၂၆ သန်း တန်ဖိုးရှိ ပုလဲသွယ်စပါး တန်ချိန် ၂၄၀၇၆ တန်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၁၃ သန်း တန်ဖိုးရှိ ပုလဲသွယ်စပါး တန်ချိန် ၅၀၀ တန်ကို စပါးအတိုင်း တင်ပို့ခဲ့ပါတယ်။ အလားတူ ရခိုင်ပြည်နယ် မောင်တောကုန်သွယ်ရေးစခန်းမှလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၆၈ သန်း တန်ဖိုးရှိ ပုလဲသွယ်စပါး တန်ချိန် ၂၆၀၀၀ တို့ကို တင်ပို့ခဲ့ပါတယ်။

စပါးအတိုင်း ပြည်ပသို့ တင်ပို့ခြင်းဖြင့် ထုတ်လုပ်သည့်နေရာ၊ စိုက်ကွင်း၊ လယ်ကွင်းများမှ ထွက်ရှိသော စပါးအား ဈေးကွက်သို့ တိုက်ရိုက်တင်ပို့နိုင်ခြင်း၊ ဆန်စက်များသို့ ပို့ဆောင်ခ၊ ကြိတ်ခွဲခ၊ ဆန်စက်မှ ပြန်လည်သယ်ယူခများ သက်သာခြင်း၊ စပါးသည် ဆန်ထက် ကြာရှည်စွာ သိုလှောင်ထားနိုင်သဖြင့် ရေရှည်သိုလှောင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါတယ်။

ပြည်ပသို့ စပါးအတိုင်းတင်ပို့သည်ဆိုစေကာမူ လက်ရှိတင်ပို့နေသည့် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ဒေသမှ တင်ပို့နေသည့် ဆန်ဈေးကွက်အား ဆက်လက်ထိန်းသိမ်းထားရှိရန် လိုအပ်ပါတယ်။ ဆန်စပါးအားပြည်ပဈေးကွက်သို့ပိုမိုတင်ပို့ရာတွင် ပြည်တွင်းစားသုံးမှုအား မထိခိုက်စေရေးအတွက် စပါးစိုက်ပျိုးသော အခြားနိုင်ငံများကဲ့သို့ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

လက်ရှိစပါးဈေးကွက် အခြေအနေအရ စပါးဈေးကျနေတဲ့အတွက် လယ်သမားများ တွက်ချေကိုက်မှုရှိအောင် စပါးအတိုင်း တင်ပို့ပါက အတိုင်းအတာတစ်ခုအထိ ဈေးတက်လာနိုင်မှာ ဖြစ်ပါတယ်။ ပြည်တွင်းရှိဆန်စက်များ၏ လည်ပတ်မှုကိုလည်း မထိခိုက်စေရေးအတွက် ပြည်ပသို့ စပါးအတိုင်း အချိန်ကာလတစ်ခု သတ်မှတ်တင်ပို့သင့်ကြောင်း သုံးသပ်ပါတယ်။

ဆန်စပါးဈေးနှုန်းတည်ငြိမ်ရေး၊ စပါးစိုက်ပျိုးထုတ်လုပ်သော တောင်သူများအနေဖြင့် သင့်တင့်သော အကျိုးအမြတ်ရရှိရေး၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များ လျော့ကျအောင် ဆောင်ရွက်ရေး၊ သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်များ လျော့ကျအောင် ဆောင်ရွက်ရေး၊ သွင်းအားစု ပစ္စည်းများ ဈေးနှုန်းသက်သာအောင် ဆောင်ရွက်ရေး၊ အထွက်နှုန်းတိုးရေး၊ ပြည်ပဈေးကွက်တွင် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေး၊ စိုက်ပျိုးထားသည့် စပါးအထွက်နှုန်း ပိုမိုထွက်ရှိရေး၊ ထွက်ရှိလာသည့် စပါးများအား အရည်အသွေးကောင်းမွန်သည့် ဆန်ထွက်ရှိရေးအတွက် ခေတ်မီဆန်စက်များနှင့် ကြိတ်ခွဲရေး၊ ကြိတ်ခွဲထွက်ရှိလာသည့် ဆန်များအား နိုင်ငံတကာ သတ်မှတ်ချက်နှင့်အညီ သိုလှောင်ထားရှိရေး၊ သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်အပါအဝင် ထုတ်လုပ်မှုကုန်ကျစရိတ် လျော့နည်းသက်သာစွာနှင့် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးတို့ကို သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အသင်းအဖွဲ့များ၊ တောင်သူများအပါအဝင် Supply Chain တစ်လျှောက်လုံး ဟန်ချက်ညီ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ လမ်းညွှန်မှု၊ စီမံခန့်ခွဲမှု၊ ကဏ္ဍအလိုက် တိကျစွာ တာဝန်ပေးအပ်မှုတို့နှင့် အားလုံးပူးပေါင်းဆောင်ရွက်မယ်ဆိုရင် မကြာမီကာလမှာ မြန်မာ့ဆန်ဟာ နိုင်ငံတကာဈေးကွက်မှာ ယှဉ်ပြိုင်နိုင်မှာ ဖြစ်တဲ့အကြောင်း သုံးသပ်ရေးသားလိုက်ပါတယ်။

### စာဖတ်ပရိသတ်များသို့ တောင်းပန်ခြင်း

ယခင်တစ်ပတ် အောက်တိုဘာ ၃၁ ရက်က ထုတ်ဝေဖြန့်ချိခဲ့သည့် ကောမတ်စ်ဂျာနယ်အတွဲ(၁၄)၊အမှတ်(၄၁)တွင် မျက်နှာဖုံးဆောင်းပါးအဖြစ် ဖော်ပြခဲ့သည့် “လယ်သမားအကျိုးစီးပွား မြှင့်တင်ရေးအတွက် ပြည်ပသို့ စပါးတင်ပို့ခွင့်ပြုရန် ဆောင်ရွက်နေ” ဟူသည့်သတင်းဆောင်းပါးအား ပြီးဆုံးသည်အထိ ဖော်ပြရန် ကျန်ရှိခဲ့ပါသည်။ အဆိုပါသတင်းဆောင်းပါးအဆက်အား ယခုတစ်ပတ်တွင် ဆက်လက်ဖော်ပြလိုက်ပါသည်။ ယခုကဲ့သို့ ဆောင်းပါးအဆက် ကျန်ရှိခဲ့ခြင်းအတွက် စာဖတ်ပရိသတ်များအားစိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည့်အတွက် အနူးအညွတ်တောင်းပန်အပ်ပါသည်။

**အယ်ဒီတာအဖွဲ့**

MYANMAR DAIRY INDUSTRIES LTD.

# SWEETY ရေခဲမုန့်

Super Premium Ice cream



၅၂-၂၇၊ ရန်ကုန်-မန္တလေးလမ်းနှင့်ရတနာပုံတက္ကသိုလ်လမ်း

တောင်မြင့်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

09-91014683
09-256528630
09-33533328
02-51-53494
02-51-53768

## SINMA FURNISHINGS CO., LTD.

SINMA® FURNISHINGS



- No. 103/A, Dhamazedi Road, Kamayut Township, Yangon, Myanmar.
  Tel : +95-1-539413, +95-9-4500 35694
- 3rd Floor, Thiri Mingalar Market (Old Building) KyeeMyinTaing Township, Yangon.
  Tel: +95-1-2300974, 2301004, 2301008, Fax: +95-1-2315581 Email: info@sinmafurniture.com
- No. 51, 62nd Street, Between Ma Naw Ha Yi Street & Sein Pan Street, Chan Mya Tha Si Township, Mandalay.
  Tel: +95-2-81698, +95-9-91036216, +95-9-444020510, +95-9-457183540
- No. 2, Thiri Yadana Road, Corner of Zayar Htarni Road, Commercial Complex, Ottayathiri Township, Naypyitaw, Myanmar.
  Tel: +95-67-433312, +95-67-433325, Hotline : +95-67-433316

Sealite Avlite SOLAR-LED TECHNOLOGY TRADING CO.Ltd

www.sealite.com.au

www.hnnbiz.myanmarseashine.com

ဩစတေးလျနိုင်ငံမှ ထုတ်လုပ်သော နေရောင်ခြည်စွမ်းအင်သုံး LED အချက်ပြမီးလုံးများ

* လေကြောင်းဆိုင်ရာ နေရောင်ခြည်စွမ်းအင်သုံး Emergency Runway & Airfield Lighting Systems များ
* Telecom Tower တိုင်များတွင် အသုံးပြုသောနေရောင်ခြည်စွမ်းအင်သုံး LED Obstruction Lightများ
* ပင်လယ်ရေကြောင်းဆိုင်ရာ Marine Lanterns, Bridge Light, Barge Light, Area Lighting, Monitoring & Control Systems, Marine Buoys, Monitoring Systems & Accessories များကို ကျွန်တော်များ SOLAR-LED TECHNOLOGY TRADING CO.,LTD မှ တိုက်ရိုက်တင်သွင်းရောင်းချပေးနေပါသည်။



Obstruction Light (Solar/AC) - ၁၅ နှစ် အာမခံ



Obstruction Light

Area Light (Solar)

Obstruction Light



Area Light (Solar)

AUTHORIZED DISTRIBUTOR :HNN MARINE RESOURCES (YANGON) LTD

SALES CENTER : NO 10/12, 1ST FLOOR, BOGALAY ZAY ST. BOTAHTAUNG TOWNSHIP YANGON, MYANMAR.

PH : 01-392210, 392278

FAX: 01-392208 EMAIL : aungmyint@gmail.com

# Ayeyar Hinthar Holdings Company Limited







Hot Lines : + 959783666 141~144

SUZUKI Way of Life!

Ayeyar Hinthar Motors





SEVEN 7 ALUMINIUM



Fabrication & Installation of Aluminium Products

**YANGON**
# 1106, Ye Ta Khon Tower, 531, Lower Kyee Myin Daing Road, Kyee Myin Daing Township, Yangon,Myanmar.

Tel : +951 – 508070 ~ 1, 508232~4
Fax : +951 – 508071
Hotline : +959 – 97634 7770, + 959 – 97634 8880
Email : marketing@7aluminium.com,sales@7aluminium.com

**NAYPYITAW**
# 39, Shopping Complex, Za Bu Thiri Township, Nay Pyi Taw.
Tel : 067 – 422 363,25855
Fax : 067 – 422 355



## ပြောင်း

### အောက်တိုဘာလအတွင်း တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန်တစ်သိန်းကျော် တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီး စခန်းစုံမှ အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၃၆ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၂၈၅၅၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၂၉၃၅ တန်ကျော်၊ လွယ်ဂျယ်မှ ၄၁၈၆ တန်နီးပါး၊ ချင်းရွှေဟော်မှ ၁၂၁၁တန်ကျော်နဲ့ ကန်ပိုက်တီးမှ တန် ၂၂၀ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က အဆိုပါစခန်းလေးခုပေါင်းမှ ပြောင်းတန်ချိန် ၂၀၃၃၅ တန်ကျော် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ပြောင်းတန်ချိန် ရှစ်ထောင်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ အောက်တိုဘာလအတွင်း တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန်ပေါင်း တစ်သိန်းကျော်အထိ တင်ပို့နိုင်ခဲ့တယ်လို့ စခန်းမှစာရင်းများအရ သိရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ အောက်တိုဘာ ၂၁ ရက်က ပြောင်းတစ်တန်ကို ၂၈၁၂၀၀ ကျပ်ရှိရာ အောက်တိုဘာ ၂၈ ရက်မှာတော့ ၂၆၆၀၀၀ ကျပ်သို့ ဈေး အနည်းငယ်ကျဆင်းခဲ့ကြောင်း၊ သယ်ယူစရိတ်မှာ တစ်ပိဿာ ၄၅-၄၈ ကျပ်ရှိပြီး ကားစီးရေ ၇၁၆ စီး ဝင်ရောက်ခဲ့ကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။

**မော်မော်အောင်**

### မုံရွာ ကုန်စည်ဒိုင်သို့ CP အစေ့ထုတ်ပြောင်းသစ်များ ဝင်ရောက်

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မိုးအစေ့ထုတ်ပြောင်း CP စိုက်ပျိုးရန်လျာထားဧက ၁ ဒသမ ၈ သိန်းကျော်အနက် ဧက ၁ ဒသမ ၇ သိန်းကျော် စိုက်ပျိုးပြီး ရာခိုင်နှုန်းအားဖြင့် ၉၄ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ပါတယ်။

ယခုအချိန်မှာ CP ပြောင်းအသစ်များကို ကန့်ဘလူခရိုင်မှ အများဆုံး စိုက်ပျိုးထွက်ရှိပြီး ရွှေဘို၊ ချောင်းဦး၊ ယင်းမာပင် စသည့်မြို့နယ်များမှလည်း စိုက်ပျိုးလျက်ရှိကာ မုံရွာကုန်စည်ဒိုင်သို့ နေ့စဉ် ပိဿာ ၃၀ ဝင်အိတ် ၂၀၀ မှ ၃၀၀ ထိဝင်ရောက်လျက်ရှိကြောင်း သိရှိရပါတယ်။ ဒေသတွင်းသုံးအတွက် လုံလောက်စွာ မထွက်သေးကြောင်း ကုန်စည်ဒိုင် သတင်းရပ်ကွက်မှ သိရပါ တယ်။

CP ပြောင်းသစ်ထွက်ပေါ်၍ ဈေးအနည်းငယ် ကျခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်၌ အောက်တိုဘာလအတွင်း တစ်ပိဿာကို နိမ့်/ မြင့် ပေါက် ဈေးနှုန်းများမှာ ကျပ် ၃၀၀-၃၅၀ ရှိပြီး နိုဝင်ဘာလ ပထမပတ်တွင်း တစ်ပိ သာကို နိမ့်/ မြင့် ကျပ် ၂၈၀-၂၉၀ နှုန်း ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိနေကြောင်း သိရှိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## တစ်သျှူးငှက်ပျော

### ကန်ပိုက်တီးကုန်သွယ်ရေးမှ တစ်သျှူးငှက်ပျောပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၅၇၉၂၀၇ တန်ဖိုးရှိတစ်သျှူးငှက်ပျောတန် ၈၁၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၆၅၀၀ တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ တန် ၁၆၀၀ ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။

တစ်သျှူးငှက်ပျောပင်များကို ကချင်ပြည်နယ် ဝိုင်းမော်ဒေသတစ်ဝိုက်မှာ ဘိန်းအစားထိုးသီးနှံအဖြစ် စိုက်ပျိုးကြပါတယ်။ အောက်တိုဘာလအတွင်း ကန်ပိုက်တီးနယ်စပ်ပေါက်မှ တစ်ဆင့်တရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောတန်ချိန်ပေါင်း နှစ်သောင်းကျော်အထိ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

## ပဲရဆေး

### ပဲရဆေးကုန်ကြမ်း တန်ချိန်သုံးထောင်ကျော်တင်ပို့

အောက်တိုဘာလအတွင်း မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပဲရဆေး ကုန်ကြမ်းတန်ချိန် သုံးထောင်ကျော်အထိ တင်ပို့နိုင်ခဲ့ပါတယ်။ အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၁၇သန်း တန်ဖိုးရှိ ပဲရဆေးကုန်ကြမ်းအမယ် ၁၄မျိုးကို တန်ချိန်အားဖြင့် ၉၇၅တန်ကျော် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပဲရဆေးအမယ်များမှာ တောချင်း၊ တောဂျုံးမြစ်၊ ဒရင်ကောက်မြစ်၊ ဆီးဆန်၊ ဆီးသီးခြောက်၊ စကားပန်းပွင့်ခြောက်၊ ကွမ်းသီးခွံ၊ ကွမ်းစား ဂမုန်း၊ ဆေးမြင်းခွာ၊ နန္ဒင်းတက်၊ ကြောင်ပန်းစေ့၊ မိကျောင်းကွမ်းဖတ်စေ့နဲ့ ချဉ်ပေါင်ဖာလာ (အခွံပါ၊ မပါ) တို့ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တန် ၃၀၀ ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ပဲရဆေးတင်ပို့မှု ၆၇၅တန်ခန့် ပိုမိုခဲ့ကြောင်း၊ ယခုတစ်ပတ် နေလဲစေ့တင်ပို့မှုမရှိပေမယ့် ကြောင်ပန်းစေ့၊ စကားပန်းပွင့်ခြောက်နဲ့ ချဉ်ပေါင်ဖာလာ (အခွံမပါ) တင်ပို့မှုရှိသဖြင့် တင်ပို့မှုပိုမိုရခြင်းဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**

# Asian Oceanian Computing Industry Organization (ASOCIO) ICT Summit 2016 ကျင်းပမည်

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ကြီးကြပ်မှုဖြင့် Asian Oceanian Computing Industry Organization (ASOCIO) ICT Summit 2016 ကို ရန်ကုန်မြို့ရှိ Novotel Hotel Max တွင် နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ASOCIO ၏ အဖွဲ့ဝင်နိုင်ငံများမှ ကွန်ပျူတာပညာရှင်များနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ ပညာရှင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များ၊ လုပ်ငန်းရှင်များ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ASOCIO အဖွဲ့ဝင်နိုင်ငံများမှာ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်(တိုင်ပေ)၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ လာအို၊ မကာအို၊မလေးရှား၊ မွန်ဂိုလီးယား၊ မြန်မာ၊ နီပေါ၊နယူးဇီလန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ကိုရီးယား၊ သီရိလင်္ကာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ပြီး လက်ရှိတွင် အသင်းဝင် ICT ကုမ္ပဏီပေါင်း တစ်သောင်းကျော်နှင့် နှစ်စဉ်ဒေသတွင်းတွင် ICTလုပ်ငန်းများမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၅၀ ရရှိနေကြောင်း သိရသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်သည် ASOCIO ၏ အသင်းဝင်အဖြစ် ၁၉၉၈ ခုနှစ်ကတည်းက ဝင်ရောက်ခဲ့ သည်။

ASOCIO အဖွဲ့အစည်းကြီးသည် နှစ်စဉ်နှစ်ပတ်လည် နှီးနှောဖလှယ်ပွဲများအား အဖွဲ့ဝင်နိုင်ငံများ၌ လက်ခံကျင်းပစေပြီး အိမ်ရှင်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုလျက် ဦးစားပေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဝါရင့်အတွေ့အကြုံရှိ ပညာရှင်များ၏ ဟောပြောပွဲများ၊ Pannel Discussion များ၊ ICT ဆိုင်ရာလုပ်ငန်းရှင်များ အပြန်အလှန်ချိတ်ဆက်မှုများ ရရှိစေရေးကို စီစဉ်ဆောင်ရွက်ပေးသည့် အခမ်းအနားတစ်ခုဖြစ်သည်။

ယခုကျင်းပသည့် အခမ်းအနားသည် အသင်းဝင်နိုင်ငံများ အလှည့်ကျကျင်းပရသည့် အခမ်းအနားတစ်ခုဖြစ်ပြီး ယခုနှစ်သည် မြန်မာနိုင်ငံ၌ ကျင်းပရမည့်နှစ်ဖြစ်သည်ဟု ဆိုသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် မြန်မာနိုင်ငံ အပါအဝင် အာဆီယံ ၁၀ နိုင်ငံအနေဖြင့် ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းလုပ်ဆောင်ခြင်းအား အရှိန်အဟုန်မြှင့်၍ အာဆီယံ စီးပွားရေးအသိုက်အဝန်းအား ချိတ်ဆက်နိုင်ရန် အာဆီယံ ၁၀ နိုင်ငံအပါအဝင် အခြားသောအာရှနှင့် သမုဒ္ဒရာဒေသတွင်း ၁၄ နိုင်ငံမှ ICT ဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့်အတူ ကြီးမားသော စီးပွားရေးလုပ်ငန်းများနှင့် အတူ ကြီးမားသော စီးပွားရေးအခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်အတွင်းက မလေးရှားနိုင်ငံက အလှည့်ကျနိုင်ငံအဖြစ် ကျင်းပခဲ့ပြီး ယခုနှစ်တွင် မြန်မာနိုင်ငံက အလှည့်ကျနိုင်ငံအဖြစ် ကျင်းပခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းအခမ်းအနားတွင် Business Matching များကိုလည်း ထည့်သွင်း ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံအတွင်းရှိ ကွန်ပျူတာလုပ်ငန်းရှင်များ၊ ကွန်ပျူတာပညာရှင်များအနေဖြင့် ASOCIO အဖွဲ့ဝင်နိုင်ငံများမှ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ဆွေးနွေးဖလှယ်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါအခမ်းအနားတွင် ICTနှင့်ပတ်သက်သည့်ဆုများကိုလည်း ပေးအပ်ချီးမြှင့်မည်ဖြစ်ရာ ယခုလောလောဆယ်တွင် ဆုပေါင်း ၂၃ ဆုအထိ ချီးမြှင့်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**မယ်သီတာ**

### အောက်တိုဘာလအတွင်း တရုတ်နိုင်ငံသို့ ပျားရည်တန် ၉၀ နီးပါး တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် အောက်တိုဘာလအတွင်း တရုတ်နိုင်ငံသို့ ပျားရည် တန် ၉၀ နီးပါး တင်ပို့နိုင်ခဲ့ပါတယ်။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၂၅၁၀ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင် ပျားမွေးမြူရေး လုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့တွင် အများဆုံး လုပ်ကိုင်လျက်ရှိကြောင်း၊ ပျားရည်တွင် ဆီးပျားရည်၊ လဲမှို့ပျားရည်၊ နေကြာပျားရည်နဲ့ ပန်း နှမ်းပျားရည်ဆိုပြီး မှီတွယ်ရတဲ့သစ်ပင် အမျိုးအစားအလိုက် ပျားရည်ရရှိကာ ပြည်ပဈေးကွက်သို့ တင်ပို့ကြကြောင်း သိရပါ တယ်။

**မော်မော်အောင်**

## ရော်ဘာ

### အောက်တိုဘာလအတွင်း အနီးစပ်ဆုံးလထက် ရော်ဘာ ပိုမိုတင်ပို့

အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိ သီတင်းပတ်အတွင်း မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၈၆ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ ၁၂၈၇ တန် ကျော်တင်ပို့ခဲ့ရာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS 1 ၅ တန်၊ RSS 3 ၁၀၅၃ တန်၊ MSR 20 ၂၁၂ တန်နဲ့ ချင်းရွှေဟော် ကုန်သွယ် ရေးစခန်းမှ RSS 3 ၁၇ တန် တင်ပို့ခဲ့ပါတယ်။ အောက်တိုဘာလ တစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၄၅ သန်းဖိုးရှိ ရော်ဘာအဆင့်စုံ တန် ၄၃၅၀ ကျော် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး စက်တင်ဘာက ၄၀၅၇ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် အောက်တိုဘာလအတွင်း မှာ ၂၉၃ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးမှာ RSS3 တစ်တန်ကို ကျပ် ၁၆ ဒသမ ၅၃ သိန်းရှိပြီး ယခုတစ်ပတ် ရော်ဘာဈေးအတိုင်း ပြောင်းလဲမှုမရှိကြောင်း သိရပါတယ်။ ဒေသပေါက်ဈေးအနေနဲ့ မော်လမြိုင်မှာ RSS 3 တစ်တန်ကို ကျပ် ၁၅ ဒသမ ၇ သိန်းနဲ့ RSS 5 တစ်တန်ကို ကျပ် ၁၃ ဒသမ ၅ သိန်းရှိပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၈၈ သန်းတန်ဖိုးရှိ ရော်ဘာ ၁၂၄၇ တန် ကျော် တင်ပို့ခဲ့ပြီး၊ နိုင်ငံအလိုက်တင်ပို့မှုများမှာ မလေးရှားနိုင်ငံသို့ RSS 3 ၇၀၈ တန်နဲ့ RSS 2 ၂၃၂ တန်၊ စင်ကာပူနိုင်ငံသို့ MSR 20 ၃၀၇ တန်ကျော်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၂၃၁၈ တန်လျော့နည်းခဲ့ပါတယ်။ အောက်တိုဘာလတစ်လလုံးမှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၇၇ သန်းဖိုးရှိ ရော်ဘာ ၅၄၆၈ တန်ရှိခဲ့ပြီး အနီးစပ်ဆုံး စက်တင်ဘာလက ၉၁၄ တန်ကျော်သာ တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုလမှာ ၄၅၅၄ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

နိုင်ငံတကာရော်ဘာဈေးမှာ ယခုတစ်ပတ် တစ်တန်လျှင် ဒေါ်လာ ၅၀ ကျော် ဈေးတက်လာတဲ့အတွက် ပြည်ပတင်ပို့မယ့် ရော်ဘာကိုလည်း တစ်တန်လျှင် ဒေါ်လာ ၅၀ တိုး၍ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်ထုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**




## တန်ချောင်မြန်မာမော်တာ ကုမ္ပဏီလီမိတက်မှ Nissan Sunny ဆီဒင်ကားသစ်ကို စတင်မိတ်ဆက်

နစ်ဆန်းကားများကို ထုတ်လုပ်ဖြန့်ချိခွင့်နှင့် ဖြန့်ဖြူးခွင့်ရထားသော တန်ချောင် မြန်မာမော်တာကုမ္ပဏီလီမိတက်သည် ကမ္ဘာတစ်လွှားတွင် ရောင်းအားအကောင်းဆုံးဖြစ်သော Nissan Sunny ဆီဒင်ကားသစ်ကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ မြန်မာပလာဇာတွင် မိတ်ဆက်ပြသခဲ့သည်။

ယခုမိတ်ဆက်ပွဲမှာ တရားဝင်မိတ်ဆက်ခြင်းမဟုတ်ဘဲ Nissan Sunny ဆီဒင်ကားသစ်ကို ဝယ်ယူလိုသူများအတွက် လာရောက်လေ့လာနိုင်စေရန် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ ၄ ရက်မှ ၆ ရက်အထိ ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ Nissan Sunny ဆီဒင်ကားသစ်ကို မှာယူလိုသူများအနေဖြင့် နိုဝင်ဘာ ၁ ရက်မှစတင်ကာ ကြိုတင်မှာယူနိုင်ကြောင်းလည်း သိရသည်။ Nissan Sunny ကားသစ်ကို အမေရိကန်ဒေါ်လာ ၁၅,၉၈၈++ ဖြစ်ပြီး အရောင်ခွဲလေးမျိုး၊ ဂရိတ် ခွဲသုံးမျိုးဖြင့် ထုတ်ပေးထားသည်။

ဂရိတ်ခွဲများမှာ SL (AT), SV (AT) နှင့် (MT) ဂရိတ်တို့ဖြစ်ကြပြီး ယင်းကားအားလုံးတွင် 1.5L အင်ဂျင်ကို အသုံးပြုပေးထားသည်။ ထို့အပြင် ကျယ်ဝန်းသောအတွင်းခန်း၊ ၁၅လက်မရှိသည့် တောင့်တင်းခိုင်မာသော အလွိုင်းဘီး အစရှိသည်တို့အပြင် အဝေးထိန်းသော့နှင့် ခလုတ်နှိပ်ရုံဖြင့် အင်ဂျင်နှိုးနိုင်သောစနစ်တို့ကိုလည်း ထည့်သွင်း ပေးထားသည်။ အရောင်အတွက် အဖြူ၊ အနက်၊ ငွေရောင်နှင့် ကြေးနီရောင်အရင့်တို့ကို ရွေးချယ်နိုင်သည်။

Nissan Sunny ဆီဒင်ကားသစ်အကြောင်းကို ထပ်မံသိရှိလိုသူများအနေဖြင့် www.nissan.com.mm တွင် ဝင်ရောက်လေ့လာနိုင်သည့်အပြင် တရားဝင်အရောင်းကိုယ်စားလှယ်ကြီးများဖြစ်ကြသော United Diamond Motor Co. Ltd, (ရန်ကုန်၊ ၀၉-၂၅၇ ၅၈၇ ၇၇၈), Pacific Alliance Motor Co. Ltd, (မန္တလေး၊ ၀၉-၇၇၇ ၇၀၀၃၆၁) နှင့် Shwe Sagaing Motor Service Co. Ltd, (စစ်ကိုင်း၊ ၀၉-၉၅၇ ၅၅၁၉၄၄) သို့လည်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **မယ်သီတာ**

## AYA Bank ၏ ချေးငွေဖြင့် နိုင်ငံတကာအဆင့်မီဒီပလိုမာ၊ ဘွဲ့နှင့် ဘွဲ့လွန်သင်တန်းများအား ဆက်လက်ဆည်းပူးနိုင်ပြီ




ဧရာဝတီဘဏ်၏ ချေးငွေများဖြင့် နိုင်ငံတကာအဆင့်မီ ဒီပလိုမာ၊ ဘွဲ့နှင့် ဘွဲ့လွန်သင်တန်းများအား ဆက်လက်ဆည်းပူးနိုင်ပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌နာမည်ကြီးလျက်ရှိသည့် Strategy First Institute, Myanmar Imperial College, Myanmar Metropolitan College (MMC)နှင့် Myanmar Institute of Business တို့နှင့် ဧရာဝတီဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လက်မှတ်များ ရေးထိုးခဲ့ကြပြီးဖြစ်သည်။

ဧရာဝတီဘဏ်ချေးငွေဖြင့် နိုင်ငံတကာအဆင့်မီပညာရေးကိုဆက်လက်သင်ကြား ဆည်းပူးလိုသူများအနေဖြင့် အနည်းဆုံးလစာငွေ ကျပ်တစ်သိန်းခွဲရှိရမည်ဖြစ်ပြီး အသက် ၁၈ နှစ်မှ ၆၅ နှစ်အထိ လျှောက်ထားနိုင်ကြောင်း သိရသည်။

ဧရာဝတီဘဏ်၏ Education Loan အစီအစဉ်အရ သင်တန်းကြေး၏ အများဆုံး ၈၀ ရာခိုင်နှုန်းအထိ Financing ချေးယူနိုင်ပြီး Monthly Instalment Plan ဖြင့် သင်တန်းပြီးဆုံးသည်အထိ ပြန်လည်ပေးဆပ်နိုင်ပါသည်။ သင့်တင့်သော အတိုးနှုန်းဖြင့် လစဉ် ပြန်လည်ပေးဆပ်နိုင်ရန် တစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်း (Amortization Method) ဖြင့်သာ တွက်ချက်ထားပြီး အာမခံပစ္စည်း ကင်းလွတ်ခွင့်ရှိကြောင်း သိရသည်။

အသက် (၁၈)နှစ်မှ အသက် ၆၅ နှစ်အထိ ကိုယ်ပိုင်ဝင်ငွေရှိသူတိုင်း လျှောက်ထားနိုင်ပြီး အသက် (၁၈)နှစ်အောက်(သို့မဟုတ်) ဝင်ငွေသတ်မှတ်ချက် မပြည့်မီပါက မိသားစုဝင်တစ်ဦး၏ ဝင်ငွေနှင့်အတူ ပူးတွဲလျှောက်ထားနိုင်ကြောင်း သိရသည်။

ထိုအချက်အလက်များနှင့်ပြည့်စုံပါက ဧရာဝတီဘဏ်နှင့် ချိတ်ဆက်ထားသော မြန်မာနိုင်ငံရှိ မိတ်ဖက် (Partner) ထိပ်တန်းနာမည်ကြီးကျောင်းများတွင် AYA Education Loan အား လျှောက်ထားနိုင်ကြောင်း သိရသည်။ AYA Education Loan အား လျှောက်ထားသူသည် အနည်းဆုံး ကနဦးပေးသွင်းငွေ ၂၀ ရာခိုင်နှုန်းကို ပေးချေ၍ ကျောင်း စတင်တက်ရောက်နိုင်ကြောင်း သိရသည်။

AYA Education Loan အစီအစဉ်ဖြင့် မြန်မာနိုင်ငံအတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေး အခွင့်အလမ်းကောင်းများ ရရှိနိုင်မည့်အပြင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အရည်အချင်းပြည့်ဝသော ကျွမ်းကျင်ဝန်ထမ်းများ လိုအပ်ချက် များပြားလာမှုကို ဖြည့်ဆည်းပေးရန်အတွက် ရည်ရွယ်ပြီး များစွာသော ပညာရေးအစီအစဉ်များကို ချက်ချင်းလွယ်ကူစွာ ငွေပေးချေနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

Education Loan ကို ကျောင်းသား၊ ကျောင်းသူများအားလုံးအတွက် ရည်ရွယ်၍ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး AYA Credit Cards, Debit Cards များဖြင့် ငွေပေးချေမှုအဆင်ပြေစေရန်အတွက် ကျောင်းအများအပြားတွင် POS စက်များကိုလည်း တပ်ဆင်ပေးထားကြောင်း သိရသည်။ **မယ်သီတာ**

## Dow က အဆင့်မြင့်နည်းပညာသုံး ခေတ်မီရေသန့်စင်နည်းပညာများအား မိတ်ဆက်




နယူးယောက်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီတစ်ခုဖြစ်သည့် Dow သည် မြန်မာနိုင်ငံရန်ကုန်မြို့၊ ဦးဝိစာရလမ်း၌ကျင်းပခဲ့သည့် Myanmar Water 2016 တွင် ရေသန့်စင်ရေးဆိုင်ရာ နည်းပညာများနှင့် စက်ပစ္စည်းများအား လာရောက်ပြသခဲ့ကြောင်း သိရသည်။

Dow သည် စက်ရုံထွက်မီးခိုးနှင့် အမှိုက်သရိုက် စသည်တို့ကြောင့် ညစ်ညမ်းနေသော ရေအား စိတ်ချစွာသုံးစွဲနိုင်သည်အထိ သန့်စင်ပေးသည့် နည်းပညာများထုတ်လုပ်သည့် ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်ကုမ္ပဏီကြီးတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် Dow ၏ ထုတ်ကုန်များအား ပြသသည့် ရည်ရွယ်ချက်မှာ စက်ရုံအလုပ်ရုံများမှ စွန့်ထုတ်လိုက်သော ရေဆိုးအား အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်ရန်၊ သန့်စင်ပေးနိုင်ရန်နှင့် လူနေအိမ်များအတွက် စိတ်ချရသော သောက်သုံးရေလိုအပ်ချက်ကို ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်၍ ပြသရခြင်းဖြစ်ကြောင်း သိရသည်။

Dow သည် ၎င်း၏ကုမ္ပဏီမှထုတ်ကုန်များကို Myanmar Water 2016 တွင် ပထမဆုံးအကြိမ် လာရောက်ပြသခြင်းဖြစ်ပြီး ကုမ္ပဏီအား နိုင်ငံတကာတွင် ဦးဆောင်နိုင်စေသည့် ၎င်း၏နည်းပညာများဖြစ်သည့် Reverse Osmosis (သောက်ရေထဲမှ မလိုအပ်သော သံဓာတ်၊ မော်လီကျူးနှင့် အမှုန်များအား ဖယ်ရှားသန့်စင်ပေး သည့်နည်းပညာ)၊ Ultrafiltration (ဘက်တီးရီးယား၊ ဗိုင်းရပ်စ်၊ သဲ၊ နုန်း၊ အမှုန်များနှင့် ကလိုရင်းဒဏ်ခံနိုင်သော ပိုးမွှားများအား ဖယ်ရှားစစ်ထုတ်ပေးသည့်နည်းပညာ)နှင့် Ion Exchange resins (လျှပ်စစ်ဓာတ်သဘောအရအဖို (သို့) အမ ဖြစ်သော အဏုမြူ ဖလှယ် ရန်သုံးသော ကော်စေ့၊ ၎င်းကော်စေ့သည် ရေသန့်စင်ရာတွင်သုံးသည်) တို့အား ပွဲတွင် ပြသသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဆိုင်ရာ Dow Chemical ကုမ္ပဏီလီမိတက်၏ မန်နေဂျာ Frank Liu က "မြန်မာပြည်မှာ အသစ်ဖွင့်လှစ်လိုက်တဲ့ ကုမ္ပဏီအနေနဲ့ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် လျှောက်လှမ်းနေတဲ့ နိုင်ငံအတွင်းရှိ ပြည်သူတွေရဲ့ဘဝတွေ တိုးတက်မှုကို ပံ့ပိုးလုပ်ဆောင်နိုင်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ ရေဟာ လူသားတိုင်းအတွက်မရှိမဖြစ် အရေးကြီးပါတယ်။ Dow ရဲ့ နည်းပညာတွေကို မြန်မာနိုင်ငံအတွင်း ယူဆောင်လာနိုင်တဲ့အတွက်နိုင်ငံတွင်း စီးပွားရေးကို ရေရှည်ထိန်းထားနိုင်ဖို့နဲ့ လူတိုင်းသန့်ရှင်းပြီး အန္တရာယ်ကင်းတဲ့ သောက်ရေကို လက်လှမ်းမီ သောက်သုံးနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သည်။ **မယ်သီတာ**

## အောက်တိုဘာလကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆၄ ခုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၉ ခုအထိရှိလာခဲ့

ယခုနှစ်နှစ်စမှ အောက်တိုဘာလကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆၄ ခုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၉ ခုတို့ကို ခွင့်ပြုပေးခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုများ၏ ပမာဏစုစုပေါင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၂၀၄၃ ဒသမ ၂၈၉ဖြစ်ပြီး မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုတွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၁၅၅ ဒသမ ၈၉၅ နှင့် ကျပ်သန်းပေါင်း ၂၈၂၇၂၄ ဒသမ ၂၇၉ ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၂၈ ရက်တွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၆)မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၁၂ ခုကို ခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၃၈၀ ဒသမ ၄၅၄ နှင့် အလုပ်အကိုင်ပေါင်း ၇၇၅၃ ခုကို ဖန်တီးပေးနိုင်ခဲ့သည်။

အဆိုပါခွင့်ပြုလုပ်ငန်း ၁၂ ခုတွင် စက်မှုလုပ်ငန်း ခုနစ်ခု၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးလုပ်ငန်း နှစ်ခု၊ မွေးမြူရေး/ရေလုပ်ငန်းတစ်ခု၊ အခြားဝန်ဆောင်မှုလုပ်ငန်းတစ်ခုနှင့် လျှပ်စစ်ဓာတ်အားလုပ်ငန်းတစ်ခုတို့ကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခုနစ်ခုခွင့်ပြုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာသန်းပေါင်း ၅၆ ဒသမ ၀၀၉ နှင့် ကျပ်သန်း ၁၀၇၆၉၇ ဒသမ၁၄၀ နှင့်အလုပ်အကိုင်ပေါင်း ၁၆၅၉ ခုကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းခွင့်ပြုလုပ်ငန်းခုနစ်ခုတွင် စက်မှုလုပ်ငန်းသုံးခု၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း တစ်ခုနှင့် အခြားဝန်ဆောင်မှုလုပ်ငန်း သုံးခုတို့ကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ **မယ်သီတာ**

Vol: 16, No.42 Monday November 7 2016

# အောက်တိုဘာလရဲ့ မန္တလေး-လာရှိုး-မူဆယ် ကုန်စည်သယ်ယူခ

၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း မန္တလေးမှမူဆယ်သို့ ကုန်စည်များသယ်ယူခနှုန်းထားများမှာ ဒုတိယပတ်၊တတိယပတ်အထိ ပို့ကုန် ပစ္စည်းသယ်ယူခများ ပြောင်းလဲခြင်းမရှိဘဲ တည်ငြိမ်နေပြီး နောက်ဆုံးပတ်မှာတော့ သယ်ယူခတွေ ဈေးကျဆင်းခဲ့ပါတယ်။ သွင်းကုန်ပစ္စည်း မြေဆီသယ်ခအနေနဲ့ကတော့တတိယပတ်မှာ ဈေးကျခဲ့ပြီး နောက်ဆုံးပတ်မှာ အနည်းငယ်ပြန်မြင့်တက်လာတာတွေ့ရပါတယ်။ မူဆယ်မှ တစ်ဆင့်တရုတ်နိုင်ငံသို့ ကုန်သယ်ယူမှုမှာ ပို့ကုန်ပစ္စည်းများဖြစ်တဲ့ ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ နှမ်းနက်၊ရော်ဘာ၊ ရေထွက်ပစ္စည်းများ၊ သကြား၊ဖရဲသီး၊ သခွားမွေး၊ အုန်းသီး၊ ဝါဂွမ်း၊ ကြက်သွန် နီ၊ ကြိမ်၊ ဘဲမွေးနဲ့ ပျားရည်အစရှိသဖြင့် ကုန်မျိုးစုံတင်ပို့နိုင်ခဲ့ပြီး တရုတ်နိုင်ငံမှ ဓာတ်မြေဩဇာ၊ ဘိလပ်မြေ၊ ကြွေပြား၊ သံပြား၊ ကာနေးရှင်းပန်း၊ ဖယောင်း၊ နို့မှုန့်၊ ဆိုင်ကယ်၊ စက်ဘီးနဲ့ပဲပုပ်ဆီတို့တင်သွင်းလာတာတွေ့ရပါတယ်။ အောက်တိုဘာလရဲ့ ကုန်စည်သယ်ယူခ နှုန်းများကို အပတ်စဉ်အလိုက် ဖော်ပြ ပေးလိုက်ပါတယ်။

**မော်မော်အောင်**

| ပို့ကုန် | ၁-၁၀-၂၀၁၆ မှ ၇-၁၀-၂၀၁၆ အထိ | ၈-၁၀-၂၀၁၆ မှ ၁၄-၁၀-၂၀၁၆ အထိ | ၁၅-၁၀-၂၀၁၆ မှ ၂၁-၁၀-၂၀၁၆ အထိ | ၂၂-၁၀-၂၀၁၆ မှ ၂၈-၁၀-၂၀၁၆ အထိ |
|---|---|---|---|---|
| ပြောင်း | ၅၈-၆၀ | ၅၅-၅၇ | ၅၅-၅၇ | ၄၅-၄၈ |
| ဆန် | ၅၈-၆၀ | ၅၈-၆၀ | ၅၈-၆၀ | ၄၅-၄၈ |
| ပဲတီစိမ်း | ၅၅-၆၀ | ၅၅-၆၀ | ၅၅-၆၀ | ၄၅-၄၈ |
| နှမ်း | ၆၃-၆၅ | ၆၃-၆၅ | ၆၃-၆၅ | ၄၅-၄၈ |
| ရော်ဘာ | ၆၅-၆၈ | ၆၅-၆၈ | ၆၅-၆၈ | ၄၅-၄၈ |
| သွင်းကုန်/ မြေပဲဆီ | ၂၂-၂၇ | ၂၂-၂၇ | ၂၀-၂၅ | ၂၂-၂၇ |

# ပုသိမ်မြို့၊ ကင်မလင်းကျွန်း စက်မှုဇုန်တွင် HE SHAN (MYANMAR) GARMENTS CO., LTD. အထည်ချုပ်စက်ရုံဖွင့်ပွဲ အခမ်းအနားကျင်းပ

ပုသိမ်မြို့၊ ကင်မလင်းကျွန်း ရပ်ကွက်၊ စက်မှုဇုန်တွင် တရုတ်နိုင်ငံမှ HE SHAN(MYANMAR)GARMENTS CO,. LTD. အထည်ချုပ်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ရက်က ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးများဖြစ်သော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်၊ စည်ပင်သာယာရေး ဝန်ကြီး ဦးကျော်မြင့်၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မိတ်ဖက်ကုမ္ပဏီများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ပါတယ်။

ယခုလို အထည်ချုပ်စက်ရုံသစ်များ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာပြီး ပြည်ပဝင်ငွေ ပိုမိုရရှိလာမှာဖြစ်ကြောင်း HE SHAN (MYANMAR) GARMENTS CO,. LTD. ကို ပုသိမ်မြို့ စက်မှုဇုန်တွင် ကနဦး ရင်းနှီးမြှုပ်နှံငွေ အမေရိကန်ဒေါ်လာ ၂ဒသမ ၅သန်း၊ ဝန်ထမ်းအင်အား ၇၀၀ ခန့်နဲ့ အထည်ချုပ်လုပ်ငန်းများ ဆောင်ရွက်မှာဖြစ်ပြီး၊ အဝတ်စဖြတ်ခြင်းမှ စ၍ ဆေးဆိုးခြင်း၊ ဆေးဆိုးပုံနှိပ်ခြင်း၊ ပန်းရိုက်ခြင်း၊ ဇာထိုးပန်းထိုးခြင်း၊ အထည်ချုပ်ခြင်း၊ ရေလျှော်ခြင်းတို့ကို One Stop Service အနေဖြင့် အပြီးအစီး ဆောင်ရွက်သွားမှာဖြစ်ပြီး အထည်ချုပ်လုပ်မှုသာမက အဝတ်အထည် သွင်းကုန်ထုတ်ကုန် လုပ်ငန်းများနှင့် သင်္ဘောတင်ပို့ခြင်းတို့ကိုလည်း ကုမ္ပဏီက ပြုလုပ်သွားမှာ ဖြစ်ကြောင်း၊ HE SHAN(MYANMAR)GARMENTS CO,. LTD. ရဲ့ ရင်းနှီးမြှုပ်နှံမှု အထည်ချုပ်လုပ်ငန်းများမှာ တရုတ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့တွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း ဈေးကွက်ကို လေ့လာလျက် ဈေးကွက်တောင်းဆိုမှုအရ အရည်အသွေးမြင့် ပစ္စည်းများ ထုတ်လုပ်လျက်ရှိ၍ အီးယူ၊ ယူအေအီး အရှေ့တောင် အာရှနိုင်ငံများ၊ ကိုရီးယားနိုင်ငံနဲ့ ဂျပန်နိုင်ငံသို့လည်း အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားပါတယ်။

**မင်းမင်းဦး**

# ၂၀၁၇ခုနှစ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေသစ်ကို ပြဋ္ဌာန်းမည်

၂၀၁၇ခုနှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးအတွက်အရေးပါသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေကို ထုတ်ပြန်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါနည်းဥပဒေ ပထမမူကြမ်းကို ယခုနှစ်နိုဝင်ဘာလကုန်ပိုင်း၌ အပြီးသတ်ရေးဆွဲမည်ဖြစ်ပြီး ဒုတိယမူကြမ်းကို ဒီဇင်ဘာလအတွင်း အပြီးသတ်ရေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေများများ ဝင်ရောက်လာဖို့ နည်းဥပဒေကို အမြန်ဆုံးပြဋ္ဌာန်းဖို့ လိုအပ်နေတယ်။ နည်းဥပဒေထွက်ပေါ်လာမှသာ နိုင်ငံခြားက မြန်မာနိုင်ငံကို စောင့်ကြည့်နေတဲ့ လုပ်ငန်းရှင်တွေ ရောက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် နည်းဥပဒေကို လာမယ့်နှစ်စမှာ ထုတ်ပြန်နိုင်အောင် လုပ်ဆောင်နေပါတယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းမြင့်ကပြောကြားခဲ့သည်။

ယခုထွက်ရှိခဲ့သည့် ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်သည် ယခင်ဥပဒေထက် အားသာချက်များစွာ ရှိနေပြီး ကုန်ထုတ် လုပ်ငန်းများကို အားပေးသည့်သဘောသို့ သက်ရောက်နေသောကြောင့်ရင်းနှီး မြှုပ်နှံလိုသူများ ပိုမိုဝင်ရောက်လာနိုင်ကြောင်း၊ ထို့အပြင် အချို့သောရင်းနှီး မြှုပ်နှံမှုများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ လုပ်ပိုင်ခွင့်များ ချထားပေး မည်ဖြစ်ပြီး ယင်းကဲ့သို့ လုပ်ပိုင်ခွင့်များ ချထားပေးနိုင်ရန်အတွက် နည်းဥပဒေကို အမြန်ဆုံးထုတ်ပြန်နိုင်ရန် လုပ်ဆောင်နေရခြင်းဖြစ်ကြောင်း၊ နည်းဥပဒေတွင် ယင်းကဲ့သို့သောလုပ်ဆောင် ချက်များနှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြထားကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

**မယ်သီတာ**

## ➲ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ချက်သမ္မတနိုင်ငံ ... မှ အဆက်

မြှုပ်နှံမှုများ ပြုလုပ်ရေးအတွက် တွန်းအားပေးသွားရေး၊ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍနှင့် အသေးစား အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာအကူအညီပေးရေး၊ စားသုံးသူအကာအကွယ်ပေးရေးကိစ္စရပ်များ၊ အစိုးရချင်းသာမက ပုဂ္ဂလိကကဏ္ဍများအကြား အပြန်အလှန် ဆက်ဆံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ပြည်ပဈေးကွက်သစ်များ ရှာဖွေနိုင်ရန်အလို့ငှာ နှစ်နိုင်ငံအကြား ကျင်းပသည့် ကုန်စည်ပြပွဲများသို့လုပ်ငန်းရှင်များပါဝင် ပြသနိုင်ရေးအတွက် အားပေးသွားရန်တို့ကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေး နွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC (HR)**

## ➲ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး... မှ အဆက်

နှင့် စားသုံးသူအကာအကွယ်ပေးရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍနှင့် အသေးစား အလတ်စားလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများလိုအပ်ကြောင်း၊ မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် အခွင့်အလမ်းများရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များအား ကြိုဆိုလျက်ရှိကြောင်း နှင့် မြန်မာ - ပါကစ္စတန်နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုခိုင်မာစေရန် တည်ဆောက်သွားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာပါကစ္စတန်သံအမတ်ကြီး H. E. Mr. Ehsan Ullah Batth မှ မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းသော နိုင်ငံတစ်နိုင်ငံ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများကဲ့သို့ မိမိတို့နိုင်ငံတွင်လည်းကြုံတွေ့ နေရကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် Good Governance သည် အဓိကကျသလို ငြိမ်းချမ်းရေးသည်လည်း အရေးပါကြောင်းနှင့် မြန်မာ - ပါကစ္စတန် ကုန်သွယ်မှုတိုးတက်ရေး ပူးပေါင်းဆောင်ရွက်လိုကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC (HR)**

## ➲ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုန်သွယ်မှု လျော့နည်းရသည့်အကြောင်းရင်း ... မှ အဆက်

ပေါ်ချိန်တွင် စပါးဈေးနှုန်းများ ကျဆင်း နေမှုနှင့် စပ်လျဉ်း၍ မိမိဦးဆောင်ပြီး သက်ဆိုင်ရာဆန်စပါး အသင်းအဖွဲ့များ၊ ပြည်ပသို့ဆန်အများဆုံး တင်ပို့သည့် ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးခဲ့ ပါကြောင်း၊ တောင်သူများ ထုတ်လုပ်မှု စရိတ်ကာမိစေရေးအတွက် နိုဝင်ဘာလအတွင်း စပါးအတိုင်း ပြည်ပသို့ ယာယီ အစီအစဉ်ဖြင့် တင်ပို့ခွင့်ပြုပေးသွားမှာဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြ သောပြည်နယ်နှင့်တိုင်းဒေသကြီး၊ အစိုးရအဖွဲ့၊ အဖွဲ့ဝင် စီမံ/ စီးပွားဝန်ကြီးများက မိမိတို့ဒေသအတွင်း ကုန်စည်စီးဆင်းနေမှုနှင့် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင် အကောင်အထည်ဖော်ဆောင်နေမှုတို့အား ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC (HR)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ် (၂၀၁၀) | 9G | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | အာလ်ဖတ် (၂၀၀၃) | 5I | ၂၅၀ သိန်း | 3.0 ဓာတ်ဆီ |
| ၃။ | မစ်ဆူဘီရှီ RVR (၂၀၀၀) | 1K | ၂၆၀ သိန်း | 1.8 ဓာတ်ဆီ |
| ၄။ | ကိုရိုလာဆလွန်း (၂၀၀၂) | 3J | ၁၃၀ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | ပရိုဘောက် (၂၀၀၀) | ယာယီ | ၁၅၀ သိန်း | 1.5 ဓာတ်ဆီ/နယ်လိုင်စင် |
| ၆။ | စူဇူကီး(ဆွစ်) (၂၀၀၉) | ယာယီ | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ/နယ်လိုင်စင် |
| ၇။ | တိုယိုတာကရောင်း (၂၀၀၃) | ယာယီ | ၂၅၀ သိန်း | 2.4 ဓာတ်ဆီ |
| ၈။ | တိုယိုတာနွိုရ်(၂၀၀၃) | 9J | ၂၁၅ သိန်း | ကားကောင်း |
| ၉။ | အပ်ကား (နှစ် ၂၀) | | ၉၈ သိန်း | |

# စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ (၂) ရပ်တို့၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လက်အောက်တွင်ရှိသည့် စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့သည် စားသုံးသူရေးရာဦးစီးဌာနကို ကူညီပံ့ပိုးခြင်းနှင့်လမ်းညွှန်မှုပေးသည့်ကော်မတီ များဖြစ်ကြောင်း၊ ဒို့အပြင် စားသုံးသူများကို ကာကွယ်စောင့်ရှောက်ပေးသည့် ကော်မတီလည်း ဖြစ်ကြောင်း၊ တိုင်ကြားမှုရှိ၍ အငြင်းပွားမှုများကို ဖြေရှင်းရာတွင်လည်း မိသားစုစိတ်ဓာတ်ဖြင့် ဖြေရှင်းဆောင်ရွက်ရန်နှင့် တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးပေးရန် ပြောကြားခဲ့ပြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးမြင့်ချိုက ဒုတိယအကြိမ်ပြုလုပ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (Consumer Information and Complaint Center-CICC) ရုံးကို ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် စားသုံးသူကာကွယ်ပေးရေး ဥပဒေမူကြမ်းကို ပြင်ဆင်၊ ဖြည့်စွက်၊ အကြံပြုချက်ပေးပို့ရန်နှင့် ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည့် ဥပဒေကြမ်းပြင်ဆင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်ဆွေးနွေးပေးရန်တို့ကို တင်ပြဆွေးနွေးခဲ့ပါတယ်။

တက်ရောက်လာကြသည့် အဖွဲ့ဝင်များက စားသုံးဆီများ၏ အရည်အသွေးကောင်းစေရန်အတွက် ထုပ်ပိုးထည့်သွင်းသည့်ပစ္စည်းများ၏ သန့်ရှင်းမှု အရေးကြီးရန် လိုအပ်သည့်အခြေအနေများ၊ SMEs လုပ်ငန်းများတိုးတက်စေရန် လုပ်ငန်းရှင်များအနေနဲ့ တရားဝင်မှတ်ပုံတင်ပြုလုပ်ပြီး စားသုံးသူများအတွက် ကုန်ပစ္စည်းများကို ဘေးဥပဒ်အန္တရာယ်ကင်းအောင် ဆောင်ရွက်ရမည့် အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးခဲ့ပါတယ်။

စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (Consumer Information and Complaint Center-CICC) ရုံး ကို ပထမအဆင့်အနေဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

**ခင်မြဦး (စားသုံးသူ) ရန်ကုန်**

# ဖျာပုံမြို့နယ်မှ အသင့်စားငါးနုပ်ခြောက်ကင် လုပ်ငန်းများ ပွင့်လင်းရာသီအချိန်တွင် မှာယူသူများ၍ ပိုမိုအရောင်းသွက်နေ



ဖျာပုံမြို့မှာ ဆန်စပါးလုပ်ငန်းနဲ့ ရေထွက်ကုန် လုပ်ငန်းများကို အဓိက စီးပွားရေးလုပ်ငန်းအဖြစ် အသက်မွေးရပ်တည်ကြပြီး ရေထွက်ကုန်ပစ္စည်းများ အနက် တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) ထုတ်လုပ်တဲ့ အသင့်စားငါးနုပ်ခြောက်ကင် လုပ်ငန်းဟာ အခုလိုပွင့်လင်းရာသီချိန်တွင် မှာယူသူများပြားလာသဖြင့် လုပ်ငန်းလုပ်ကိုင်သူများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာခဲ့ကြရကြောင်း သိရပါတယ်။

ဖျာပုံမြို့တွင် အသင့်စား ငါးနုပ်ခြောက်ကင်လုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးရှိရာ အဆိုပါလုပ်ငန်းခွင်များသို့ စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထိုက်၊ ဒုတိယ မြို့နယ်ဦးစီးမှူး ဦးမင်းဇော်နဲ့ ဝန်ထမ်းများဟာ အောက်တိုဘာ ၂၆ရက်က ကွင်းဆင်းလေ့လာ အကြံပြုခဲ့ကြကြောင်း သိရပါတယ်။

ငါးနုပ်ခြောက်ကုန်ကြမ်းကို ဖျာပုံကလည်း မှာယူရရှိသလို ဘုရင့်နောင်ပွဲရုံကလည်း လိုအပ်တဲ့အခါ မှာယူရရှိပါတယ်။ တစ်ပိဿာကို ရှစ်ထောင်ကျပ်ဈေးရှိပြီး၊ တစ်လကို ပိဿာချိန် ၁၅၀-၂၀၀ လောက် ဝယ်ယူရပါတယ်။ ငါးနုပ်ခြောက်ကင် မှာယူတဲ့ မြို့တွေကတော့ ဖျာပုံ၊ ဘိုကလေး၊ ပုသိမ်၊ ပြည်နဲ့ ရန်ကုန်မြို့တွေက မှာယူကြပါတယ်။ ထုတ်လုပ်တဲ့အခါ အရွယ်အစား အမျိုးမျိုးရှိပါတယ်။ တစ်ဆယ့်ငါးကျပ်သားပါ အထုပ်သေး ကျပ် ၄၀၀၊ သုံးဆယ်ကျပ်သားပါ အထုပ်ကြီး ကျပ် ၈၀၀၊ လေးဆယ်ကျပ်သားပါ ဘူးအသေး ကျပ် ၁၃၀၀၊ ရှစ်ဆယ့်ငါးကျပ်သားပါ ဘူးအကြီး ကျပ် ၂၇၀၀ ဆိုပြီး ဖောက်သည်ပေးရပါတယ်။ လုပ်ငန်းမှာ လုပ်ကိုင်နေတဲ့ လုပ်သားက ငါးဦးရှိပြီး ငါးနုပ်ခြောက်ကင် တစ်ပိဿာလုပ်ပြီး တိုင်း တစ်ဦးကို တစ်ထောင်ကျပ် ပေးရပါတယ်။ သူ့ဖောက်သည်နဲ့ သူကတော့ ဈေးကွက်ရှိပါတယ်။ ဒါပေမယ့် အဏ္ဏဝါဇော် အသင့်စား ငါးနုပ်ခြောက်ကင်ကိုတော့ ဈေးကွက်မှာမီအောင် မယှဉ်နိုင်သေးကြောင်း သိရပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာနက အကြံပြုတဲ့အတိုင်း ငါးခြောက်ကင်ဖိုကို အဆင့်ဆင့်ပြန်ပြင်ပြီး ထုတ်လုပ်ရာမှာ အတော် အဆင်ပြေပါတယ်လို့ သစ်ထူးအောင် အသင့်စား ငါးနုပ်ခြောက်ကင် လုပ်ငန်းရှင် ဒေါ်ခိုင်ခိုင်အေးက ပြောပါတယ်။ နောက်ထပ်လိုအပ်သည့် နည်းပညာအဆင့်မြင့် ထုတ်လုပ်နိုင်ရေး အတွက် စက်ကိရိယာ သုံးစွဲနည်းများနဲ့ အခြား လိုအပ်ချက်များအား စားသုံးသူရေးရာဦးစီးဌာနမှ ဖြည့်ဆည်း အကြံပြုခဲ့ကြောင်း သိရပါတယ်။

**မင်းဇော်မွန် (ဖျာပုံ)**

# ဖျာပုံမြို့တွင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာသင်တန်းဖွင့်မည်

ဖျာပုံမြို့နယ်ရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရေရှည်စွမ်းဆောင်နိုင်မှု အလားအလာများ တိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်မြို့ Standard Chartered ဘဏ်နှင့် ဗြိတိသျှကောင်စီတို့ ပူးပေါင်း၍ ဘဏ္ဍာရေးနှင့် စီးပွားရေး အသိပညာဆိုင်ရာ အကြိုသင်တန်းကို အောက်တိုဘာ ၁၇ ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါမြို့တော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြား ရေးမှူး ဦးဇော်မျိုးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ဗြိတိသျှကောင်စီမှ ဒေါ်မိမိမျိုးဝင်း၊ ဦးထွန်းမင်းသန်း၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) မှ ဒေါ်ခိုင်ခိုင်နွယ်တို့က အသေးစားအလတ်စား လုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ အဆိုပါသင်တန်းအား စိတ်ပါဝင်စားသူ များပြားသဖြင့် နိုဝင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ဖျာပုံမြို့လိပ်ဥကုန်း (အမက) ကျောင်းတွင် အခမဲ့ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၁၀၅ ဦးသာ လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းသို့ တက်ရောက်လိုသူများ စာရင်းပေးသွင်းလိုပါက ဖျာပုံမြို့ ဆန်စက်လုပ်ငန်းရှင်များ အသင်းရုံးနှင့် ဖျာပုံခရိုင် စားသုံးသူရေးရာဦးစီးဌာနတို့မှ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး ထိုသင်တန်းသို့ SME လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

**မင်းမင်းဦး**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၇-၁၁-၂၀၁၆ မှ ၁၃-၁၁-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေး လုပ်ကိုင်ရာတွင် နားလည်တတ်ကျွမ်းသူများနှင့် သေချာစွာတိုင်ပင်ပြီးမှ လုပ်ကိုင်သင့်သည်။ အချစ်ရေးတွင် ချစ်သူနှင့်ပတ်သက်၍ စိတ်သောကရောက်မည်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ရေးပြဿနာရှိနေတတ်ပါသည်။ ပညာရေးတွင် ဆရာကောင်းတပည့်ဖြစ်မည်။ ကျန်းမာရေးအနေဖြင့် အပူခဲသော ဝေဒနာခံစားရတတ်သည်။

**ယတြာ။ ။အုန်းရည်သောက်ပါ။**



**တနင်္လာသားသမီးများအတွက်** အေးအေးချမ်းချမ်းနေထိုင်တတ်ပါသည်။ စီးပွားရေးတွင် ထိုက်သင့်သောအောင်မြင်မှု နှင့် အကျိုးအမြတ်များရရှိနေတတ်ပါသည်။ ပညာရေးတွင် အဖက်ဖက်မှ အားနည်းတတ်သည်။ ကျန်းမာရေးအနေဖြင့် အဆုတ်အားနည်း ခြင်း၊ သွေးနှင့် ပတ်သက်သော ဝေဒနာခံစားရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အသွင်တူမှုအားနည်းနေလိမ့်မည်။ **ယတြာ။ ။ဘုရားရောင်တော်ဖွင့်ပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးတွင် ရင်းနှီးမြှုပ်နှံမှုများနေတတ်ပါသည်။ ပညာရေးတွင် ကြိုးစားမှုပေါ် မူတည်ပြီး အောင်မြင်မှုရရှိလိမ့်မည်။ ချစ်သူနှင့် လက်ထပ်ရန်အတွက် အခက်အခဲလေးများရှိနေတတ်ပါသည်။ အိမ်ထောင်ရှိပြီးသူအတွက် စီးပွား ရေး ကြိုးစားလုပ်ကိုင်နေရတတ်သည်။ ကျန်းမာရေး မကြာမကြာချူချာနေတတ် ပါသည်။

**ယတြာ။ ။ဇီးဖျော်ရည်လှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ယခုကာလသည် စီးပွားရေး အောင်မြင်တိုးတက်မည့်ကာလ မဟုတ်သေးသောကြောင့် စဉ်းစားဆင်ခြင်၍ လုပ်ကိုင်ပါ။ ပညာရေးအားကောင်းနေမည်။ ကျန်းမာရေး တွင် သွားဖုံးရောင်ခြင်း၊ သွားကိုက်ခြင်း၊ ခံတွင်းနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်သော သဘောရှိနေတတ်ပါသည်။ အချစ်ရေးနှင့် အိမ်ထောင်ရေးတွင် သင့်တင့်မှုရှိနေတတ်ပါသည်။

**ယတြာ။ ။အအေးလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးတွင် သူ့အကျိုးကိုယ့်အကျိုး နှစ်မျိုးစဉ်းစား၍ အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ ပညာရေး ကောင်းမွန်မည်။ ကျန်းမာရေးအနေဖြင့် အကြောတင်ခြင်း၊ အသားကြေခြင်း၊ သွေးအားနည်းခြင်းဝေဒနာခံစားရတတ်သည်ကို သတိရှိပါ။ အချစ်ရေးတွင် မျှော်လင့်သလိုဖြစ်လာလိမ့်မည်။ အိမ်ထောင်ရေး သာယာနေတတ်ပါသည်။

**ယတြာ။ ။ပေါက်ပေါက်ဆွမ်းကပ်ပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် ရွှေထည်ပစ္စည်း၊ ရတနာပစ္စည်းများအကျိုးပေးပါသည်။ ပညာရေး အားနည်းနေတတ်သည်။ ကျားကုတ်၊ ကျားခဲ ကြိုးစားမှသာ အောင်မြင်မှုရရှိမည်။ ကျန်းမာရေးတွင် အစာမကြေဝေဒနာ ခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းနေလိမ့်မည်။

**ယတြာ။ ။ဆန်လှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးအတက်အကျရှိနေမည်။ ခွန်အားသုံးရသော လုပ်ငန်းများနေမည်။ ပညာရေးတွင် ဉာဏ်ရည်ထက်မြက်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်းပိုင်းတွင် ရောဂါဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် စိတ်တိုင်းကျမှုအားနည်းနေတတ်သည်။ ဘာသာရေးလုပ်ဆောင်မှုအားကောင်းနေလိမ့်မည်။

**ယတြာ။ ။တရားထိုင်ပါ။**



## ကျောက်တံတားမြို့နယ်နှင့် ပုဇွန်တောင်မြို့နယ်တို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)နှင့် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍အောက်တိုဘာ ၂၈ ရက်တွင် ကျောက်တံတားမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌လည်းကောင်း၊ နိုဝင်ဘာ ၂ရက်တွင် အထက(၄) ပုဇွန်တောင်မြို့နယ်၊ ပင်လုံခန်းမ၌လည်းကောင်း စားသုံးသူအကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲတွင် ကျောက်တံတားမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်လွင်နဲ့ ပုဇွန်တောင်မြို့နယ်ဒုတိယမြို့နယ် ပညာရေးမှူး ဦးကိုကိုကြီးတို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်၊ ဒေါ်ထားထားလှိုင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိဒေါက်တာဆုမြတ်ဖြူ ဒေါက်တာဟန်မွန်မျိုးဟိန်းနဲ့ ပုဇွန်တောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျောင်းကျန်းမာရေးဆရာဝန် ဦးစီးအရာရှိဒေါက်တာ စုစုအေးဝင်းတို့က စားသုံးသူအကာအကွယ်ပေးဆိုင်ရာများနဲ့ပတ်သက်၍လည်းကောင်း၊ အစားအစာများ ဘေးကင်းလုံခြုံရေးအတွက် လည်းကောင်း၊ ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချနေသည့်အစားအစာများ ဘေးကင်းလုံခြုံမှုရှိစေရေး အတွက်လည်းကောင်း ဟောပြောဆွေး နွေးခဲ့ကြပါတယ်။

စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းကလည်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ယခုဟောပြောပွဲမှ ပြောကြားလိုက်သည့်အချက်အလက်များကို သိရှိလိုက်နာကြရန်နှင့် ထိခိုက်နစ်နာမှုများရှိပါက လက်ကမ်းစာစောင်ပါ မိမိတို့ဌာန၏ လိပ်စာများသို့ သတင်းပေးပို့တိုင်ကြားနိုင်ပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဖြေရှင်းပေးသွားမည်ဖြစ်သလို တက်ရောက်လာသူများမှလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်တို့ကို ဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပုဇွန်တောင်မြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး၊ အထက(၄)ပုဇွန်တောင်နှင့် ကျောက်တံတားမြို့နယ် အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့်ဆရာ/ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းမုန့် ဈေးတန်းရောင်းချသူများ စုစုပေါင်း ၃၅၅ ဦး တက်ရောက်ခဲ့ကြပါတယ်။

အလားတူ အောက်တိုဘာလ စတုတ္ထပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် ခြောက်နေရာ၊ အနောက်ပိုင်းခရိုင်တွင် ခုနစ်နေရာ၊တောင်ပိုင်းခရိုင်တွင် ၁၈ နေရာ၊ မြောက်ပိုင်းခရိုင်တွင် ၁၀ နေရာ၊ နိုဝင်ဘာလ ပထမပတ်အတွင်း အရှေ့ပိုင်းခရိုင်တွင် လေးနေရာ၊ အနောက်ပိုင်းခရိုင်တွင် လေး နေရာ၊ တောင်ပိုင်းခရိုင်တွင် ရှစ်နေရာ၊ မြောက်ပိုင်းခရိုင်တွင် ၁၂ နေရာတို့တွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**စိုးစိုးဦး၊ လဲ့လဲ့ငွေ (စားသုံးသူ) ရန်ကုန်**

## ဖရဲသီးတင်ပို့မှု အနည်းငယ်ပိုမို

မြန်မာ- တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက် သီတင်းပတ် အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၈၆၈သန်း တန်ဖိုးရှိ ဖရဲသီး ၈၄၂၉ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင် တစ်ပတ်က တန် ၈၄၀၀ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် ၂၉တန် ပိုမို တင်ပို့ခဲ့တာ တွေ့ရပါတယ်။

"ဖရဲသီးဈေးတွေ ကျနေရတဲ့ အကြောင်းရင်းမှာ ရောင်းလိုအားက ဝယ်လိုအားထက် ပိုများနေတာရယ်၊ အရည်အသွေးပိုင်း လိုအပ်ချက်ရှိနေတာရယ်၊ တရုတ်ပြည်ဘက်မှာ ဖရဲတွေ လှိုင်လှိုင်ပေါ်နေတာရယ်ကြောင့် ဖြစ်ပါတယ်။ မြန်မာပြည်မှာ ဖရဲသီးစိုက်ဒေသတွေထဲက ငါးဆူတောင်၊ သာယာ ကုန်း၊ ချောင်းဦး၊ မုံရွာ၊ ကျောက်ဆည်ဘက်က အသီးတွေ ဝင်နေသလို ရှမ်းပြည်နယ်မှာစိုက်တဲ့ အသီးတွေလည်း ဝင်နေပါတယ်"လို့ မူဆယ်သစ်သီးဝလံ ကုန်စည်ဒိုင်မှသိရပါတယ်။**မော်မော်အောင်**

## မြောင်းမြမြို့နယ်တွင် ကောက်စောစပါးများ ဈေးကွက်သို့ ဝင်ရောက်

မြောင်းမြမြို့နယ်တွင် ၂၀၁၆/၂၀၁၇ ခုနှစ်မိုးစပါး စိုက်ပျိုးပြီးဧက ၁၆၄၈၄၀ စိုက်ပျိုးနိုင်ခဲ့ပြီး အောက်တိုဘာ တတိယပတ်မှစ၍ ကောက်စောစပါးများ ဈေးကွက်အတွင်း ဝင်ရောက်ခဲ့ပါတယ်။ မနောသုခစပါး၊ ဆင်းသုခစပါး ရောင်းဝယ်လျက်ရှိရာ ဆန်စက်ပိုင်ရှင်များက အစိုဓာတ် ၁၄ ရာခိုင်နှုန်း၊ ၁၅ ရာခိုင် နှုန်းရှိသော စပါးများကို ပေါင် ၅၀ စပါးတင်း ၁၀၀ လျှင် ကျပ် ၄၄၀၀၀၀ မှ ကျပ် ၄၅၀၀၀၀ အထိ ဝယ်ယူလျက်ရှိပါတယ်။

မြောင်းမြမြို့နယ် ကံကြီးကျေးရွာတွင် မိုးစပါးစိုက်ပျိုးထားသည့် တောင်သူ ဦးစိုးမြင့်နှင့်တွေ့ဆုံရာ မိုးစပါးစိုက်ဧက ၂၀ တွင် ဆင်းသုခ၊ မနောသုခ၊ မျိုးပွားစပါးများ စိုက်ခဲ့ရာ ယခုအခါ မနောသုခ၊ ဆင်းသုခစပါးများ ရိတ်သိမ်းနေပြီး တစ်ဧကလျှင် အစို ၇၅ တင်းမှ တင်း ၈၀ အထိထွက်ရှိပြီး ယခုစပါးဈေးနှုန်းမှာ စပါးအရည်အသွေးပေါ် မူတည်ပြီး ပေါင် ၅၀ တင်း ၁၀၀ လျှင် ကျပ် ၄၃၀၀၀၀ မှ ကျပ် ၄၅၀၀၀၀ အထိဈေးနှုန်းရှိ၍ ယခင်နှစ်ဈေးနှုန်းထက် နည်းနေသေးကြောင်း၊ ဦးစိုးမြင့်၏ ပြောပြချက်အရ သိရှိရပါတယ်။ ကံ့ဝါးကျေးရွာမှ တောင်သူဦးသိန်းဦးက မိုးစပါးစိုက်ဧက ၁၄ ဧကတွင် ဆင်းသုခ၊ မနောသုခ စပါးများစိုက်ပျိုးခဲ့ရာ တစ်ဧကအထွက်တင်း ၇၀ မှ ၈၀ တင်းခန့်ထွက်ရှိကြောင်းသိရပါတယ်။

ယခုစပါးဈေးနှုန်း မှာ ကျပ် ၄၅၀၀၀၀ ဝန်းကျင်ရှိ၍ တောင်သူများ တွက်ချေကိုက်မှုရှိသော်လည်း စပါးဈေးကျပ် ၄၀၀၀၀၀ အောက် ကျဆင်းပါက နွေစပါးစိုက်ရာတွင် ကုန်ကျစရိတ် အခက်အခဲရှိနိုင်ကြောင်း ဦးစိုးမြင့်က ပြောကြားခဲ့ပါတယ်။

**ဇော်မင်း-မြောင်းမြ**



## မြို့ကြီးများ၏ ၇-၁၁-၂၀၁၆ မှ ၁၁-၁၁-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၇-၁၁-၂၀၁၆) | အင်္ဂါ(၈-၁၁-၂၀၁၆) | ဗုဒ္ဓဟူး(၉-၁၁-၂၀၁၆) | ကြာသပတေး(၁၀-၁၁-၂၀၁၆) | သောကြာ(၁၁-၁၁-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၈၀% ၃၂°C/၉၀°F | ၅၀% ၃၂°C/၉၀°F | ၈၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၈°F | ၄၀% ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | ၅၀% ၃၁°C/၈၈°F | ၆၀% ၃၁°C/၈၈°F | ၆၀% ၃၀°C/၈၆°F | ၅၀% ၃၀°C/၈၆°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F |
| မန္တလေးမြို့ | ၄၀% ၃၁°C/၈၇°F | ၄၀% ၃၁°C/၈၇°F | ၅၀% ၂၉°C/၈၅°F | ၅၀% ၂၈°C/၈၃°F | ၄၀% ၂၉°C/၈၄°F |
| မြစ်ကြီးနား | ၇၀% ၂၆°C/၇၈°F | ၆၀% ၂၇°C/၈၁°F | ၅၀% ၂၇°C/၈၁°F | ၅၀% ၂၇°C/၈၀°F | ၅၀% ၂၇°C/၈၀°F |
| လားရှိုး | ၅၀% ၂၇°C/၈၀°F | ၈၀% ၂၆°C/၇၈°F | ၇၀% ၂၃°C/၇၄°F | ၆၀% ၂၃°C/၇၃°F | ၆၀% ၂၃°C/၇၃°F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၂၉°C/၈၅°F | ၇၀% ၂၇°C/၈၀°F | ၇၀% ၂၄°C/၇၆°F | ၆၀% ၂၄°C/၇၆°F | ၅၀% ၂၄°C/၇၆°F |
| လွိုင်ကော် | ၃၀% ၂၉°C/၈၄°F | ၈၀% ၂၇°C/၈၀°F | ၇၀% ၂၅°C/၇၇°F | ၅၀% ၂၅°C/၇၇°F | ၆၀% ၂၅°C/၇၇°F |
| တောင်ကြီး | ၄၀% ၂၆°C/၇၈°F | ၈၀% ၂၄°C/၇၅°F | ၇၀% ၂၂°C/၇၂°F | ၆၀% ၂၂°C/၇၂°F | ၅၀% ၂၂°C/၇၂°F |
| မော်လမြိုင် | ၄၀% ၃၃°C/၉၁°F | ၆၀% ၃၂°C/၉၀°F | ၅၀% ၃၂°C/၈၉°F | ၅၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F |
| ဘားအံ | ၃၀% ၃၃°C/၉၂°F | ၈၀% ၃၃°C/၉၁°F | ၅၀% ၃၂°C/၈၉°F | ၃၀% ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F |
| ထားဝယ် | ၅၀% ၃၂°C/၉၀°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၆၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၈၉°F |
| မုံရွာ | ၅၀% ၂၉°C/၈၄°F | တိမ်ထူထပ် ၃၀°C/၈၆°F | ၄၀% ၂၉°C/၈၄°F | ၅၀% ၂၈°C/၈၂°F | ၅၀% ၂၈°C/၈၂°F |
| ပုသိမ် | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၀°C/၈၆°F | ၆၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F |
| မြိတ် | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F |
| စစ်တွေ | ၇၀% ၂၉°C/၈၅°F | ၃၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၇°F | တိမ်အသင့်အတင့် ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F |
| မကွေး | ၅၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | ၄၀% ၃၁°C/၈၇°F | ၄၀% ၃၁°C/၈၇°F | ၄၀% ၂၉°C/၈၅°F |
| ဖလမ်း | ၆၀% ၁၉°C/၆၇°F | တိမ်ထူထပ် ၂၁°C/၇၀°F | ၅၀% ၂၁°C/၇၀°F | ၅၀% ၂၀°C/၆၈°F | ၆၀% ၂၀°C/၆၈°F |

# ဘင်္ဂလားပင်လယ်အော်တွင် ဆိုင်ကလုန်းမုန်တိုင်း နာဒါ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ဦးတည်နေ




ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းသည် အားကောင်းသည့် ဆိုင်ကလုန်း မုန်တိုင်း နာဒါအဖြစ်သို့ ရောက်ရှိကာ အိန္ဒိယနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ ဦးတည် တိုက်ခတ်နိုင်ဖွယ်ရာရှိနေကြောင်း Weather underground သတင်းတွင် ဖော်ပြထားသည်။

မိုးလေဝသဂြိုလ်တုမှ ပေးပို့လာ သည့်ပုံများအရအဆိုပါလေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ၊ Visakhapatnam မြို့၏ တောင်၊အရှေ့တောင်ဘက် ၂၃၅ မိုင်အကွာတွင် တည်ရှိနေကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အားကောင်းသည့်ဆိုင်ကလုန်း မုန်တိုင်းအဖြစ်သို့ လာမည့်ရက်သတ္တပတ်အတွင်း ဖြစ်ပေါ်နိုင်ကာ အိန္ဒိယ နိုင်ငံအရှေ့ပိုင်းကမ်းခြေဒေသသို့ ဦးတည်လာနိုင်ကြောင်း၊ မုန်တိုင်း၏အရှိန်ကြောင့် မိုးရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းတို့ဖြစ်ပေါ်နိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါအပူပိုင်းမုန်တိုင်း၏အရှိန် ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်း များတိုက်ခတ်ခြင်းတို့ဖြစ်ပေါ်နိုင်ကာ မြေပြိုခြင်း၊ ရေကြီးခြင်းများဖြစ်ပေါ်နိုင်ကြောင်း အိန္ဒိယနိုင်ငံ၏သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မုန်တိုင်း နာဒါသည်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပါ အဖျားခတ်နိုင်သည့်အတွက် ကမ်းခြေဒေသတွင် နေထိုင် သူများအနေဖြင့် သတိပြု၍ နေထိုင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါမုန်တိုင်း၏အရှိန်ကြောင့် မြန်မာနိုင်ငံ၏အနောက်မြောက်ပိုင်းဒေသများဖြစ်သည့် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးမြောက်ပိုင်း၊ ရခိုင်ပြည် နယ်မြောက်ပိုင်း၊စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့်ကချင်ပြည်နယ်တို့တွင် မိုးများရွာသွန်းနိုင်ကြောင်း မိုးလေဝသ ပညာရှင် ဦးထွန်းလွင်က ခန့်မှန်းထားကြောင်း သိရသည်။

# အီတလီနိုင်ငံအတွင်း ဩဂုတ်လမှ အောက်တိုဘာလကုန်အထိ ငလျင်အကြိမ်ပေါင်း ၂၅၀အထိလှုပ်ခတ်ခဲ့

အီတလီနိုင်ငံအလယ်ပိုင်းဒေသများတွင် ဩဂုတ်လမှစတင်၍ ငလျင်များ လှုပ်ခတ်လျက်ရှိရာ အောက်တိုဘာလကုန်ပိုင်းအထိငလျင်အကြိမ်ပေါင်း ၂၅၀ အထိလှုပ်ခတ်ခဲ့ကြောင်း၊ ၎င်း အရေအတွက်မှာ အင်အားပြင်းထန်သည့်ငလျင်နှင့် အင်အားအသင့်အတင့်ရှိသည့်ငလျင်အရေအတွက်များပင်ဖြစ်ကြောင်း၊ အင်အားသေးငယ်သည့် ငလျင်လှုပ်ခတ်မှုများမှာ များပြားလှကြောင်း၊ ထို့ပြင် ငလျင်များဆက်လက် လှုပ်ခတ်နိုင်သေးသည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားကြောင်း ယူအက်စ်တူဒေးသတင်းတွင် ဖော်ပြထားသည်။

အီတလီနိုင်ငံအလယ်ပိုင်းတွင် ဩဂုတ်လ ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၆အဆင့်ရှိသည့်အင်အားပြင်းထန်သည့် ငလျင်ကြောင့် အီတလီနိုင်ငံအလယ်ပိုင်းရှိ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများ ပျက်စီးခဲ့ရပြီး လူပေါင်း ၃၀၀ ခန့် သေဆုံးခဲ့ရကာ ပျက်စီးဆုံးရှုံးမှုတန် ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ ခန့်ရှိသည်ဟု ဆိုသည်။

ဩဂုတ်လ ၂၄ ရက်မှ ၂၈ရက် အတွင်း အင်အားရစ်ချ်တာစကေး ၄ နှင့်အထက်ရှိသည့် ငလျင်လှုပ်ခတ်မှု ပေါင်း ၁၇ ကြိမ်ရှိခဲ့သည်ဟု ဆိုသည်။

ထို့ပြင် စက်တင်ဘာလအတွင်းကလည်း အီတလီနိုင်ငံအလယ်ပိုင်းဒေသ ဖြစ်သည့် Amatrice တွင် အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းထန်သည့်ငလျင်လှုပ်ခတ်ခဲ့ရာ လူပေါင်း ၂၉၇ ဦးသေဆုံးခဲ့ကာ လူပေါင်းလေးထောင်ကျော်တို့အိုးမဲ့ အိမ်မဲ့ဖြစ်ခဲ့ရသည်။

ထို့နောက်အောက်တိုဘာလ ၃၀ ရက်တွင် ပီရူဂျီအာဒေသ၌ အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၅အဆင့်ရှိ အင်အားပြင်းထန်သည့်ငလျင်တစ်ခု ထပ်မံလှုပ်ခတ်ခဲ့ရာ လူနှစ်ဦးသာသေ ဆုံးခဲ့သော်လည်း ပီရူဂျီအာဒေသရှိရှေးဟောင်းအဆောက်အဦများ အများအပြား ပျက်စီးခဲ့ရသည်။

အောက်တိုဘာလ ၃၀ ရက်မှ နို ဝင်ဘာလ ၃ ရက်အထိ အင်အားရစ်ချ် တာစကေး ၄နှင့်အထက်ရှိသည့်ငလျင် စုစုပေါင်း ၁၀ ကြိမ် လှုပ်ခတ်ခဲ့သည်ဟု ဆိုသည်။

ငလျင်လှုပ်ခတ်မှုများကြောင့် အီတလီနိုင်ငံအလယ်ပိုင်းဒေသရှိ အလှဆုံးမြို့ဟုသတ်မှတ်ထားသည့် Arquata del Tronto မြို့သည် ယခုအခါတွင် တစ္ဆေမြို့ဟု ခေါ်ရလောက်အောင်ပင် တစ်မြို့လုံး အုတ်ပုံများ၊ အပျက်အစီးများသာရှိနေတော့သည်ဟု ၎င်းဒေသမှ မြို့ခံတစ်ဦးကပြောကြားခဲ့သည်။

အင်အားပြင်းငလျင်များ ထပ်မံ လှုပ်ခတ်ဦးမည်ဟူသော ကျွမ်းကျင်ပညာရှင်များ၏ခန့်မှန်းချက်များကြောင့် အီတလီနိုင်ငံအလယ်ပိုင်းတွင် နေထိုင်ကြသူများမှာ အထိတ်တလန့်ဖြစ်နေကြောင်း သတင်းတွင်ဖော်ပြထားသည်။

## ကမ္ဘာ့ဖလားဘောလုံးပွဲကျင်းပမည့် ရုရှား ဘောလုံးကွင်းများ လှုပ်ခါနေခြင်းအား ဖီဖာကစိုးရိမ်

၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားကျင်းပမည့် ရုရှားနိုင်ငံတွင် တည်ဆောက်လျက်ရှိသည့်ဘောလုံးကွင်းများသည် လှုပ်ခါနေကြောင်း စုံစမ်းသိရှိရသဖြင့် ယင်းကိစ္စနှင့်ပတ်သက်၍ ဖီဖာကစိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

ရုရှားနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့တွင် တည်ဆောက်လျက်ရှိသည့် ဘောလုံးကွင်း၏မျက်နှာပြင်သည်လှုပ်ခါနေသဖြင့် ဖီဖာကစိုးရိမ်ပူပန်နေကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါဘောလုံးကွင်းသည် ပရိသတ်ပေါင်း ၆၈၀၀၀ ဝင်ဆံ့သည့် ဘောလုံးကွင်းဖြစ်ပြီး ပေါင်သန်းပေါင်း ၅၅၀ ခန့် အကုန်အကျခံကာ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါဘောလုံးကွင်းမျက်နှာပြင်လှုပ်ခါနေမှုနှင့်ပတ်သက်၍ ဘောလုံးကွင်းကိုတည်ဆောက်လျက်ရှိသည့် အင်ဂျင်နီယာများအနေဖြင့် အဖြေရှာလျက်ရှိသည်ဟု ဆိုသည်။ ယင်းဘောလုံးကွင်းသည် ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ပွဲကျင်းပမည့်နေရာဖြစ်ပြီး ၂၀၁၇ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားဘောလုံးပွဲ ကျင်းပမည့်နေရာဖြစ်ကြောင်း သိရသည်။ ထို့ပြင် ကီရက်စတိုစကီဟု အမည်ပေးထားသည့်အဆိုပါဘောလုံးကွင်းသည် ဇင်းနစ် စိန့်ပီတာစဘတ်အသင်း၏ အိမ်ကွင်းတစ်ကွင်းလည်းဖြစ်လာနိုင်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ရုရှားဒုတိယဝန်ကြီးချုပ် ဗစ်တယ်လီမတ်ကိုက “ဘောလုံးကွင်းတည်ဆောက်ထားတဲ့မြေနေရာက ခုံးနေတဲ့အတွက် ဘောလုံးကွင်းရဲ့အောက်ခြေပိုင်းကို ခိုင်ခန့်အောင်ပြုလုပ်ဖို့ လိုအပ်နေလို့ဖြစ်ပါတယ်”ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ဝန်ကြီးချုပ်၏ကြေညာချက်အရ ဘောလုံးကွင်းသည် ပုံမှန်မဟုတ်သည့် မြေနေရာပေါ်တွင် တည်ဆောက်ထားသကဲ့သို့ဖြစ်နေသည်ဟုဆိုသည်။ သို့သော်အဆိုပါဘောလုံးကွင်းအား လာမည့် ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်ရန် သတ်မှတ်ထားကြောင်း သိရသည်။

“ဘောလုံးကွင်းတစ်ကွင်းတည်ဆောက်တယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်ကတည်းက တည်ဆောက်နေတာ၊ အမေရိကန်ဒေါ်လာ ဘီလီယံဝက်ခန့်ကုန်ကျတယ်။ ဘောလုံးကွင်းလည်းပြီးရော ကစားလို့မရဘူးလို့ဆိုတော့ ဘယ်လိုမျိုး ယုံစားရတော့မလဲ” ဟု ရုရှားနိုင်ငံ၏ နိုင်ငံရေးသမားလည်းဖြစ်သူ ဘောလုံးသမားဟောင်း ဗယ်လာရီဂါဇော့ဖ်က ဝေဖန်ပြောကြားခဲ့သည်။

## မကွေးအသင်းတိုက်စစ်မှူး စိုးမင်းနိုင်ကို ရန်ကုန်ယူနိုက်တက်အသင်း နှစ်နှစ်စာချုပ်ဖြင့်ခေါ်ယူ




မြန်မာနေရှင်နယ်လိဂ် ၂၀၁၇ ဘောလုံးရာသီအတွက် ပြင်ဆင်နေသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် မကွေးအသင်းတိုက်စစ်မှူး စိုးမင်းနိုင်ကို နှစ်နှစ်စာချုပ်ဖြင့် ရန်ကုန်ယူနိုက်တက်အသင်းသို့ ထပ်မံအားဖြည့်ခေါ်ယူလိုက်ပြီဖြစ်သည်။

မကွေးအသင်း၏ အသင်းခေါင်းဆောင်နှင့် တိုက်စစ်မှူးတစ်ဦးဖြစ်သည့် စိုးမင်းနိုင်သည် မကွေးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် လက်တွဲခဲ့ခြင်းဖြစ်သည်။

“ရန်ကုန်ယူနိုက်တက်အသင်းဟာ အောင်မြင်မှုတွေ အမြဲလိုချင်နေတဲ့ အသင်းပါ။ ဒီကို ပြောင်းလာတာကလည်း ကျွန်တော်ကိုယ်တိုင် အောင်မြင်မှုရချင်လို့ပါ။ ရန်ကုန်အသင်းကလည်း အစဉ်အလာရှိတဲ့ အသင်းကြီးတစ်သင်းပါ။ ဒီလိုအသင်းကြီးကို ပြောင်းလာရတဲ့အတွက် တကယ်ပျော်ရွှင်မိပါတယ်”ဟု ပြောကြားခဲ့သည်။

တိုက်စစ်မှူးစိုးမင်းနိုင်သည် ၎င်း၏ကစားသမားဘဝကို ၂၀၀၂ ခုနှစ်တွင် ရန်ကုန် အား/ကာသိပ္ပံ၌ စတင်ခဲ့ပြီး မြန်မာလက်ရွေးစင် ယူ-၁၄ အသင်းတွင်လည်း စတင်ရွေးချယ်ခြင်းခံခဲ့ရသည်။ ၂၀၀၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ မြန်မာ့မီးရထားဝန်ကြီးဌာနအသင်းတွင် ဝင်ရောက်ကစားခဲ့သည်။ ထို့အပြင် ၂၀၀၈ခုနှစ်တွင် မြန်မာ့လက်ရွေးစင်အသင်း၌ ရွေးချယ်ခံခဲ့ရပြီး မြန်မာနေရှင်နယ်လိဂ် စတင်သည့် ၂၀၀၉ ခုနှစ်အချိန်မှစ၍ မကွေးအသင်းခေါင်းဆောင်အဖြစ် ရှစ်နှစ်ကစားခဲ့သည်။ ယခုအခါ စာချုပ်သက်တမ်းကုန်ဆုံးသဖြင့် ရန်ကုန်ယူနိုက်တက်အသင်းက ခေါ်ယူလိုက်ခြင်းဖြစ်သည်။

စိုးမင်းနိုင်က “ရန်ကုန်ယူနိုက်တက် ပရိသတ်တွေက ကျွန်တော့်ကို အခုလို နွေးနွေးထွေးထွေး ကြိုဆိုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကိုလည်းအားပေးကြပါ။ မြန်မာနေရှင်နယ်လိဂ်ရဲ့ ဆုဖလားကြီးကို ဒီနှစ်ရအောင် အစွမ်းကုန် ကြိုးစားသွားပါ့မယ်”ဟု ထပ်မံပြောကြားခဲ့သည်။

## အမျိုးသမီးလိဂ်တွင်ဝင်ရောက်ယှဉ်ပြိုင်ရန် အသင်းသုံးသင်းသာ အဖွဲ့ချုပ်ထံသို့ အကြောင်းကြားခဲ့ဟုဆို

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင် စတင်ကျင်းပမည့် အမျိုးသမီးလိဂ်သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက်အသင်းသုံးသင်းသာအဖွဲ့ချုပ်ထံသို့ အကြောင်းထားကြောင်း သိရသည်။

အဆိုပါအမျိုးသမီးလိဂ်ပြိုင်ပွဲသို့ မူလက အသင်းခြောက်သင်းဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားသော်လည်း မြဝတီမှနှစ်သင်းနှင့် ဇွဲကပင်အသင်းတစ်သင်းတို့သာ စာဖြင့်အကြောင်းကြားထားပြီး ကျန်အသင်းများမှာလက်ရှိအချိန်အထိ တရားဝင် အကြောင်းပြန်ကြားခြင်းမရှိသေးကြောင်း သိရသည်။

“အား/ကာသိပ္ပံအသင်းတွေက လူရွေးပွဲလုပ်ပြီး ပါဝင်ယှဉ်ပြိုင်မယ်လို့ ပြောထားသလို ပြည်ထဲရေးအသင်းကလည်း တာဝန်ရှိသူတွေရဲ့ခွင့်ပြုချက်ကိုရရှိခဲ့ပြီလို့ ပြောထားပါတယ်။ ဒါပေမယ့် သူတို့ က တရားဝင်အကြောင်းမပြန်သေးတာကြောင့် ပြိုင်ပွဲဝင်အသင်းတွေရဲ့ စာရင်းပေးသွင်းရမယ့်ရက်ကို နိုဝင်ဘာ ၁၆ ရက်အထိ ရွှေ့ဆိုင်းပေးခဲ့တယ်”ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပထမဦးဆုံးအကြိမ်ကျင်းပမည့် မြန်မာအမျိုးသမီးလိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲကျင်းပနိုင်ရန်အတွက် လုပ်ဆောင်လျက်ရှိရာတွင် ပြိုင်ပွဲဝင်အသင်းများရရှိရန်အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ပြိုင်ပွဲဝင်အသင်းများ ရရှိနိုင်မှုအခြေအနေပေါ် မူတည်ပြီး လာမည့်ဒီဇင်ဘာလမှ စတင်ကျင်းပနိုင်ရန် စီစဉ်လျက်ရှိသည်။ ယခုကျင်းပမည့် ပြိုင်ပွဲအတွက် ကမ္ဘာ့ဖီဖာမှ ကျပ်သိန်း ၃၀၀၀ ပံ့ပိုးကူညီမည်ဖြစ်ကြောင်း သိရသည်။

## အားကစားနှင့်ဘာသာရေးကို ရောထွေးအသုံးပြုသဖြင့် အီရန်ဘောလုံးအဖွဲ့ချုပ်ကို ဖီဖာက ဒဏ်ငွေ အမေရိကန်ဒေါ်လာ လေးသောင်းနီးပါး ဒဏ်ရိုက်




ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) သည် အီရန်ဘောလုံးအဖွဲ့ချုပ်အားအားကစားနှင့် ဘာသာရေးကို ရောထွေး အသုံးပြုခဲ့သဖြင့် ဒဏ်တပ်ရိုက်ခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် အီရန်ဘောလုံးအသင်းနှင့် တောင်ကိုရီးယားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် ဘာသာရေးနှင့်ဆိုင်သည့် အခမ်းအနားကို ထည့်သွင်းကျင်းပခဲ့သည်။

အဆိုပါ ဘောလုံးခြေစစ်ပွဲကျင်းပသည့်ရက် ရှီးယိုက်မွတ်ဆလင်များ၏ဘာသာရေး အထိမ်းအမှတ်ပွဲကျင်းပသည့်နေ့နှင့် တိုက်ဆိုင်နေသဖြင့် ဘောလုံး ပွဲစတင်ကျင်းပချိန်တွင် အဆိုပါပွဲတော် အခမ်းအနားအား ဘောလုံးကွင်းတွင်းသို့ ချီတက်၍ ဝင်ရောက်လာခဲ့သည်။

ထို့ပြင် အဆိုပါဘာသာရေးပွဲတွင် ဝတ်ဆင်သည့် အနက်ရောင်ဝတ်စုံကို ဘာသာရေးပွဲ ကျင်းပသူများသာမက ဘောလုံးပွဲသို့ လာရောက်ကြည့်ရှုခဲ့ကြသည့် အီရန်အသင်း အားပေးသူပရိသတ်များပါ ဝတ်ဆင်ခဲ့ကြသည်ဟုဆိုသည်။ ထို့ကြောင့် ဖီဖာက အီရန်ဘောလုံးအဖွဲ့ချုပ်အား အမေရိကန်ဒေါ်လာ ၃၇၀၀၀ ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။

ဖီဖာသည် အဖွဲ့ဝင်နိုင်ငံများအား အားကစား အထူးသဖြင့် ဘောလုံးအားကစားနည်းတွင် နိုင်ငံရေးနှင့် ဘာသာရေးများ ရောထွေးခြင်းမရှိစေရန် အထူးကြပ်မတ်ထားပြီး ဖီဖာ၏စည်းမျဉ်းဥပဒေတွင်လည်း ထည့်သွင်းဖော်ပြထားသည်။

အလားတူ ဆားဘီးယားဆန့်ကျင်ရေးကြွေးကြော်သံများကို သံပြိုင်အော်ဟစ်ခဲ့ကြသည့် ကိုဆိုဗိုနှင့် ခရိုအေးရှားတို့၏ ပရိသတ်များအား ဒဏ်တပ်ရိုက်သည့်အနေဖြင့် ကိုဆိုဗိုနိုင်ငံဘောလုံးအဖွဲ့ချုပ်အား ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၂၅၀၀၀ နှင့် ခရိုအေးရှားဘောလုံးအဖွဲ့ချုပ်အား အမေရိကန်ဒေါ်လာ ၄၁၀၀၀ တပ်ရိုက်ခဲ့သည်။

## ဖီဂျီလက်ရွေးစင်ဘောလုံးအသင်းက ခြေစမ်းပွဲကစားရန် ကမ်းလှမ်းလာမှုအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ပယ်ချ

ဖီဂျီလက်ရွေးစင်ဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတို့အား ခြေစမ်းပွဲကစားရန် ဖီဂျီဘောလုံးအဖွဲ့ချုပ်က ကမ်းလှမ်းခဲ့သော်လည်း အဆိုပါကမ်းလှမ်းမှုအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကပယ်ချခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ဆီမှာ နိုင်ငံတကာခြေစမ်းပွဲကစားမယ့် ပွဲစဉ်ပြက္ခဒိန်တွေနဲ့ မကိုက်တဲ့အတွက် ငြင်းလိုက်တာဖြစ်ပါတယ်။ မကန်ဖြစ်ပါဘူး။ ပယ်ချလိုက်ပါတယ်”ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖီဂျီဘောလုံးအဖွဲ့ချုပ်အနေဖြင့် ခြေစမ်းပွဲကစားရန် ကမ်းလှမ်းထားမှုကို ဝက်ဘ်ဆိုက်တွင် တရားဝင်ဖော်ပြထားပြီးအဆင်ပြေပါက လာမည့် ဒီဇင်ဘာလတွင် ကစားရန်ရှိနေကြောင်း သိရသည်။

ကမ္ဘာဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ မြန်မာလက်ရွေးစင်ဘောလုံးအသင်းသည် အဆင့် ၁၅၆ တွင်ရှိနေပြီး ဖီဂျီလက်ရွေးစင်ဘောလုံးအသင်းသည် အဆင့် ၁၇၉တွင် ရှိနေကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာလက်ရွေးစင်ဘောလုံးအသင်းသည် နိုင်ငံတကာခြေစမ်းပွဲများအဖြစ် အင်ဒိုနီးရှားလက်ရွေးစင်ဘောလုံးအသင်း၊ အိုမန်လက်ရွေးစင်ဘောလုံးအသင်းတို့နှင့် ခြေစမ်းပွဲကစားကြမည်ဖြစ်သည်။

# အောက်တိုဘာလအတွင်း မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် စားသုံးသူအကာကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်

မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန သည် အောက်တိုဘာလအတွင်း မော်လမြိုင်ခရိုင် အတွင်းရှိစာသင်ကျောင်းများတွင် အသိပညာပေး ဟောပြောခြင်း ၁၀ ကြိမ်၊ စားသုံးရန်/ သုံးစွဲရန် မသင့်သည့် တားမြစ်ကုန်စည်များ၊ လုံခြုံစိတ်ချမှု မရှိသည့် ဘေးဥပဒ်အန္တရာယ်ရှိသော ထုတ်ကုန် ပစ္စည်းများ ရောင်းချခြင်းရှိ/ မရှိ ဈေးကွက်အတွင်း စစ်ဆေးခြင်း နှစ်ကြိမ်၊ သထုံခရိုင်တွင် စာသင် ကျောင်းများတွင် အသိပညာပေးဟောပြောခြင်း ၁၂ ကြိမ်၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေးခြင်း ငါးကြိမ်၊ စားသုံးရန်/ သုံးစွဲရန် မသင့် သည့် တားမြစ် ကုန်စည်များ ရောင်းချခြင်း ရှိ/ မရှိ ဈေးကွက်ကွင်းဆင်းစစ်ဆေးခြင်း လေးကြိမ် ပြု လုပ်ခဲ့ရာ မွန်ပြည်နယ်အနေဖြင့် စာသင်ကျောင်း များတွင် အသိပညာပေးဟောပြောခြင်း စုစုပေါင်း ၂၂ ကြိမ်၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံ



ဆွေးနွေးခြင်း စုစုပေါင်း ငါးကြိမ်နှင့် စားသုံးရန်/ သုံးစွဲရန် မသင့်သည့် တားမြစ်ကုန်စည်များ ရောင်း ချခြင်း ရှိ / မရှိ ဈေးကွက်ကွင်းဆင်း စစ်ဆေးခြင်း ခြောက်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး စုစုပေါင်း ၅၉၄၄ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့ စသည့်ဌာနများအပြင် မိတ်ဖက်အသင်းအဖွဲ့များ ပူးပေါင်းပါဝင်ခဲ့ကြ ပြီးနှင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၊ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ အာဆီယံနိုင်ငံများတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် စား သုံးသူတိုင်ကြားမှုစနစ်များနှင့် အရေးယူဆောင် ရွက်မှု အစီအစဉ် ပုံစံစာအုပ်များ၊ လက်ကမ်း စာ စောင်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲ ရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန်/ သုံးစွဲရန် မသင့်သော တားမြစ်ကုန်ပစ္စည်းများ စာရင်းအား ပေးအပ်ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။ **မိုးမိုး (စားသုံးသူ-မွန်)**

## ကသာခရိုင်တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး သင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး သင်တန်းကို ကသာခရိုင် ကောလင်းမြို့ စားသုံးသူရေးရာ မြို့နယ် တာဝန်ခံရုံးတွင် အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပပြုလုပ် ခဲ့ရာ ဖွင့်ပွဲသို့ ကောလင်းမြို့နယ်၊ ဝန်းသိုမြို့နယ်၊ ပင်လည်ဘူးမြို့နယ်တို့မှ သင်တန်းသား ၂၃ဦး၊ သင်တန်းသူ ခုနစ်ဦး၊ ဌာနဆိုင်ရာဝန်ထမ်း ၂၀ ဦး၊ စုစုပေါင်း ၅၀ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါ စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေးသင်တန်း ဖွင့်ပွဲ အခမ်းအနားတွင် စားသုံးသူရေးရာ ဦးစီးဌာန ကသာခရိုင် ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်အုန်းက အဖွင့်အမှာစကား ပြောကြားပြီး ကောလင်းမြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က သင်တန်းမှ ရရှိနိုင်တဲ့ ဗဟုသုတများ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

ထို့နောက် တက်ရောက်လာတဲ့ သင်တန်းသား၊ သင်တန်းသူများကို စား သုံးသူ ရေးရာဦးစီးဌာနမှ အန္တရာယ်ရှိ စားသောက်ကုန်များ၊ ဆိုးဆေးများ အကြောင်း၊ စားသုံးဆီနှင့် အချိုမှုန့်အန္တရာယ်များ၊ စားသုံးသူ အကာအကွယ် ပေးရေးဥပဒေ၊ ထုတ်ကုန်လုံခြုံ စိတ်ချရမှု ဉာဏပစ္စည်းနဲ့ ကုန်အမှတ်တံဆိပ်များ၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးဆောင်ရွက်ပုံ၊ အန္တရာယ်ရှိ ကုန်ပစ္စည်း ဝန်ဆောင်မှုနဲ့ ဖျော်ဖြေမှုများအကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အန္တရာယ်ရှိအသားငါးနဲ့ အသားထွက် ပစ္စည်းများအကြောင်း၊ ကျန်းမာရေးဦးစီး ဌာနမှ အရက်ဘီယာ၊ ဆေးလိပ်ဆေးရွက်ကြီး အန္တရာယ်များနှင့် ဆေးဝါး အန္တရာယ်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးသတ်ဆေးဥပဒေနှင့် စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများ အကြောင်း၊ စည်ပင်သာယာရေးအဖွဲ့က အန္တရာယ်ရှိတားမြစ် စားသောက်ကုန်များ စစ်ဆေးရှာဖွေခြင်း အကြောင်းအရာ များကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရှိရပါတယ်။ **လှလှခိုင် (ကသာ)**

## ဖျာပုံမြို့နယ် အ-မ-က (၁၁)တွင် ကျောင်းမုန့်ဈေးတန်းစစ်ဆေးခြင်းနှင့် မူလတန်း၊ အလယ်တန်းအဆင့်ရှိ ကျောင်းအုပ်များအား အ-မ-က(၄)တွင် စားသုံးသူအကာအကွယ် အသိပညာပေးဟောပြောပွဲကျင်းပ

ဖျာပုံမြို့နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဦးစိုးမင်းထိုက်၊ ဒုတိယမြို့နယ် ဦးစီးမှူး ဦးမင်းဇော်နှင့် ဝန်ထမ်းများ၊ ကျောင်းမုန့်ဈေးတန်း ကြီးကြပ်ရေးအဖွဲ့မှ ကျောင်းအုပ်ဆရာကြီး ဦးစောထွန်းနှင့် ဆရာမများ ပါဝင် သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၈ ရက်က မန်ကျည်းတန်းရပ်ရှိ အ. မ. က (၁၁)၏ မုန့်ဈေးတန်း၌ ရောင်းချနေသည့် စားသုံးရန် မသင့်သော အစားအစာများ အား စစ်ဆေးကြရာသက်တမ်းလွန်နေသည့် မုန့်များအား ရောင်းချနေသည်ကို တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသား မိဘများ၊ ဈေးသည်များနှင့် ဆရာ၊ ဆရာမများ စုစုပေါင်း ၁၈၁ ဦးအား စားသုံးသူကာကွယ်ရေး အသိ ပညာ ပေး ဟောပြောပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။ ထို အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးက စားသုံးသူအကာအကွယ် ပေးရေး ဥပဒေပါ အကြောင်းအရာများ၊ ဈေးကွက်အတွင်း စားသုံးရန် မသင့်သည့် အစားအစာများအကြောင်းနှင့်အာဟာရ ပြည့်ဝသည့် အစားအသောက်များအား ရွေးချယ် စားသုံး တတ်စေရန်တို့ကို ပြောကြားခြင်းဖြင့် လည်းကောင်း၊ ဒုတိယ မြို့နယ်ဦးစီးမှူးက ကုန်ပစ္စည်းဝယ်ယူရာတွင် ထိခိုက်နစ်နာ ဆုံးရှုံးမှုများမရှိစေရန် သတင်းအချက်အလက်များ၊ သက်တမ်း ကုန်ဆုံးရက်များကို အလေးထားဖတ်ရှုကြရန်နှင့် စားသုံးသူ အခွင့်အရေးနှင့် တာဝန်များအကြောင်းကို အကျယ်တဝင့် ဟောပြောဆွေးနွေးသွားကြောင်းသိရပါသည်။

ထို့ပြင် အောက်တိုဘာ ၃၁ရက်တွင် အ. မ. က (၄) ဖျာပုံရှိ မူလတန်း၊ အလယ်တန်းအဆင့်ရှိ ကျောင်းအုပ် ၂၅ ဦးအား ဒုတိယမြို့နယ်ဦးစီးမှူး ဦးမင်းဇော်က မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် ကျောင်းမုန့်ဈေး တန်း စစ်ဆေးရေးကော်မတီနှင့် စားသုံးသူရေးရာ ကော်မတီ နှစ်ရပ်အား ဖွဲ့စည်းခဲ့ပြီးဖြစ်သဖြင့် ထိုအဖွဲ့များနှင့် ဌာနမှ ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျောင်းမုန့် ဈေးတန်းများတွင် နိုင်ငံပိုင်သတင်းစာများမှ တရားဝင် အခါ အားလျော်စွာ ထုတ်ပြန်ထားသည့် အစားအသောက်များ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးရန်နှင့် ကလေးများအတွက် အာဟာရပြည့်ဝပြီး လုံခြုံစိတ်ချရမှုရှိသည့် အစားအစာများကို ရောင်းချစေရန်နှင့် ဈေးသည်များကိုလည်း အသိပညာပေး ဆွေးနွေးမှုများ ပြုလုပ်ရန်လိုပြီး ဌာနမှလည်း ကူညီပေးသွား မည်ဖြစ်ပါကြောင်း၊ အားလုံးပူးပေါင်း၍ အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ဆောင်ရွက်သွားမှသာ ဘေးဥပဒ်အန္တရာယ် ဖြစ်စေမည့် အစားအသောက်များ ဈေးကွက်အတွင်းမှ ပပျောက်သွားမည်ဖြစ်ပါကြောင်း၊ အစားအသောက်တွင် အသုံး မပြုသင့်သည့် ဆိုးဆေးလေးမျိုးအကြောင်းအား အသိပညာ ပေးဆွေးနွေးခဲ့ပြီးဆရာ၊ ဆရာမများ၏ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။ **မင်းဇော်မွန် (ဖျာပုံ)**

## စစ်ကိုင်းခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/ ၂၀၁၆)ကျင်းပ

စစ်ကိုင်းခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့လုပ်ငန်း ညှိနှိုင်း အစည်းအဝေး ၁/ ၂၀၁၆ ကို အောက်တိုဘာ ၂၄ ရက် က စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမတွင် ကျင်းပခဲ့သည်။ အခမ်းအနားသို့ ခရိုင်စားသုံးသူ အငြင်း ပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဆန်းနှင့် ခရိုင်စားသုံး သူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ အပါအဝင် ၁၅ ဦး တက်ရောက် ခဲ့သည်။

အခမ်းအနားတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင် ဦးစီးမှူး ဦးမြင့်စိုးက စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို ဗဟိုမှစ၍တိုင်း၊ခရိုင်အထိ ဖွဲ့စည်းပြီးစီးမှုအခြေအနေများရှင်းလင်း တင်ပြပြီး စားသုံးသူရေးရာကိစ္စရပ်များဆွေးနွေးတင်ပြခြင်း၊ ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်စိုးက စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်၍ ခရိုင်အတွင်းရှိ စည်ပင်၊ ကျန်းမာရေး၊ စားသုံးသူ ရေးရာ ဌာနများမှ ညွှန်ကြားချက်၊ ကန့်သတ်ချက်၊ တားမြစ်ချက် များကို ကြော်ငြာဘုတ်ဖြင့် လူစည်ကားရာ နေရာများတွင် ကြော် ငြာရန် ဆွေးနွေးခြင်း၊ ခရိုင်စည်ပင်သာယာရေးကော်မတီ အမှု ဆောင်အရာရှိဦးမျိုးအောင်က စားသောက်ကုန်များရောင်းချခြင်း၊ ထုတ်လုပ်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်းကိစ္စများ ရှင်းလင်းဆွေး နွေးခြင်း၊ ခရိုင်ဥပဒေအရာရှိ ဦးအောင်သျှန်က စားသုံးသူ အကာ အကွယ်ပေးရေးနှင့် ပတ်သက်၍ ပုဒ်မအလိုက် အပြစ်ပေး အရေး ယူခြင်းကိစ္စများ ရှင်းလင်းခြင်း၊ ခရိုင်ပညာရေးမှူး ဒေါ်ငွေးရီက ကျောင်းဈေးများနှင့် ဈေးများတွင် စစ်ဆေးတွေ့ရှိချက်များ ရှင်း လင်းတင်ပြခြင်း၊ ခရိုင်ကျန်းမာရေးမှူး ဒေါက်တာခင်မျိုးထိုက်က ကျန်းမာရေးနှင့် ပတ်သက်သည့်အချက်များကို ရှင်းလင်းဆွေးနွေး ခဲ့ကြကြောင်း သတင်းရရှိ ပါသည်။

**ခင်စောဝင်း၊**
**ခင်လေးနွယ် (စစ်ကိုင်း)**

# စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က မုံရွာမြို့ရှိ အောင်ချမ်းသာဈေးတွင် ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူးဦးခင်ဇော်၏ ကြီးကြပ်မှုဖြင့် တိုင်းအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်နှင့် ကိုယ်စားလှယ်များ၊ တိုင်းစားသုံး/ဦးစီးရုံးမှ ဒုတိယတိုင်း ဦးစီးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ မုံရွာခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးခရိုင် ဦးစီးမှူး ဦးမြင့်အောင်နှင့် မုံရွာမြို့နယ်တာဝန်ခံတို့ ပါဝင်တဲ့ အဖွဲ့က တစ်လလျှင်တစ်ဈေးပုံမှန် စစ်ဆေးမှုအနေဖြင့် မုံရွာမြို့ပေါ်ရှိ အောင်ချမ်းသာဈေးတွင် အောက်တိုဘာ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရပါတယ်။

အဆိုပါဈေးအား စစ်ဆေးရာတွင်ဈေးအတွင်း ရောင်းချလျက်ရှိတဲ့ ဈေးဆိုင်များမှ ကုန်စုံဆိုင်လေးဆိုင်၊ ကုန်စိမ်းဆိုင်နှစ် ဆိုင်၊ သားငါးနှစ်ဆိုင်နှင့် စားဖိုချောင်သုံး အရောင်တင်မှုန့်နှစ်ဆိုင် စုစုပေါင်း ၁၀ ဆိုင်ကို ဝင်ရောက်စစ်ဆေးခဲ့ရာ သက်တမ်းလွန်မုန့်များနှင့် ဆေးဆိုးထားတဲ့ စားသောက်ကုန်များ ရောင်းချခြင်းရှိ/မရှိ၊ တားမြစ်ထားသေ ညိုညိုဆီတို့ဟူးနှင့် ဆိုးဆေးပါ ငရုပ်သီးမှုန့်များ ရောင်းချခြင်းရှိ/မရှိ၊ အသား/ငါးများနဲ့ မှျစ်ငပိတို့တွင် ဆေးဆိုးထားခြင်းရှိ/မရှိ စစ်ဆေးကြည့်ရှုခဲ့ကြသည်။ ထို့နောက်ပူးပေါင်းအဖွဲ့သည် အန္တရာယ်ဖြစ်စေနိုင်တဲ့ စားသောက်ကုန်များအကြောင်းနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး အန္တရာယ်ကင်းတဲ့ စားသောက်ကုန်များကိုသာ ရောင်းချရန် အသိပညာပေး ဟောပြောခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**ထွန်းလှိုင်**
**မုံရွာ**

# သရက်မြို့ ၊ အမှတ်(၁၂) ကာကွယ်ရေးပစ္စည်းစက်ရုံတွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကျင်းပ

စားသုံးသူရေးရာ ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများ၊ ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီး၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တိုင်းတာဝန်ခံ ဒေါက်တာပြည့်ထူးနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၂၅ ရက်တွင် သရက်မြို့၊ အမှတ်(၁၂) ကာကွယ်ရေးပစ္စည်းစက်ရုံရှိ အနော်ရထာခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် သရက်မြို့၊ အမှတ်(၁၂) ကာကွယ်ရေး ပစ္စည်းစက်ရုံ၊ စက်ရုံမှူးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စားသုံးသူရေးရာ ဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စွာဝင်းက ဌာန၏ သမိုင်းအကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများအကြောင်း၊ စားသုံးသူနှင့် စီးပွားရေး လုပ်ငန်းရှင်တို့၏ တာဝန်နှင့် ဝတ္တရားများ၊ တိုင်းအဆင့်နှင့် ခရိုင်အဆင့်များတွင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားရှိ ပြီးစီးမှုနှင့် လုပ်ငန်းတာဝန်များ၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုရှိပါက တိုင်ကြားနိုင်သည့် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လက်အောက်ရှိ တိုင်ကြားမှု လက်ခံ ဆောင်ရွက်ရေး ကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ဆပ်ကော်မတီများ အကြောင်းနှင့် စားသုံးရန်မသင့် အစားအသောက်များအကြောင်းကို အသေးစိတ်ရှင်းလင်းခဲ့ပါသည်။ ထို့ပြင် ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ တိုင်းတာဝန်ခံ ဒေါက်တာပြည့်ထူးက FDA ဌာန၏ သမိုင်းအကြောင်း၊ ဌာန၏ လုပ်ဆောင်ချက် အခြေအနေများ အကြောင်း၊ ခွင့်မပြု ဆိုးဆေးများအကြောင်း၊ စံမညီ ဆေးဝါးများအကြောင်း၊ အမျိုးသား အစားအသောက် ဥပဒေပါ အကြောင်းအရာများအား ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ အမှတ်(၁၂) ကာကွယ်ရေး ပစ္စည်းစက်ရုံမှ အရာရှိ၊ အရာခံနှင့် တပ်သား၊ ရဲမေ၊ တပ်တွင်းဈေးသည်များ စုစုပေါင်း ၂၀၇ ဦးတို့ တက်ရောက်ခဲ့ကြပြီး စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေစာအုပ်များ၊ လက်ကမ်းစာစောင်များနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်း ရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

# ကျောက်ဆည်ခရိုင်အတွင်း စားသုံးသူ ကာကွယ်ရေးအဖွဲ့များ စတင်ဖွဲ့စည်း

ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများဖြစ်သည့် ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာများတွင် စားသုံးသူအကာအကွယ်ပေးရေးအဖွဲ့ငယ်များကို နိုဝင်ဘာ ၂၁ ရက်နေ့က ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာ၌လည်းကောင်း အောက်တိုဘာ ၂၅ ရက်က တံတားဦးမြို့ မြို့မဈေး၌လည်းကောင်း စားသုံးသူ ကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းပေးခဲ့ကြောင်း သိရပါသည်။ ယင်းအဖွဲ့များအနေဖြင့် ကျေးရွာအတွင်း၊ ဈေးအတွင်း စားသုံးသူများ ကုန်စည်နှင့်ဝန်ဆောင်မှုတို့ကြောင့် နစ်နာ ဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် ချိတ်ဆက်သတင်းပေးပို့ရန်ဖြစ်ပြီး မိမိတို့မှလည်း မိတ်ဖက်အဖွဲ့အစည်းများမှ ထုတ်ပြန်သော ကုန်စည်နှင့် ဝန်ဆောင်မှုသတင်းများအား ထိုအဖွဲ့သို့ အချိန်နှင့်တစ်ပြေးညီချိတ်ဆက်သတင်းပေးနိုင်ရန် ကွန်ရက် တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ ဆက်လက်၍ ကျောက်ဆည်ခရိုင်နှင့် ပြင်ဦးလွင်ခရိုင်အတွင်းရှိ ကျေးရွာအုပ်စုများ၊ ကျောင်းများ၊ ဈေးများတွင်လည်း တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဇော်မင်းလတ်**
**ကျောက်ဆည်**

# မော်လမြိုင်မြို့ ၊ မြိုင်ရတနာ (၂) ထပ်ဈေးနှင့် အမှတ် (၁)၊ (၂) ဈေးတို့တွင် စားသုံးရန်နှင့် သုံးစွဲရန် မသင့်သည့်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးမှ စားသုံးသူရေးရာဌာနခွဲတာဝန်ခံဦးစီးမှူး ဦးအောင်ကျော်မိုးနှင့်ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာဌာနခွဲတာဝန်ခံဒုတိယဦးစီးမှူး ဦးနေဇင်သက်တို့ ဦးဆောင်သောမွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်အစားအသောက်နှင့်ဆေး ဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်နယ်တာဝန်ခံရုံးနှင့် မော်လမြိုင်မြို့နယ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ အဖွဲ့ဝင်များ၊ ဈေးတာဝန်ခံတို့နှင့်ပူးပေါင်းကာ အောက်တိုဘာ ၁၈ ရက်က မော်လမြိုင်မြို့၊ မြိုင်ရတနာ (၂) ထပ်ဈေးရှိအလှကုန်/လူသုံးကုန်ရောင်းချသည့်ဆိုင်များအား တားမြစ်ဓာတုပစ္စည်းများပါဝင်သောအလှကုန်ပစ္စည်းများ ရောင်းချခြင်းရှိ/မရှိ ဈေးကွက်ကွင်းဆင်းစစ်ဆေးရာတားမြစ်ဓာတုပစ္စည်းများပါဝင်သည့် သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်း လေးမျိုးအား စစ်ဆေးတွေ့ရှိခဲ့ပါသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် နေ့လယ်ပိုင်းတွင် အမှတ် (၁) (၂) ဈေးတာဝန်ခံတို့နှင့်အတူဈေးအတွင်းရောင်းချလျက်ရှိသည့် စားသောက်ကုန်ပစ္စည်းများရောင်းချသည့်ဆိုင်များတွင် စားသုံးရန်မသင့်သည့် ဓာတုဆိုးဆေးများပါဝင်သောစားသောက်ကုန်ပစ္စည်းများရောင်းချခြင်းရှိ/မရှိဈေးကွက်ကွင်းဆင်းစစ်ဆေးခဲ့ကြပါသည်။

ဈေးကွက်ကွင်းဆင်းစစ်ဆေးရာ၌ တွေ့ရှိခဲ့သည့် တားမြစ်ဓာတုပစ္စည်းပါဝင်သော အလှကုန်ပစ္စည်းများအား မော်လမြိုင်မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီ၏ စီမံခန့်ခွဲရေး နည်းလမ်းဖြင့် သိမ်းဆည်း အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး(စားသုံးသူ-မွန်)**

# ရွှေဘိုမြို့စည်ပင်သာယာဈေးရှိ စားသောက်ကုန်ပစ္စည်းများအား စစ်ဆေး

ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၆ ရက်က ရွှေဘိုမြို့ စည်ပင်သာယာဈေးအရှေ့၊ တောင်နှင့်မြောက်ဘက်ရှိ ဈေးအပြင်ဘက်တိုက်တန်းနှင့် ပျံကျဈေးတန်းတွင် စားသောက်ကုန်ပစ္စည်းများရောင်းချလျက်ရှိသော ဈေးဆိုင်၁၁ဆိုင်အား အန္တရာယ်ရှိစားသောက်ကုန်များရောင်းချနေခြင်းရှိမရှိ စစ်ဆေးခဲ့ကြပါသည်။

ထိုကဲ့သို့စစ်ဆေးရာတွင် ချင်း၊ငါးပိ၊ငါးခြောက်များကို ယင်မနားဆေးများ၊ ဓာတုဆိုးဆေးများ အသုံးပြုပြီးမရောင်းချရန်၊ ချင်း၊လက်ဖက်များကို အချဉ်ပြုလုပ်ရာတွင် အချဉ်မှုန့်များအသုံးမပြုဘဲ မန်ကျည်းမှည့်၊ စောင်းလျားသီးချဉ်များ အသုံးပြုရန်နှင့် ဓာတုဆိုးဆေးများ အသုံးမပြုရန်၊ အချိုမှုန့်များလျှော့ထည့်ရန်၊ ထုတ်လုပ်မှုအဆင့်တိုင်းတွင် သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ကြရန်၊ ငှက်ပျောသီးများကို အမြန်မှည့်စေရန်အတွက် မှည့်ဆေးများ အသုံးမပြုရန်၊ မုန့်တီများကို တာရှည် အထားခံနိုင်စေရန်အတွက် တာရှည်ခံဆေးများ အသုံးမပြုရန်၊ စားသုံးဆီများကို မြေပဲအနံ့၊ နှမ်းအနံ့စသည့် ဓာတုဆေးများ ထည့်ပြီး ပဲရှယ်၊နှမ်းရှယ်၊ ပဲရော၊ နှမ်းရောများအဖြစ် မရောင်းချရန်၊ မှျစ်များကိုဓာတုဆိုးဆေးများ ထည့်ပြီးမရောင်းချကြရန် ပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**နှင်းနှင်းခိုင်၊ ရွှေဘို**



# ပစ္စည်းဆာတီဖိကိတ်

r&Gu armif

ဘာလဲဆရာ၊ ခေါင်းစဉ်ကိုဖတ်ပြီး စဉ်းစားနေတာလား၊ ကြားဖူးသလိုလိုရှိသလား "လူသဒ္ဒါရ၊ ပစ္စည်းသဒ္ဒါရ" ဆိုတဲ့ရှေးလူကြီးတွေရဲ့ စကားကို အတုယူ မှီငြမ်းလိုက်တာပါ။ မည္သာမတာ ရက်ရက်စက်စက်ပြောရင်တော့ ခိုးချထားတာပါ။

ကဲ. . . လူအကြောင်းအရင်းပြောကြည့်ရအောင်။ လူရယ်လို့ ဖြစ်လာရင် ပညာရှာချိန်မှာ ပညာရှာရတယ်ခင်ဗျ၊ ကျောင်းနေရမယ့်အရွယ်မှာ ကျောင်းပညာ၊ အတန်းပညာပေါ့။ ဒါကတော့ မဖြစ်မနေသင်ရမယ့်ဖြတ်သန်းရမယ့် ကျောင်းသူ၊ ကျောင်းသားဘဝကာလများပေါ့။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်၊ ကောလိပ်စသည်ဖြင့်ပေါ့။

အဲဒီတော့ကျောင်းနေခဲ့ဖူးမှ အတန်းတွေအောင်ခဲ့ဖူးမှ ပညာလို့ခေါ်မှာလား၊ အဲဒီလိုလည်းမဟုတ်သေးဘူးဗျ၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာတွေလည်းပညာပဲဗျ၊ တောကမိန်းကလေးတွေ ရွာကျောင်းလေးတန်းအောင်ပြီး မြို့ကျောင်းမှာ မနေနိုင်လို့ ကျောင်းထွက်ရရောဗျာ၊ ဒါပေမယ့် ရက္ကန်းခတ်တတ်သဗျာ၊ ပျိုးနှုတ်၊ ကောက်စိုက်၊ ပေါင်းလိုက် လုပ်တတ်သဗျာ။ ယောကျ်ားလေးတွေရော ကျောင်းနေဖို့ ကံဇာတာမပါရင် စက်ဘီးပြင်ဆိုင်၊ ဘက်ထရီပြင်ဆိုင်၊ ယခုဆိုင်ကယ်ပြင်ဆိုင်၊ ကားဝပ်ရှော့၊ လေထိုးကျွတ်ဖာ၊ အဲဒီလိုဆိုင်တွေမှာ တပည့်ခံရင်းအသက်ကြီးတဲ့အခါ သူ့အလုပ်မှာ ဆရာတစ်ဆူဖြစ်နေတာ မနည်းပါလားဗျ၊ အဲဒီခေတ်ကအတန်းပညာတွေကို သိပ်ပြီးအလေးမထားခဲ့ဘူး၊ ကလေးတွေအရွယ်ရောက်တာနဲ့ ဆံပင်ညှပ်ဆိုင်၊ ပန်းထိမ်ဆိုင်၊ ပန်းပဲဆိုင်၊ ရေဒီယိုကက်ဆက်ပြင်ဆိုင်တွေရှိတဲ့ မြို့ကိုပို့ပြီး တပည့်ခံအသက်မွေးပညာရပ်တွေ သင်ကြားရတာကိုး၊ ဆိုင်ခွဲတော့သူဆရာ နာမည်တောင် ဂုဏ်ယူလိုက်သေး။ နေပြည်တော်ဝပ်ရှော့ဆရာ ဦးပိန်သေး၏ သားတပည့်မောင်မောင်ထွား မော်တော်ယာဉ်ပြင် အလုပ်ရုံဌာနစသည်ဖြင့်ပေါ့၊ ဒါကသူ့ဆာတီဖိကိတ်ကို သူကိုယ်တိုင်ပြုလုပ်ထားတာ။

ဒါပေမယ့် ဒီနေ့ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာကြီးနဲ့ အထိအတွေ့များလာတဲ့အခါ အတန်းပညာဖြစ်ဖြစ် အသက်မွေးပညာဖြစ်ဖြစ်၊ အရင်ကလို အရပ်သဘောနဲ့ပြောလို့မရတော့ဘူးခင်ဗျ၊ ဘယ်အဆင့်က ဆာတီဖိကိတ်ရှိသလဲလို့ မကြာခဏဆန်းစစ်ခဲ့ရပါလိမ့်မယ်။

အလုပ်ခေါ်တာတောင်ကြည့်ပါ့လား၊ ရိုးရိုးဘွဲ့တစ်ခုလောက်ဆို အလုပ်ခေါ်တာတော်တော်ရှားသွားပြီ၊ မဟာဘွဲ့လက်မှတ်အပြင် ဘာအောင်လက်မှတ်ရှိရမည်။ ကွန်ပျူတာကိုဘယ်လိုရိုက်နိုင်ရမည်။ အင်္ဂလိပ်လို 4 Skills ကျွမ်းရမည်။ လုပ်ငန်းအတွေ့အကြုံသုံးနှစ်အနည်းဆုံးရှိရမည် စသည်ဖြင့် သတ်မှတ်လာကြပြီး ခေါင်းတွေခေါက်ပြီးရွေးခေါ်လာကြပြီ။ ကြားဖူးတယ်မို့လား ညစောင့်လုံခြုံရေးဝန်ထမ်း အလိုရှိသည်၊ ဘွဲ့တစ်ခုရရမည်ဆိုတာမျိုးပေါ့။

ယှဉ်ပြိုင်မှုရေစီးကြောင်းထဲမှာ လူငယ်လူရွယ်တွေ အိပ်မောကျမနေကြဖို့ပါ။ သင်ယူမှုတွေကို မရပ်မနားပြုပြီး ကိုယ့်မှာဘာဆာတီဖိကိတ်(အောင်လက်မှတ်) ရှိပြီး၊ လုပ်ငန်းလည်းတကယ်ကျွမ်းကျင်တဲ့သူတွေမှာ အလုပ်မရှားပါဘူး၊ ထင်ပေါ်အောင်သာလုပ်ပြပါ။ စင်တော်ကကောက်ပါလိမ့်မယ်။

ယနေ့ခေတ်ကာလကလည်း နိုင်ငံတော်ကကမ္ဘာနဲ့ယှဉ်ပြီး ရင်ပေါင်တန်းအမီလိုက်နေတာဆိုတော့ ပြည်ပသင်တန်းကျောင်းတွေကလည်း ပြည်တွင်းမှာလာဖွင့်ပြီး အောင်လက်မှတ်တွေ ချီးမြှင့်အသိအမှတ်ပြုပေးနေပါတယ်။ ဟိုအရင်ကလို နိုင်ငံခြားထွက်ပြီး ပညာသင်ရမှာ မဟုတ်တော့ပါဘူး။

ဒါကြောင့် လူဆာတီဖိကိတ်နဲ့ ပတ်သက်ပြီးပြောရရင် ဘွဲ့ရလူငယ်လူရွယ်တွေ ကုမ္ပဏီအလုပ်ဌာနတွေမှာ အလုပ်တွေလျှောက်ပြီး ဝင်တိုးနေကြတယ်၊ ရတဲ့သူနည်းပြီး မရတဲ့သူများတယ်၊ ရတဲ့သူတွေကို သွားပြီးစပ်စုကြည့်ပါ။ သူတို့ကကိုယ့်ထက်တစ်နည်းမဟုတ်တစ်နည်း၊ တစ်ခုမဟုတ်တစ်ခု တော်နေတာတွေ့ရပါလိမ့်မယ်။ ကိုယ့်တာဝန်က သူတို့လိုတော်အောင်၊ ထက်မြက်အောင် ဆာတီဖိကိတ်တွေနဲ့ ပြည့်စုံနေဖို့လိုတယ်ဆိုတာကို သတိပြုမိစေလိုပါတယ်။

ကဲ-ပစ္စည်းဆာတီဖိကိတ်တဲ့ လာပြန်ပြီ ပစ္စည်းတွေမှာ ဆာတီဖိကိတ်ရှိလို့လား၊ ရှိပ့ါဗျာ၊ စံချိန်စံညွှန်းနဲ့ဆိုရင် အိုင်အက်စ်အို (ISO) လက်မှတ်များ၊ ကျန်းမာရေးနဲ့ပတ်သက်ရင် FDA ထောက်ခံချက်လက်မှတ်များ၊ အထောက်အထားများ၊ အခြားဘာသာရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များစတာတွေဖြစ်ပါတယ်။

အထက်မှာတင်ပြခဲ့သလို လူ့အရည်အသွေး၊ အစွမ်းအစတွေကို ယှဉ်ပြိုင်နေရသလို ပစ္စည်းမှာလည်း ပစ္စည်းဆာတီဖိကိတ်ပြည့်စုံတဲ့ပစ္စည်းမှသာ ဈေးကွက်မှာ နေရာရပါလိမ့်မယ်။

အခုဆိုရင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ စားသုံးသူရေးရာဦးစီးဌာနဟာ ဈေးကွက်မှာရှိတဲ့ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းတွေရဲ့ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိမရှိ၊ စားသုံးသူ သုံးစွဲသူတွေအပေါ်မှာထိခိုက်နိုင်မှုရှိမရှိ၊ အမြို့မြို့အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ဝန်ထမ်းအင်အားနဲ့ရပ်တကာရွာတကာလှည့်ပြီး စစ်ဆေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနဲ့ စားသုံးသူများရဲ့ အခွင့်အရေးနဲ့လုပ်ငန်းတာဝန်များကိုလည်း ပညာပေးဟောပြောပို့ချခြင်းများ နေရာအနှံ့ လှည့်လည်ဆောင်ရွက်နေကြပါတယ်။ ဒီလိုနဲ့ စားသုံးသူတွေအမြင်ကျယ်လာပြီး အသိပညာမြင့်မားလာရင် သူတို့ဘယ်လိုရွေးချယ်ဝယ်ယူစားသောက်ကြမလဲ။

သေချာတာတစ်ခုကတော့ သူတို့တွေ့ကရာဝယ်စားကြမှာမဟုတ်တော့ဘူး၊ ဗိုက်ပြည့်ပြီးရောဆိုပြီး မျက်ကန်းတောတိုးပုံစံနဲ့ ဝယ်မစားကြတော့ဘူး။ စာတတ်သွားကြပြီ၊ စာဖတ်လာကြမယ်၊ ဘယ်စာလဲ၊ အဲဒီအစားအသောက်အထုပ်အပိုး လူသုံးကုန်ပစ္စည်းကိရိယာတွေအပေါ်မှာ ရေးသားတဲ့သတင်းအချက်အလက်တွေကို ဖတ်ပြီး၊ စူးစမ်းပြီး ဝယ်ယူသုံးစွဲလာကြလိမ့်မယ်။ သတင်းအချက်အလက်မှာ ရေးသားမထားတဲ့ စားစရာ၊ မုန့်ထုပ်ပစ္စည်းတွေကတော့ ဈေးကွက်ရဲ့ ဟိုးအဝေးမှာကျန်ခဲ့ပါလိမ့်မယ်။

အဲဒီအချိန်မှာ ပစ္စည်းဆာတီဖိကိတ်ဆိုတာ အရေးပါပြီး ကုန်ပစ္စည်းပေါ်မှာ ရေးသားဖော်ပြထားတာချင်းတူပါပြီ။ အားလုံးအလေးချိန်၊ အသားတင်အလေးချိန်၊ ဖွဲ့စည်းပုံ၊ ပါဝင်ပစ္စည်း၊ သုံးစွဲနည်း၊ အညွှန်း၊ ထုတ်လုပ်ကုန်ဆုံးသက်တမ်းနေ့စွဲများ အားလုံးဖော်ပြပါပြီ။ ပစ္စည်းဆာတီဖိကိတ်မှာ အဓိကဖြစ်တဲ့စံချိန်စံညွှန်း အောင်လက်မှတ်၊ ကျန်းမာရေးဌာနရဲ့ အတည်ပြုအောင်လက်မှတ်တွေကသာလွန်ပြီး မရှိမဖြစ်အရေးပါလာပါတယ်။

ဒါကြောင့် အခုဆိုရင် ကုန်ပစ္စည်းထုတ်လုပ်သူတွေဖြစ်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက ကိုယ့်ရဲ့ထုတ်ကုန်ပစ္စည်းတွေကို အဆိုပါ အောင်လက်မှတ်တွေရရှိဖို့ အပြေးအလွှားဆောင်ရွက်နေကြတာတွေ့ရပါတယ်။ တစ်မျိုးပြောရရင်တော့ ကိုယ့်လိပ်ပြာကိုယ်လုံတဲ့လူတွေကတော့ အစစ်ဆေးခံနိုင်လို့ ရဲရဲဝံ့ဝံ့တင်ပြတောင်းဆိုကြတာဖြစ်ပါတယ်။ အချို့ကတော့ ဖြီသလစ်နည်းစနစ်နဲ့ဖြစ်သလို ကုန်ကြမ်းတွေအသုံးပြုထုတ်လုပ်နေတော့ ရဲမြင်ရင်လန့်နေတဲ့ ခါးပိုက်နှိုက်နဲ့တူနေပါတယ်။

ဒါကြောင့် အောင်လက်မှတ်ပြည့်စုံတဲ့ ကုန်ပစ္စည်းတွေက စားသုံးသူတွေရဲ့ ဈေးကွက်မှာသီးသန့်ထင်သာမြင်သာအောင်နေရာ ပေးဖို့လိုလာပါမယ်။ ဥပမာ-စတိုးဆိုင်၊ ကုန်မျိုးစုံဆိုင် Mini Mart, Super Mart, ISO/FDA Approved ကောင်တာများ သီးသန့်ထားပြီး ထင်သာမြင်သာရှိအောင် ခင်းကျင်းထားခြင်းဖြင့် စားသုံးသူတွေရဲ့ ဆွဲဆောင်မှုကို အရယူထားသင့်ကြောင်း အကြံပြုလိုပါတယ်။ ဒီကောင်တာကပစ္စည်းတွေ ရောင်းအား ကောင်းလာတာနဲ့အမျှ အခြားပစ္စည်းရှင်၊ လုပ်ငန်းရှင်တွေကလည်း ပစ္စည်းဆာတီဖိကိတ်များရရှိဖို့ ကြိုးစားလာကြမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် စားသုံးသူတွေရဲ့ မျက်စေ့ရှေ့မှာရောက်နေတဲ့ စာနယ်ဇင်းများနဲ့ ရုပ်မြင်သံကြားက အခကြေးငွေနဲ့ ရယူထည့်သွင်းနေကြတဲ့ ကုန်ပစ္စည်းကြော်ငြာတွေကိုပါ ကိုယ့်ပစ္စည်းရောင်းရအောင် ကြော်ငြာတာကတော့ရပါတယ်။ ဒါပေမယ့်သူတို့ရဲ့ ရောင်းကုန်ပစ္စည်းတွေမှာ စားသုံးသူတွေအတွက် ဘေးအန္တရာယ်မကျရောက်ရန် အပြည့်အဝတာဝန်ခံပါကြောင်း၊ ကျန်းမာရေးဌာနက အတည်ပြုလက်မှတ်ပါရှိမှသာ ကြော်ငြာများ ထည့်သွင်းခွင့်ပေးသင့်တယ်လို့အကြံပြုလိုပါတယ်။ ဒါမှမဟုတ်ရင်လည်း ဆာတီဖိကိတ်ရရှိပြီး အာမခံချက်ရှိပြီးသား ကုန်ပစ္စည်းများ ကြော်ငြာကဏ္ဍဆိုပြီး သီးသန့်ဖော်ပြနိုင်ပါတယ်။ စားသုံးသူဆိုတာ လူနည်းစုမဟုတ်ပါဘူး။ ပြည်သူလူထုတစ်ရပ်လုံးကို ကိုယ်စားပြုနေတာဖြစ်ပါတယ်။

ဒါကြောင့် ယနေ့လိုပွင့်လင်းလူ့အဖွဲ့အစည်းလည်းဖြစ်ပြန် ကမ္ဘာကြီးနဲ့ကလည်း တစ်နေ့ထက်တစ်နေ့ နီးကပ်စွာ ရောနှောတိုက်ရိုက်ဆက်ဆံလာရတဲ့အချိန်အခါမျိုးမှာ လူတွေမှာလည်း စွမ်းရည်၊ အရည်အချင်းပြည့်ဝတဲ့ အသိပညာရှင်၊ အတတ်ပညာရှင်ဖြစ်အောင် စားသောက်ကုန်အမျိုးမျိုး၊ ကုန်ပစ္စည်းအမျိုးမျိုးမှာလည်း သက်ဆိုင်ရာပစ္စည်း ဆာတီဖိကိတ် လိုအပ်နေပါကြောင်း တင်ပြလိုက်ရပါတယ်။

## မဂ္ဂါဝပ် ၃၀၀ ထုတ်လုပ်မည့် နေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်းကို အမေရိကန်နိုင်ငံမှ Convalt Energy ကုမ္ပဏီရရှိ

မန္တလေးတိုင်းဒေသကြီးအတွင်း မဂ္ဂါဝပ် ၃၀၀ ထုတ်လုပ်မည့် နေစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစီမံကိန်းကို အမေရိကန်နိုင်ငံမှConalt Energy ကုမ္ပဏီက ရင်းနှီးမြှုပ်နှံခွင့် ရရှိသွားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါစီမံကိန်းမှာ အမေရိကန်ဒေါ်လာ သန်း ၄၈၀ ခန့်တန်ဖိုးရှိသည့် စီမံကိန်းဖြစ်ပြီး စီမံကိန်းပြီးစီးပါက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်မီးမရရှိသေးသည့် ဒေသများသို့ လျှပ်စစ်ဓာတ်အားများ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုပမာဏအများဆုံးဖြစ်သော်လည်း လက်ရှိအစိုးရလက်ထက်တွင် စွမ်းအင်နှင့်ပတ်သက်၍ မူဝါဒအပြောင်းအလဲများရှိနေသောကြောင့် ရင်းနှီးမြှုပ်နှံမှုများကို အလျင်စလို လုပ်ကိုင်ခွင့် မပေးရခြင်းဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှာ စွမ်းအင်နဲ့လျှပ်စစ်ကဏ္ဍက အများဆုံးပါ။ ဒါပေမယ့် စွမ်းအင်နဲ့ပတ်သက်ရင် မူဝါဒတွေက အပြောင်းအလဲတွေရှိနေတာကြောင့် လိုအပ်ချက်တွေရှိနေပေမယ့်လည်း ရင်းနှီးမြှုပ်နှံမှုတွေကို အလျင်စလို လုပ်ကိုင်ခွင့်မပေးရတာပါ" ဟု ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် ထိုင်းနိုင်ငံမှ ကုမ္ပဏီတစ်ခုသည်လည်းမကွေးတိုင်းဒေသကြီးအတွင်းတွင် မဂ္ဂါဝပ် ၂၂၀ အထိ ထုတ်လုပ်ပေးနိုင်မည့် အမေရိကန်ဒေါ်လာ ၂၉၇ သန်းတန်ဖိုးရှိသည့် နေစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို ဆောက်လုပ်ရန် အဆိုပြုလွှာတင်ထားကြောင်းသိရသည်။

၂၀၁၅-၁၆ ခုနှစ်ဘဏ္ဍာနှစ်က စွမ်းအင်နှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၈၁၇ဒသမ ၇၉၀ရှိခဲ့ပြီး ယင်းကဏ္ဍတွင် တရုတ်နိုင်ငံနှင့်စင်ကာပူနိုင်ငံတို့က အများဆုံးရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း သိရသည်။ **မယ်သီတာ**

# အိန္ဒိယပဲရက်သတ္တပတ်

|prHD t mif

အောက်တိုဘာ ၃၁ ရက်တွင် ကုန်ဆုံး သော ရက်သတ္တပတ် အတွက် တင်ပြသော အဂရီဝပ်ချ်သတင်းဌာန၏ ပဲမျိုးစုံအစီရင်ခံစာအရ အိန္ဒိယ နိုင်ငံအတွင်းသို့ တင်သွင်းခဲ့သောပဲမျိုးစုံ တင်သွင်းမှုပမာဏမှာ တန်ချိန် တစ်သိန်းကျော်ရရှိခဲ့သည်။ အဆိုပါကာလအတွင်း အိန္ဒိယနိုင်ငံဆိပ်ကမ်းများသို့ ရောက်ရှိခဲ့သော ပဲမျိုးစုံကုန်သေတ္တာမှာ ၁၅၀၀ နီးပါးရှိခဲ့သည့်အနက် မတ်ပဲတင်သွင်းမှုလုံးဝ မပါရှိခဲ့သည်ကို တွေ့ရသည်။

## အိန္ဒိယနိုင်ငံအတွင်းသို့ ပဲမျိုးစုံဝင်ရောက်မှု

အောက်တိုဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ချန်နိုင်းဆိပ်ကမ်းသို့ ပဲမျိုးစုံကုန်သေတ္တာ ၅၇၁ လုံး ရောက်ရှိခဲ့သည်။ အဓိကတင်သွင်းသော ပဲအမျိုးအစားမှာ မတ်ပဲနှင့်ပဲစင်းငုံဖြစ်ပြီး ကုန်သေတ္တာများမှာ ၂၇၄ လုံးနှင့် ၁၆၂ လုံးအသီးသီးရှိခဲ့သည်။ အခြားတင်သွင်းလာသော ကုန်သေတ္တာများမှာ ပဲနီလေး၊ ပဲဝါလေးနှင့်ကုလားပဲတို့ဖြစ်ကြသည်။ ယခုသီတင်းပတ်အတွင်း ချန်နိုင်းဆိပ်ကမ်းမှ တင်သွင်းမှုကို ယခင်သီတင်းပတ်နှင့် နှိုင်းယှဉ်ပါက ၁၈ ဒသမ ၇၇ ရာခိုင်နှုန်းကျဆင်းခဲ့သည်ကိုတွေ့ ရသည်။ သို့သော်လည်း လွန်ခဲ့သောနှစ်လအတွင်း ကမ္ဘာ့ပဲအမျိုးမျိုးဈေးနှုန်းများကျဆင်းခဲ့ခြင်းနှင့် ထုတ်လုပ်မှုမှာလည်း မြင့်တက်ခဲ့သည့်အတွက် ပိုမိုတင်သွင်းလာမည့် အလားအလာရှိနေသည်ကို တွေ့ရသည်။

အောက်တိုဘာ ၂၈ ရက်တွင် ပြုစုထားသော ဂျဝါဟာလာနေရူးဆိပ်ကမ်းသို့ ရောက်ရှိလာသော ပဲမျိုးစုံကုန်သေတ္တာအရေအတွက်မှာ ၉၁၈ လုံးရှိသည်။ တင်သွင်းလာသည့်ပဲများအနက် ပဲစင်းငုံမှာ အများဆုံးဖြစ်ပြီး ကုန်သေတ္တာလုံးရေ ၆၂၄ လုံးရှိခဲ့သည်။ အခြားတင်သွင်းသောပဲအမျိုး အစားများတွင် ကုလားပဲ၊ ပဲနီလေး၊ ပဲဝါလေးတို့ ပါဝင်သည်။ သို့သော်လည်း ယခုတစ်ပတ်တင်သွင်းသော ကုန်ပစ္စည်းများတွင် မတ်ပဲပါဝင်ခြင်း မရှိသည်ကို တွေ့ရသည်။

အောက်တိုဘာ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အိန္ဒိယနိုင်ငံအတွင်းသို့ ပဲမျိုးစုံတင်သွင်းမှုမှာ ၁၃၁၃၇၇ တန်ရှိခဲ့ရာ ယခင်ရက်သတ္တပတ်တင်သွင်းမှုထက် ၁၉ ဒသမ ၄၀ ရာခိုင်နှုန်းပိုမိုခဲ့သည်။ ယခုသီတင်းပတ်အတွင်း တင်သွင်းသောပဲများအနက် အရည်အသွေး အမြင့်ဆုံးမှာ ပဲဝါလေးဖြစ်ပြီး တင်သွင်းခဲ့သော ပမာဏမှာ တန်ချိန် ၈၀၃၅၀ ရှိသည်။ အခြားတင်သွင်းမှုအများဆုံး ပဲများတွင် ပဲစင်းငုံ၊ ကုလားပဲနှင့်ဘိုစားပဲတို့ပါဝင်သည်။

## ပြည်တွင်းထွက်မိုးပဲဝယ်ယူမှု

အိန္ဒိယနိုင်ငံမှာ မိုးစိုက်ပဲများ ဈေးကွက်သို့ ဝင်လာပြီဖြစ်သည့်အတွက် အိန္ဒိယအစားအစာ ကော်ပိုရေးရှင်း (Food Corporation of India)၊ အိန္ဒိယအမျိုးသားစားသုံးသူ သမဝါယမအသင်း (National Agricultural Co-operative Marketing Federation)၊



အသေးစားလယ်ယာ စီးပွားရေးလုပ်ငန်းအသင်း (Small farmer's consortium)တို့က အဆိုပါမိုးစိုက်ပဲများကို ဝယ်ယူဖြည့်တင်းလျက်ရှိသည်။ သက်ဆိုင်ရာ အေဂျင်စီများက ယခုနှစ်အတွက် ဝယ်ယူရန် လျာထားသော ပဲမျိုးစုံ စုစုပေါင်းမှာ တန်ချိန် ၅၀၀၀၀ ဖြစ်သည်။ အောက်တိုဘာ ၂၅ ရက်အထိပြုစုထားသော စာရင်းအရ အေဂျင်စီ များမှ ဝယ်ယူစုဆောင်းထားပြီးဖြစ်သော ပဲတီစိမ်းနှင့် မတ်ပဲ ပမာဏမှာ ၃၄၅၄၆ ဒသမ ၆၉ တန်ဖြစ်သည့်အတွက် စုစုပေါင်း လျာထားချက် ၏ ၇၀ ရာခိုင်နှုန်းကို ဝယ်ယူထားပြီးသည့်သဘောဖြစ်သည်။ ဝယ်ယူစုဆောင်းရာမှာ NAFED က ဝယ်ယူထားပြီးဖြစ်သော ပမာဏမှာ ၂၃၅၁၀ ဒသမ ၁၃ တန် ရှိသည့်အတွက် အများဆုံး အချိုးအစားဖြစ်သည်။ FCI နှင့် SFAC တို့မှလည်း ဝယ်ယူ စုဆောင်းထားပြီးဖြစ်သည်။ ယခုနှစ်အတွင်း အေဂျင်စီတို့က ဝယ်ယူရာတွင် ဝယ်ယူရေးဗဟိုဌာန ၂၀၀ ဖွင့်လှစ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။

## သိုလှောင်မှုကန့်သတ်ချက်ရုပ်သိမ်း

ပဲမျိုးစုံသိုလှောင်မှု ကန့်သတ်ချက်ကို ရုပ်သိမ်းရန် မဒ္ဒရာပရာဒက်ရှ် အစိုးရကဆုံးဖြတ်ထားပြီးဖြစ်ရာ နှစ်ရက်သုံးရက်အတွင်း ကြေညာချက်ထွက်ပေါ်လာတော့မည်ဖြစ်သည်။ လောလောဆယ်တွင် ကုန်သည်ကြီးများက ကွင်တယ် ၂၀၀၀ နှင့် ကုန်သည်လေးများက ကွင်တယ် ၁၀၀၀ အထိသာသိုလှောင်ခွင့်ရှိသည်။ သိုလှောင်မှုကန့်သတ်ထားပါက ကုန်သည်များအနေဖြင့် MMTC နှင့် NCF တို့က ပြည်ပမှတင် သွင်းလာသည့် ပဲမျိုးစုံတင်ဒါများကို ဝယ်ယူခွင့် မရှိသော်လည်း ကန့်သတ်ချက်ကို ရုပ်သိမ်းပြီးနောက်ပိုင်း ဝယ်ယူခွင့်ရရှိတော့မည်ဖြစ်သည်။

## မိုးစိုက်ပဲအခြေအနေ

ပဲမျိုးစုံစိုက်ပျိုးသည့်ကာလအတွင်း ရာသီဥတုအခြေအနေမှာ ကောင်းမွန်ခဲ့ခြင်းကြောင့် လည်းကောင်း၊ ပဲမျိုးစုံစိုက်ပျိုးချိန်ဖြစ်သော မုတ်သုံရာသီကာလအတွင်း ပဲမျိုးစုံဈေးက ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ မြင့်တက်ခဲ့ခြင်းကြောင့် လည်းကောင်း၊ စိုက်ပျိုးမှုမြင့်တက်ခဲ့သည့်အတွက် ပဲအထွက်မှာလည်း အထိုက်အလျောက်မြင့်တက်ခဲ့သည်။ အစိုးရ၏ ခန့်မှန်းချက်အရ ပဲမျိုးစုံထွက်ရှိမှုမှာ ယခင်နှစ်က မက်ထရစ်တန် ၅ ဒသမ ၅၄ သန်း ရှိခဲ့ရာမှ ယခုနှစ်တွင် ၅၇ ရာခိုင်နှုန်းမြင့်တက်ပြီး မက်ထရစ်တန် ၈ ဒသမ ၇ သန်းထွက်ရှိမည်ဟု ခန့်မှန်းရသည်။ ပဲအထွက်မြင့်တက်လာသည့်အတွက် ရောင်းလိုအားလည်း ယခုနှစ်အတွင်း မြင့်တက်လာမည်ဖြစ်သည့်အပြင် ကမ္ဘာ့ဈေးကွက် မှာလည်း အရန်သိုလှောင်လက်ကျန်မြင့်တက်ပြီး လွန်ခဲ့သော နှစ်လအတွင်း ဈေးနှုန်းများကျဆင်းခဲ့သည်။ ဆောင်းသီးနှံ၏ အလားအလာမှာလည်းကောင်းမွန်လျက်ရှိသဖြင့် ငွေလက်ငင်းဈေးကွက်တွင် ပဲမျိုးစုံဈေးနှုန်းမြင့်တက်မည့် အလားအလာနည်းပါးလျက်ရှိသည်။

အောက်တိုဘာ ၃၀ ရက်က မွမ်ဘိုင်းဈေးကွက်တွင် ပဲစင်းငုံဈေးက တစ်ကွင်တယ်ကို ရူပီး ၆၁၀၀ နှုန်းဖြင့် ဈေးဖွင့်ခဲ့ပြီး မတ်ပဲက တစ်ကွင်တယ်ကို ရူပီး ၇၅၀၀ နှင့် ကုလားပဲက တစ်ကွင်တယ်ကို ရူပီး ၁၀၇၀၀ နှုန်းရှိခဲ့သည်။ ပွဲတော်ကာလ ပိတ်ရက်များကြောင့် အရောင်းအဝယ်ပါးနေပြီး ဈေးနှုန်းများလည်းငြိမ်နေရာမှ ကျဆင်းမည့် အလားအလာများကို တွေ့နေရသည်။

## ကနေဒါဈေးကွက်

၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ကုလားပဲဈေးနှုန်းကို ကနေဒါဒေါ်လာ နိမ့်/မြင့်ဈေး ၇၉၀-၈၂၀ နှုန်းရှိမည်ဟု ကနေဒါအစိုးရက ယခင်လက ခန့်မှန်းထားခဲ့ရာမှ ယခုအခါ ကနေဒါဒေါ်လာ နိမ့်/မြင့် ဈေး ၉၅၀- ၉၈၀ နှုန်းရှိမည်ဟု တိုးမြှင့်ခန့်မှန်းသည်။ ကနေဒါအစိုးရက ကုလားပဲဈေးနှုန်းတိုးမြှင့်ခန့်မှန်းရာတွင် အဓိကအားဖြင့် ပို့ကုန်ဝယ်လိုအား မြင့်တက်မှုကို အခြေခံ၍ ခန့်မှန်းခြင်းဖြစ်သည်။

ကနေဒါနိုင်ငံတွင် ကုလားပဲအထွက်နှုန်းကျဆင်းပြီး အရည်အသွေးကျဆင်းမည်ကိုလည်း စိုးရိမ်နေရသည်။ ကနေဒါနိုင်ငံတွင် အောက်တိုဘာလလယ်အထိ ကုလားပဲ၏ ၂၅ ရာခိုင်နှုန်းကို ရိတ်သိမ်းနိုင်ခဲ့ပြီး ပဲအရည်အသွေးမှာ စိုးရိမ်စရာဖြစ်နေကာ တိရစ္ဆာန်အစာအဖြစ်သာ သုံးနိုင်မည့်အခြေအနေရှိသည်။ ■

# သက်လျှင်ပဲအမျိုးအစားတစ်မျိုးကို အိန္ဒိယအစိုးရထုတ်ပြန်

စောစီးစွာ ရိတ်သိမ်းနိုင်သော သက်လျှင်ကုလားပဲ အမျိုးအစားသစ်တစ်မျိုးကို အိန္ဒိယဗဟိုအစိုးရက ထုတ်ပြန်ခဲ့ကြောင်း ဘိဇနက်စတန်းဒတ်သတင်းတွင် ဖော်ပြသည်။

ကုလားပဲသစ်၏ အထွက်နှုန်းမှာ တစ်ဟက်တာကို ကွင်တယ် ၂၀ ထွက်ရှိသည့်အတွက် လက်ရှိကုလားပဲ အမျိုးအစားများနှင့် နှိုင်းယှဉ်ပါက အထွက်နှုန်းခြားနားမှု မရှိသော်လည်း ရိတ်သိမ်းနိုင်သည့် ကာလမှာ ရက် ၁၂၀ သာရှိသဖြင့် ပုံမှန်ရိတ်သိမ်းကာလဖြစ်သော ရက် ၁၇၀ - ၁၈၀ နှင့် နှိုင်းယှဉ်ပါက ရိတ်သိမ်းရက် ပိုပြီးလျင်မြန်သည်ကို တွေ့ရသည်။

ကုလားပဲသစ်မျိုးကို PUSA Arhar-16 ဟု အမည်ပေးထားပြီး လာမည့် ဇန်နဝါရီလမှ စ၍ ဈေးကွက်တင်မည်ဖြစ်ရာ လယ်သမားများအနေဖြင့် လာမည့် မိုးရာသီမှစ၍ စိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။ ကုလားပဲမျိုးသစ်မှာ အထွက်နှုန်း ကွာခြားမှုမရှိသော်လည်း ရိတ်သိမ်းချိန်ရောက်မည့်ကာလ နည်းသည့်အတွက် အိန္ဒိယလွင်ပြင်ဒေသများတွင် စိုက်ပျိုး ထုတ်လုပ်ရန်သင့်တော်သည်။

ကုလားပဲမျိုးသစ်ကို မိုးရာသီတွင် စိုက်ပျိုးခြင်းအားဖြင့် တောင်သူလယ်သမားများက ဆောင်းရာသီတွင် အာလူး၊ မုန်ညင်း (သို့မဟုတ်) ဂျုံတို့ကို စိုက်ပျိုးရာတွင် အချိန်ပိုမိုရနိုင်သည့်အတွက် မြောက်ပိုင်းလွင်ပြင်တွင် စိုက်ပျိုးရန် ပိုမိုသင့်တော်ခြင်းဖြစ်သည်။ လာမည့် ဇန်နဝါရီတွင် ကုလားပဲမျိုးသစ်များကို ရောင်းချခွင့်ပြုလိုက်ခြင်းအားဖြင့် အိန္ဒိယနိုင်ငံသည် လာမည့် သုံးနှစ်၊ လေးနှစ်အတွင်း ကုလားပဲကို ပြည်တွင်းဖူလုံမှုရှိအောင် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားသည်။

" ကုလားပဲမျိုးသစ် (PUSA Arhar - 16) အမျိုးအစားကို ကျွန်တော်တို့ မကြာမီ စီးပွားဖြစ်ရောင်းချပေးတော့မှာ ဖြစ်ပါတယ်။ စီးပွားဖြစ်ရောင်းချခွင့် ပြုလိုက်ပြီဆိုတာနဲ့ ဂယက်ရိုက်ခတ်မှုက ကြီးကြီးမားမား ဖြစ်ပေါ်တော့မှာ ဖြစ်ပါတယ်" ဟု IARI တွင် ပြုလုပ်သော ကုလားပဲမျိုးသစ်စိုက်ကွက်သို့ လာရောက်ကြည့်ရှုစဉ် ဘဏ္ဍာရေးဝန်ကြီး အရန်ဂျိတ်တလေက သတင်းထောက်များကို ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံထုတ်လုပ်မှုမှာ နိုင်ငံဝယ်လိုအားဖြစ်သော မက်ထရစ်တန် ၂၃-၂၄သန်းကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်းမရှိပေ။ ရာသီဥတု ပူပြင်းခြောက်သွေ့မှုကြောင့် အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံထုတ်လုပ်မှု မှာလွန်ခဲ့သော နှစ်နှစ်အတွင်း ထုတ်လုပ်မှုကျဆင်း ခဲ့သည့်အတွက် ပဲဈေးနှုန်းများ ဖောင်းပွမှုမရှိ အောင် အစီအမံ အမျိုးမျိုးကို ဆောင်ရွက်ခဲ့ရသည်။

ပုံမှန်အားဖြင့် အိန္ဒိယနိုင်ငံက နှစ်စဉ်ကုလားပဲတန် နှစ်သန်းမှ သုံးသန်းအထိ ထုတ်လုပ်ပြီး၊ ယခုနှစ်တွင် စိုက်ဧရိယာ စံချိန်တင် မြင့်တက်မှုကြောင့် တန်ချိန် ၄ ဒသမ ၂၉ သန်းအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

**စံမီအောင်**



32 Commerce Vol: 16, No.42 Monday November 7 2016

# အိန္ဒိယနိုင်ငံတွင် ပွဲတော်ကာလနောက်ပိုင်း သကြားဈေးများမြင့်တက်

အိန္ဒိယနိုင်ငံ၌ ဈေးမှာ စက်တင်ဘာလ အတွင်းက သကြားတစ်တန်ကို ရူပီး ၃၆၀၀၀ ဈေးဖြင့်တည်ငြိမ်နေရာမှ ပွဲတော်ရာသီကာလနောက်ပိုင်း အောက်တိုဘာတွင် တစ်တန်ကို ရူပီး ၃၆၅၀၀ အထိ ထပ်မံမြင့်တက်ခဲ့ကြောင်း တိုင်းမ်အော့အိန္ဒိယသတင်းတွင် ဖော်ပြသည်။

အောက်တိုဘာမှ စတင်သည့် ၂၀၁၆-၂၀၁၇ ခုနှစ် သကြားရာသီအတွင်း သကြားထုတ်လုပ်မှုကျဆင်းမည့် လက္ခဏာရှိခြင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် သကြားရာသီက အိန္ဒိယနိုင်ငံတွင် သကြားသိုလှောင်လက်ကျန်ကျဆင်းခြင်းနှင့် ကမ္ဘာ့သကြားလိုအပ်ချက်မြင့်မားမှုကြောင့် ကမ္ဘာ့သကြားဈေး မြင့်တက်ခြင်းစသည့် အကြောင်းများကြောင့် သကြားဈေးနှုန်းများမှာ ဆက်လက်မြင့်တက်မည့် အလားအလာများရှိနေသည်။ပြည်တွင်းဈေးကွက်တွင် ရောင်းလိုအားကျဆင်းနေသည့်အတွက် လာမည့်သုံးလပတ် သုံးပတ်မှလေးပတ်အတွင်း သကြားဈေးနှုန်းများမှာ ဆက်လက်၍မာနေဦးမည်ဖြစ်ကြောင်း သကြားရောင်းဝယ်ရေးလုပ်ငန်းကို လေ့လာဆန်းစစ်နေသူများကပြောသည်။

ယခုနှစ်မတ်လမှစ၍ သကြားဈေးနှုန်းများမှာ ၁၅ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ သကြားဈေးနှုန်းများမှာ ဇူလိုင်အတွင်းက တစ်တန်ကိုရူပီး ၂၃၀၀၀ အထိရောက်ရှိကာ သုံးနှစ်အတွင်းအနိမ့်ဆုံးသို့ ရောက်ရှိခဲ့ပြီး နောက်ပိုင်းမှစ၍ ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှုမှာ ၂၀၁၅-၂၀၁၆ခုနှစ်ထုတ်လုပ်မှုရာသီတွင် ၁၁ ရာခိုင်နှုန်းကျဆင်းပြီး တန်ချိန် ၂၅ ဒသမ ၂ သန်းရှိခဲ့သည်။ ၂၀၁၆-၂၀၁၇ ခုနှစ် သကြားရာသီတွင် ပြည်တွင်းသကြားထုတ်လုပ်မှုမှာ ၈ ရာခိုင်နှုန်းကျဆင်းပြီး တန်ချိန် ၂၃ ဒသမ ၂ သန်းရှိမည်ဟု အဆင့်သတ်မှတ်ရေးအေဂျင်စီ ICRA က ပြောသည်။

ဤကဲ့သို့ ထုတ်လုပ်မှုကျဆင်းရခြင်းမှာ ယခင်နှစ်က မုတ်သုံရာသီ ညံ့ဖျင်းမှုကြောင့် မဟာရက်ရှ်တရာနှင့် ကာနာတာကာတို့တွင် ကြံအထွက် ကျဆင်းခဲ့ခြင်းဖြစ်သည်ဟု ခန့်မှန်းကြသည်။ ယခုနှစ် မုတ်သုံရာသီတွင် မိုးရွာသွန်းမှုကောင်းမွန်ခဲ့သော်လည်း မိုးကောင်းသည့် အကျိုးဆက်ကို ၂၀၁၇-၂၀၁၈ ကြံရာသီမှာသာ ရရှိခံစားစေနိုင်မည်ဟု ခန့်မှန်းကြသည်။

ဈေးကွက်ထဲတွင် သကြားပိုမိုရရှိစေရန်နှင့် ဈေးနှုန်းမြင့်တက်မှုကို ထိန်းချုပ်နိုင်ရန်အတွက် ယခုနှစ် ဧပြီတွင် ပြည်ထောင်စုအစိုးရသည် သကြားသိုလှောင်မှုကန့်သတ်ချက်ကို ပြဋ္ဌာန်းသတ်မှတ်ခဲ့သည်။ သကြားသိုလှောင်မှု ကန့်သတ်ချက်သက်တမ်းမှာ ခြောက်လဖြစ်ပြီး အစိုးရက သိုလှောင်မှုကန့်သတ်ချက် နောက်ထပ်ခြောက်လတိုးမြှင့်ခဲ့ရာ ၂၀၁၇ ခုနှစ် ဧပြီအထိ အကျုံးဝင်မည်ဖြစ်သည်။

"သကြားစက်တွေနဲ့ ကုန်သည်တွေကို ၂၀၁၇ ခုနှစ် ဧပြီအထိ သိုလှောင်မှု ကန့်သတ်ချက်တိုးမြှင့်ပေးတဲ့အတွက် ရေတိုမှာ သကြားဈေးနှုန်းအပေါ် ဂယက်ရိုက်ခတ်မှု မရှိနိုင်ပါဘူး"ဟု ICRA ကပြောသည်။

# ကမ္ဘာ့ပို့ကုန်ဈေးကွက်တွင် ဗီယက်နမ်လယ်သမားများ ဈေးကွက်ချဲ့ထွင်ရန်ကြိုးပမ်း

ဗီယက်နမ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များသည် ကမ္ဘာ့ဖြန့်ဖြူးရေးကွင်းဆက်တွင် တဖြည်းဖြည်းတိုးချဲ့ ဝင်ရောက်လာပြီဖြစ်ကြောင်း ဗီယက်နမ်ထောက်ပံ့ပို့ဆောင်ရေးသိပ္ပံ(Vietnam Logistics Institute)၏ ပြောကြားချက်ကို ကိုးကားပြီး ဗီယက်နမ်နယူး သတင်းတွင် ဖော်ပြသည်။




အေးခဲ သိုလှောင်ပစ္စည်းများ ပြည်ပပို့ကုန်ကွင်းဆက်တိုးတက်ကောင်းမွန်ရေး နှီးနှောဖလှယ်ပွဲကို အောက်တိုဘာ ၂၉ရက်က ကျင်းပခဲ့သည်။ ဗီယက်နမ်လယ်သမားများအနက် မိမိတို့အစီအစဉ်ဖြင့် ထုတ်လုပ်နေသော ပစ္စည်းများကိုသာ ရောင်းချသည့် တောင်သူလယ်သမားများနှင့် နိုင်းယှဉ်လျှင် ပင်လယ်ရပ်ခြားမှ အမှာစာများအတိုင်း ထုတ်လုပ်ရောင်းချသော တောင်သူလယ်သမားဦးရေက ပိုမိုများပြားလာကြောင်း အဆိုပါနှီးနှောဖလှယ်ပွဲတွင် VLI မှ ပါမောက္ခ သောမတ်ငုယင်က ပြောသည်။

တောင်သူအများစုက အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့်အညီ ထုတ်လုပ်ကြောင်းနှင့် သစ်သီးများကိုနိုင်ငံခြားစူပါမားကက်များတွင် ကြာရှည်စွာထားနိုင်ရန်အတွက် မိမိယာခင်းများမှာပင် အအေးခန်းများတည်ဆောက်ထားကြကြောင်းသူကပြောသည်။

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်တွင်းကုန်သွယ်မှု ကျယ်ပြန့်လာသည့်အတွက် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများလိုအပ်ချက် တိုးတက်ကောင်းမွန်လာခဲ့ကြောင်း နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များကပြောသည်။ ဖြန့်ဖြူးရေးကွင်းဆက်နှင့် စီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်အောင် ဆောင် ရွက်ရေးကလည်း မဖြစ်မနေဆောင် ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း သူတို့ ကပြောသည်။ ဖြန့်ဖြူးရေးကွင်းဆက်ကို ပေါင်းစည်းပေးခြင်းအားဖြင့် ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို တိုးတက်စေမည်သာမက နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူ ဖြစ်စေနိုင်သည်။

ပို့ကုန်ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို မြှင့်တင်အောင် ဆောင်ရွက်ရာတွင် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍ၏ အခန်းကဏ္ဍကို မှန်မှန်ကန်ကန် သိမြင်ရေးကလည်း အရေးကြီးကြောင်း VLI ၏ ပါမောက္ခ တစ်ဦးဖြစ်သူ ငုယင်သီသိုင်ဒေါ်က ပြောသည်။

ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ဗီယက်နမ် သွင်းကုန်၊ပို့ကုန် လုပ်ငန်းများက အခြားလက်ရှိပြင်ပ ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် နည်းတူ အခြားအလားအလာရှိသော ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများနှင့် ဆက်သွယ်ပြီး သယ်ယူပို့ဆောင်ရေး စီမံကိန်းကို ရေးဆွဲဆောင်ရွက်သင့်ကြောင်း သူကပြောသည်။

# ဒဗလျူတီအို ကုန်သွယ်မှုချောမွေ့စေရေး သဘောတူစာချုပ်ကို ဖိလစ်ပိုင်နိုင်ငံ အတည်ပြု

ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေး သဘောတူစာချုပ် (TFA) ကို လက်ခံကြောင်း အတည်ပြုစာကို ဖိလစ်ပိုင်နိုင်ငံက တင်သွင်းခဲ့ပြီးနောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) သို့ ဖိလစ်ပိုင်နိုင်ငံက လက်ခံအတည်ပြုလက်မှတ်တင်ပြရာတွင် ၉၅ ခုမြောက်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း ဒဗလျူတီအို၏ ကြေညာချက်ကို Tax-News ဝက်ဘ်ဆိုက်ဒ်တွင် ဖော်ပြသည်။

လက်ခံအတည်ပြုစာကို ဖိလစ်ပိုင်နိုင်ငံက အောက်တိုဘာ ၂၇ ရက်တွင် ဒဗလျူတီအိုသို့တင်သွင်းခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံစုစုပေါင်းအနက် ၈၆ ရာခိုင်နှုန်းကျော်က အတည်ပြုပေးရမည်ဖြစ်ရာ ဖိလစ်ပိုင်နိုင်ငံက အတည်ပြုပြီးနောက်ပိုင်းတွင် လိုအပ်ချက်ပြည့်မီသွားပြီဖြစ်ကြောင်း ဒဗလျူတီအိုက ပြောသည်။

ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းပေးအပ်ခြင်းနှင့် အကောက်ခွန်ရှင်းလင်းမှု ပြုရာတွင် လွယ်ကူချောမွေ့စေရေး အတွက်လည်းကောင်း၊ အကောက်ခွန်ကိစ္စများကို ဆောင်ရွက်ရာတွင် ဒဗလျူတီအို အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးတက်ကောင်းမွန်ပြီး တစ်ကမ္ဘာလုံး အတိုင်းအတာအရ ကုန်သွယ်မှုတွင် အကောက်ခွန် အတားအဆီးများ လျှော့ချနိုင်ရေး ဒိုဟာကျော့ဆွေးနွေးပွဲများအရ ကြိုးပမ်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်ရေးအတွက်လည်းကောင်း၊ TFAက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများ အချင်းချင်းထားရှိသည့် ကတိကဝတ်များကို တိုးတက်ခိုင်မာအောင် စွမ်းဆောင်ပေးမည်ဖြစ်သည်။

TFA သဘောတူ စာချုပ်တွင် အထူးပြဋ္ဌာန်းချက်များ ပါဝင်သည်။ အဆိုပါ အထူးပြဋ္ဌာန်းချက်များအရ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံများသည် သဘောတူညီချက်ပါ အချို့ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရမည့် အချိန်ကို မိမိသဘောအလျောက် ဆုံးဖြတ်ခွင့်ရှိပြီး နည်းပညာအကူအညီနှင့် စွမ်းဆောင်ရည် တည်ဆောက်ရေး (Capacity Building) အတွက် ထောက်ပံ့ကူညီမှုရရှိပြီးမှသာ အကောင်အထည်ဖော်နိုင်မည့် ပြဋ္ဌာန်းချက်များကို သတ်မှတ်ခွင့်ရှိသည်။

ဒဗလျူတီအို၏ အဆိုအရ TFA က ကမ္ဘာ့ကူးသန်းရောင်းဝယ်ရေး ပို့ကုန်လုပ်ငန်းကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ်ထရီလီယံ တိုးတက်စေမည့် အလားအလာများရှိရာ အဆိုပါ အကျိုးစီးပွားများအနက် ထက်ဝက်ကျော်ကို ဖွံ့ဖြိုးဆဲနိုင်ငံများက အကျိုးခံစားခွင့် ရှိမှာဖြစ်ကြောင်းသိရသည်။



# အန္တရာယ်ရှိနိုင်သည့် အလားအလာများကြောင့် ဆောက်လုပ်ရေးကဏ္ဍကို တောင်ကိုရီးယားအစိုးရက အနီးကပ်စောင့်ကြည့်

ဆောက်လုပ်ရေးကဏ္ဍ ကျဆင်းမည့် အလားအလာများရှိနေသည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းကြီးများ၏ဘဏ္ဍာရေးအခြေအနေနှင့် တွေ့ကြုံရမည့်အခက်အခဲများကို စနစ်တကျလေ့လာဆန်းစစ်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၃၁ ရက်က တောင်ကိုရီးယား ဘဏ္ဍာရေးအာဏာပိုင်တို့က ပြောကြားသည်ကို ယွန်ဟပ်သတင်းတွင်ဖော်ပြသည်။

အာဏာပိုင်တို့က အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများကို လေ့လာစိစစ်သွားမည်ဖြစ်သလို လုပ်ငန်းများကတင်သွင်းလာသော နှစ်ပတ်လည်ပဏာမ အစီရင်ခံစာများကိုလည်း လေ့လာစိစစ်သွားရန် စီစဉ် ထားသည်။

တောင်ကိုရီးယားစီးပွားရေးတွင် အဓိကမဏ္ဍိုင်များဖြစ်သော စီးပွားရေးကဏ္ဍများတွင် အမှာစာနှင့် အမြတ်စွန်းများ ကျဆင်းနေသည့်အတွက် ရေကြောင်းပို့ဆောင်ရေး၊ သင်္ဘောတည်ဆောက်ရေး၊ သံမဏိနှင့်ရေနံဓာတုလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို မြှင့်တင်ရန် အစိုးရက နည်းလမ်းရှာဖွေလျက်ရှိသည်။

အစိုးရက စီးပွားရေးလုပ်ငန်းများ ဖွဲ့စည်းတည်ဆောက်ပုံကို ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်လျက်ရှိသော်လည်း ဆောက်လုပ်ရေးကဏ္ဍမှာ ပြန်လည်တိုးတက်လာသည့် အခြေအနေရှိသည့်အတွက် ပြန်လည်ပြင်ဆင်ဖွဲ့စည်းမည့်အထဲတွင် ပါဝင်ခြင်းမရှိပေ။

ဆောက်လုပ်ရေးလုပ်ငန်းများက ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးမှုကို ဆက်လက်၍ အထောက်အကူပေးလျက်ရှိသည်။ ဆောက်လုပ်ရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုကို သုံးလပတ်အလိုက် နှိုင်းယှဉ်ပါက စက်တင်ဘာသုံးလပတ်တွင် ၃ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ရာ ယခင်တတိယ သုံးလပတ်က တိုးတက်ခဲ့သော ၃ ဒသမ ၁ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက ပိုမိုတိုးတက်မှုရှိသည်ကို တွေ့ရကြောင်း ကိုရီးယားဗဟိုဘဏ်က ပြော သည်။

ဘဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ထွန်းသစ်စ အာရှငွေကြေးများမှာ ရက်သတ္တပတ်အလိုက် တန်ဖိုးမြင့်တက်နေရာမှ ဒေသတွင်း နိုင်ငံရေး အခြေအနေ ပြောင်းလဲမှုများနှင့် အမေရိကန်ပြည်ထောင်စုသမ္မတရွေးကောက်ပွဲနှင့်ပတ်သက်သော စိုးရိမ်မှုများကြောင့် အာရှငွေကြေး အများစုမှာ နိုဝင်ဘာ ၄ ရက်က တန်ဖိုးကျဆင်းခဲ့သည်။

အောက်တိုဘာ အလုပ်အကိုင်အခြေအနေကို ကြည့်ခြင်းအားဖြင့် အမေရိကန်ဗဟိုဘဏ်က ဒီဇင်ဘာလတွင် အတိုးနှုန်း မြှင့်တင်ပေးမည့် လက္ခဏာများကို မြင်တွေ့လာရသည့်အတွက် အဓိက ငွေကြေးခြောက်ခုနှင့် ဖလှယ်ရာတွင် တန်ဖိုးကျဆင်းနေသော အမေရိကန်ဒေါ်လာသည် တဖြည်းဖြည်း တန်ဖိုးမြင့်တက်လာခဲ့သည်။

ကုန်သွယ်ရေး၊ နိုင်ငံရေးမူဝါဒနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပတ်သက်ပြီး ရီပတ်ဘလီ ကင်သမ္မတလောင်း ဒေါ်နယ်ထရမ့်၏ ရပ်တည်ချက် မရေရာမှုတို့ကြောင့် ထရန့်အောင်မြင်မည့် အလားအလာများက အာရှဒေသရှိ ရင်းနှီးမြှုပ်နှံသူတို့အတွက် စိုးရိမ်စရာဖြစ်ခဲ့သည်။

## တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်က ယွမ်ငွေကြေး တန်ဖိုး၏ ရည်ညွှန်း ဖလှယ်နှုန်းကို လျှော့ချပေးပြီးနောက်ပိုင်း Offshore ယွမ် တန်ဖိုးကျဆင်းခဲ့သည်။ ဟောင်ကောင်တွင် အရောင်းအဝယ် ပြုလုပ်နေသော Offshore ယွမ် တန်ဖိုးသည် နိုဝင်ဘာ ၄ ရက်က သုည ဒသမ ၀၁ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၇၇၀၆ ယွမ်နှုန်းရှိခဲ့သည်။ သို့သော်လည်း ရှန်ဟဲတွင် အရောင်းအဝယ်ပြုလုပ်သော Onshore ယွမ်တန်ဖိုးက သုည ဒသမ ၀၆ ရာခိုင်နှုန်းမြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၇၆ ၁၁ ယွမ်နှုန်းရှိခဲ့သည်။ တရုတ်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲ နှုန်းကို နှစ်ရက်ကြာမြှင့်တင်သတ်မှတ်ထားခဲ့ရာမှ နိုဝင်ဘာ ၄ ရက်မှာ သုည ဒသမ ၂၃ ရာခိုင်နှုန်း လျှော့ချပြီး အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၇၅၁၄ ယွမ်နှုန်း သတ်မှတ်ခဲ့သည်။

## အိန္ဒိယရူပီး

ပို့ကုန်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာကို အနည်းငယ်ပြန်လည်ရောင်းချလာသည့်အတွက် ရူပီးတန်ဖိုးမှာ နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းဈေးကွက်တွင် သုည ဒသမ ၀၃ ရူပီးနှုန်း မြင့်တက်ပြီး အမေရိကန် တစ်ဒေါ်လာကို ၆၆ ဒသမ ၇၂ ရူပီးနှုန်းရှိခဲ့သည်။

ပင်လယ်ရပ်ခြား ဈေးကွက်တွင် အခြားငွေကြေးများနှင့် ဖလှယ်ရာ၌ ဒေါ်လာတန်ဖိုး ထပ်မံကျဆင်း လာခြင်းက ရူပီးတန်ဖိုး မြင့်တက်အောင် အထောက်အကူပေးသော်လည်း ပြည်တွင်းအီကွိတီရှယ်ယာ တန်ဖိုးကျဆင်းလာမှုက အကန့်အသတ်ဖြစ်စေခဲ့ကြောင်း ငွေကြေး ဝယ်ရောင်းသမားတို့က ပြောသည်။

## ဂျပန်ယန်း

သဘောထားစစ်တမ်း နှစ်ခုကောက်ယူပြီးနောက်ပိုင်း အမေရိကန်သမ္မတ ရွေးကောက်ပွဲယှဉ်ပြိုင် မှုတွင် ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်က ရီပတ်ဘလီကင်ပါတီမှ ဒေါ်နယ်ထရန့်ကို ဦးဆောင်လျက်ရှိနေသည့်အတွက် နိုဝင်ဘာ ၄ ရက်က ယန်းငွေနှင့် ဖလှယ်ရာတွင် ဒေါ်လာတန်ဖိုး ပြန်လည်မြင့်တက်လာသည်။

နိုဝင်ဘာ ၄ ရက်က အာရှ ဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးက တစ်ဒေါ်လာကို ၁၀၃ ယန်းအထက်ရှိပြီး အမြင့်ဆုံး ၁၀၃ ဒသမ ၂၆ ယန်းထိရောက်ရှိခဲ့သည်။

ယူရိုငွေကြေး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် တစ်ယူရိုကို ၁ ဒသမ ၁၁၀၀ ဒေါ်လာနှုန်းအောက်တွင်ရှိနေပြီး၊ အနိမ့်ဆုံးအဖြစ် တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀၈၅ နှုန်းအထိ ရောက်ရှိခဲ့သည်။

## မလေးရှားရင်းဂစ်

အမေရိကန် ရေနံသိုလှောင်လက်ကျန်မြင့်မားမှုအတွက် စိုးရိမ်မှုကြောင့် ကမ္ဘာ့ဈေးကွက်တွင် ရေနံစိမ်းဈေးနှုန်းများ ဆက်လက်ကျဆင်းမည့် အလားအလာကြောင့် အမေရိကန်ဒေါ်လာနှင့် အခြား အဓိကငွေကြေးများနှင့် ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားတို့က ပြောသည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ဖလှယ်နှုန်းမှာ နိုဝင်ဘာ ၃ ရက် က အမေရိကန်တစ်ဒေါ်လာကို နိမ့်/ မြင့် ၄ ဒသမ ၁၈၅၀/ ၄ ဒသမ ၁၉၀၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက် ၉ နာရီတွင် နိမ့်/ မြင့် ၄ ဒသမ ၁၉၀၀/ ၄ ဒသမ ၁၉၅၀ ရင်းဂစ်နှုန်း ရှိခဲ့သည်။

အခြားငွေကြေးများနှင့် ဖလှယ်ရာတွင်လည်း ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့သည်။

## ကိုရီးယားဝမ်

ပြည်တွင်း၊ ပြည်ပတွင် နိုင်ငံရေး မရေရာမှုများ ကြီးထွားလာသည်ကို ရင်းနှီးမြှုပ်နှံသူတို့ စောင့်ကြည့်နေသည့်အတွက် နိုဝင်ဘာ ၄ ရက်က တောင်ကိုရီးယား စတော့ရှယ်ယာများ၏ တန်ဖိုးကျဆင်းခဲ့သည်။

ပြည်တွင်းသုံးငွေကြေး ဝမ်တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် ယခင်နေ့ကထက် သုည ဒသမ ၈၀ ဝမ်နှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၁၁၃၄ ဒသမ ၄၀ ဝမ်နှုန်းရှိခဲ့သည်။

## ထိုင်းဘတ်

ရိုက်တာသတင်းဌာနမှ ပြုစုထားသော ကိန်းဂဏန်းများအရ ထိုင်းဘတ်ငွေတန်ဖိုးသည် နိုဝင်ဘာ ၃ ရက်က အတိုင်း အပြောင်းအလဲမရှိဘဲ အမေရိကန် တစ်ဒေါ်လာကို ၃၄ ဒသမ ၉၆ ဘတ်နှုန်းရှိခဲ့သည်။ လက်ရှိငွေလဲနှုန်းသည် အမေရိကန် တစ်ဒေါ်လာကို ၃၆ ဘတ်နှုန်းရှိခဲ့သော ယခင်နှစ်ကုန်က အခြေအနေနှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၉၆ နှုန်း မြင့်တက်ခဲ့သည်ကို တွေ့ရသည်။

## အမေရိကန် ဗဟိုဘဏ်အတိုးနှုန်းကို မပြောင်းသေးဘဲ ထိန်းထား

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းကို ပြောင်းလဲခြင်းမပြုသေးဘဲ နိုဝင်ဘာ ၃ ရက်က ဆက်လက်ထိန်းထားခဲ့သည်။ အမေရိကန်နိုင်ငံတွင် သမ္မတသစ်ရွေးကောက်ပွဲကျင်းပရန် ခြောက်ရက်အလိုတွင် ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် မကြာမီကာလ အဖြစ်နိုင်ဆုံး ဒီဇင်ဘာတွင် တိုးမြှင့်ပေးမည့် အလားအလာကို တွေ့ရကြောင်း ဂျာနယ်ဂေဇက်သတင်းတွင် ဖော်ပြသည်။

အမေရိကန်လုပ်သားဈေးကွက်နှင့် စီးပွားရေးအခြေအနေက တိုးတက်ကောင်းမွန်လာပြီဖြစ်သည့်အတွက် အတိုးနှုန်းမြှင့်တင်ရေး ကိစ္စမှာ ဆက်လက်ခိုင်မာလာပြီဖြစ်ကြောင်း ဗဟိုဘဏ်က ပြောကြားသည်။ အမေရိကန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှု နှုန်းမှာ ယခုနှစ် နှစ်ဦးပိုင်းမှ စပြီး မြင့်တက်လာပြီဖြစ်ရာ ရည်မှန်းချက်ကို နီးကပ်လာပြီဖြစ်ကြောင်းနှင့် လာမည့်နှစ်အနည်းငယ်အတွင်း ငွေကြေးဖောင်းပွမှုနှုန်းမှာ ဆက်လက်ကျဆင်းနိုင်ဖွယ်မရှိကြောင်း ပထမဆုံး အကြိမ်အဖြစ် ဗဟိုဘဏ်က ပြောကြားသည်။

အားလုံးခြုံငုံ တွက်ဆမည်ဆိုပါက မဟာစီးပွားပျက်ကာလအတွင်းက စီစဉ် ဆောင်ရွက်ပေးထားသော အကူအညီများကို ပြန်လည်ရုပ်သိမ်းနိုင်လောက်သည်အထိ အမေရိကန်စီးပွားရေးမှာ ခိုင်မာလာပြီဖြစ်ကြောင်း အမေရိကန် ဗဟိုဘဏ်က ယုံကြည်ထားသည်။ အမေရိကန်ဗဟိုဘဏ်သည် အတိုးနှုန်းကို သုည ရာခိုင်နှုန်းနီးပါးအထိ ခုနစ်နှစ်နီးပါး စံချိန်တင်နှိမ့်ချပေးထားပြီး နောက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာတွင် ဗဟိုဘဏ်၏ အခြေခံစံထားဈေးနှုန်းကို မြှင့်တင်ပေးခဲ့သည်။

အမေရိကန်ဗဟိုဘဏ်မူဝါဒ ချမှတ်ရေးအတွက် နောက်တစ်ကြိမ်အစည်းအဝေးကို ဒီဇင်ဘာလတွင်ကျင်းပမည်ဖြစ်ရာ အဆိုပါအစည်းအဝေးတွင် ဗဟိုဘဏ်အတိုးနှုန်းကို မြှင့်တင်ပေးလိမ့်မည်ဟု ဗဟိုဘဏ်ကို လေ့လာနေသူတို့က ပြောသည်။

## အောက်တိုဘာ ၂၈ ရက်တွင် ကုန်ဆုံးခဲ့သော ရက်သတ္တပတ်အတွင်း ဂျပန်ဘွန်းစာချုပ်တွင် ရင်းနှီးမြှုပ်နှံမှုမြင့်တက်

ဂျပန်စတော့ရှယ်ယာများနှင့် ဘွန်းစာချုပ်များတွင် ရင်းနှီးမြှုပ်နှံသော ငွေကြေးများမှာ အောက်တိုဘာလ ၂၈ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်းက မြင့်တက်ခဲ့ကြောင်း နိုဝင်ဘာ ၄ ရက်က ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာချက်ကို အီးကော်နော်မစ် ကလင်ဒါဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြသည်။

အောက်တိုဘာ ၂၈ ရက်တွင် ကုန်ဆုံးသော ရက်သတ္တပတ်အတွင်း ဂျပန်ရင်းနှီးမြှုပ်နှံသူတို့က ပြည်ပဘွန်းစာချုပ်များတွင် ရင်းနှီးမြှုပ်နှံသောပမာဏမှာ ယန်း ၈၉၁ ဒသမ ၉ ဘီလီယံရှိခဲ့သည်။ ဤသီတင်းပတ်မတိုင်မီက ရင်းနှီးမြှုပ်နှံမှုမှာ ယန်း ၇၇၄ ဒသမ ၂ ဘီလီယံသာရှိခဲ့သည်။

အမေရိကန်ရွေးကောက်ပွဲ သတင်းများက ကမ္ဘာ့ဈေးကွက်တွင် လွှမ်းမိုးလျက်ရှိသည့်အတွက်ယခုရက်သတ္တပတ်အတွင်းမှာ ဂျပန်စတော့ရှယ်ယာဈေးနှုန်းများ တစ်ဟုန်ထိုးကျဆင်းခဲ့သည်။ တိုကျိုစတော့အိပ်ချိန်းမှာ ယဉ်ကျေးမှုနေ့အဖြစ် ပိတ်ထားခဲ့ရာမှ နိုဝင်ဘာ ၄ ရက်တွင် ပြန်လည် ဖွင့်လှစ်ခဲ့သည်။

ဂျပန်ဗဟိုဘဏ်က ငွေကြေးဖောင်းပွမှု နှုန်းကို နှစ်ရာခိုင်နှုန်းအထိရောက်ရှိအောင် ဆောင်ရွက်ရန် ရည်မှန်းထားရာ ၂၀၁၉ ခုနှစ် မတ်လတွင် ကုန်ဆုံးသော ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် အပြည့်အဝ အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ရည်မှန်းထားသည်။ စောစောပိုင်းက ငွေကြေးဖောင်းပွမှုနှုန်းကို ၂၀၁၇ခုနှစ်တွင် ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းခဲ့သည်။ သို့ဖြစ်ရာ ဂျပန်ဗဟိုဘဏ်က ငွေကြေးမူဝါဒကို ယခုနှစ်အတွင်း အပြောင်းအလဲမပြုလုပ်ဘဲ ဆက်လက်ထားရှိသွားမည့်သဘောရှိသည်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# FOURTEEN STAR NETWORK CO., LTD.



G. Samaras Oxygen Generator



DB (X Twin)

Medical Oxygen Concentrator ( TY3L/ 5L/ 5E)



(TY3L)



(TY5L)



(TY5E)



Anaesthesia Machine
(MHJ-IIIB )



MHJ-IIIB3
Anaesthesia machine



300mA radiographic X-ray unit
(Model TR-300A)



200mA RADIOGRAPHIC X-RAY UNIT
TR200B



Digital single channel ECG service
(ECG 1101B/1101G)



Digital three channel ECG series
(ECG1103B)



(Royal 77S)
Anesthesia Machine with Ventilator



Horizon GS



Vertical Sterilizer
(TRSL 100L)


M-3, May Kha Housing, No.31,
Sa/Kha Quarter, Lay Daunt Kan Road,
Thin Gan Gyun Township, Yangon (PO-11072)

Ph : 01 - 8565247, 8562574, 8562814
09 - 6804842, 6804864
Fax : 01 - 8560795, 8565247

E : info@fourteenstar.com,
cnk@fourteenstar.com
W : www.fourteenstarmedical.com

# OKKAR THIRI Co. Ltd.

SINCE 1998 WE CARE

WQA UKAS Management Systems
Certificate No. QS 4732

## MEDICAL EQUIPMENT



SCENARIA 128 Slice CT Scanner

HITACHI Inspire the Next
( Japan )

STORZ KARL STORZ—ENDOSKOPE
( Germany )

Flexible CCD Video Rhino-Laryngoscope



- Operating Theatre
- Intensive care unit
- Out Patient Department
- Imaging
- Endoscopy
- Obs & Gynae
- ENT
- Eye Equipment
- Instrumentation
- Physiotherapy and rehabitation



Fabius Plus Anaesthesia Machine

Dräger
( Germany )

MIZUHO
( Japan )



AIRSEP
( USA )

HIRAYAMA
( Japan )

**We offer to the health sector medical and laboratory solutions with reliable brands and a service excellence.**

## LABORATORY EQUIPMENT



Pentra XLR
Fully Automated Analyzer

- Biochemistry
- Haematology
- Immunology
- Microbiology
- Histopathology
- Virology
- PCR
- Lab Equipments



BioFire FilmArray®
Multiplex PCR System

BIOMÉRIEUX
( France )

OPTIMedical
( USA )

Laboratoires ANIOS
( France )

HORIBA Medical
( France )



Pentra 400
Fully Automated Chemistry Analyzer

MEDICA
( USA )

PARTEC
( Germany )

**YANGON office**

No. 28, Pyay Road, Hlaing Tsp. Tel : (95-1) 538023, 500049, (95-9) 73250845, 7309 4320, 7325 0785, 450063911, 420001884
*Fax* : (95-1) 505209

**MANDALAY office**

No. 94, Ground Floor, Corner of 73rd & 28th Street,
Chan Aye Tharzan Tsp.Tel : (95-2) 39 677
*Fax*: (95-2) 39 677

*Service Engineer*

Service Hotline : 09 730 96702
aftersales@okkarthiri.com

Medical & Laboratory Consultant

Sales Hotline : 09 315 43544
sales@okkarthiri.com

www.okkarthiri.com

# COMMERCE INTERNATIONAL

## အလုပ်သမားများကို ပိုမိုအထောက်အကူပေးနိုင်ရန် စင်ကာပူကျွမ်းကျင်မှုသင်တန်းများကို အဆင့်မြှင့်

စင်ကာပူနိုင်ငံ၏ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းများကို အရည်အသွေး တိုးတက်ကောင်းမွန်အောင် တွန်းအားပေး ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် သင်တန်းပြီးဆုံးသော သင်တန်းသူ၊ သင်တန်းသားတို့၏ တိုးတက်မှုအခြေအနေကို အနီးကပ်စောင့်ကြည့် လေ့လာသွားမည်ဖြစ်ကြောင်း တူဒေးအွန်လိုင်းသတင်းတွင် ဖော်ပြ သည်။



စင်ကာပူနိုင်ငံ၏ ငါးနှစ်စီးပွားရေး စီမံကိန်းအရ Training Exchange ဟုခေါ်သော ဝက်ဘ်ဆိုက်တစ်ခုကို လာမည့်နှစ် အောက်တိုဘာမှစတင်၍ လွှင့်တင်မည်ဖြစ်ပြီး အစိုးရ၏တိုက်ရိုက် ထောက်ပံ့ကြေးဖြင့် ဆောင်ရွက်နေသော သင်တန်းများ၏ အရည်အသွေး ရလဒ်နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ဖော်ပြပေးသွားမည်ဖြစ်သည်။ ထို့ပြင် သင်တန်းသား၊ သင်တန်းသူများကလည်း မိမိတို့လုပ်ငန်းများမှ တွေ့ကြုံရသော အတွေ့အကြုံများကို ဝက်ဘ်ဆိုက်မှတစ်ဆင့် မျှဝေပေးသွားနိုင်မည်ဖြစ်သည်။

အလားတူပင် လုပ်ငန်းခွင်တွင် လိုအပ်နေသော ကျွမ်းကျင်မှုများကို သင်တန်းပေးသူများ သိရှိနိုင်ရန်အတွက် လိုအပ်သော သတင်းအရင်းအမြစ်များကိုလည်း မျှဝေပေးသွားမည်ဖြစ်သည်။ ဤသို့သိရှိခြင်းဖြင့် သင်တန်းပို့ချပေးနေသူတို့က လုပ်ငန်းခွင်နှင့်အကိုက်ညီဆုံး သင်ခန်းစာများကို ဆောင်ရွက်ပေးနိုင်မည့်အပြင် သင်ခန်းစာများကို ပြုစုရာတွင် နည်းပညာကို ပိုမိုအသုံးပြုလာနိုင်မည်ဖြစ်သည်။ ယခု အစီအစဉ်မှာ SkillsFuture အစီအစဉ်များနှင့် အညီ SkillsFuture Singapore က ဦးစီးဦးဆောင်ပြု၍ ဆောင်ရွက်ပေး သော ကြိုးပမ်းဆောင်ရွက်မှုဖြစ်သည်။ စင်ကာပူလုပ်သားအင်အားစုအတွင်း အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုတို့ ကိုက်ညီမှုမရှိသည်ကို စိုးရိမ်မှုများ ကြီးထွားနေချိန်တွင် ယခုကြိုးပမ်းဆောင်ရွက်မှုက ပြည်တွင်းလုပ်သားဈေးကွက်အတွင်း ပြောင်းလဲနေသော လိုအပ်ချက်များကို ဖြည့်ဆည်းရန်ကြိုးပမ်းနေသော သင်တန်းများအား အထောက်အကူပေးရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်း ဖြစ်သည်။

သင်တန်းပို့ချရေးနှင့် သက်ကြီးပညာရေးကဏ္ဍကို ဆောင်ရွက်နေသူ အင်အားမှာ ၆၀၀၀ ခန့်ရှိရာ လုပ်သားအင်အားကျွမ်းကျင်မှု အရည်အသွေးမြှင့်တင်ရေး (Work- force Skills Qualifications) သင်တန်းများသို့ တက်ရောက်သူ စင်ကာပူ နိုင်ငံသားဦးရေမှာလည်း ၂၀၁၁ ခုနှစ်က ၁၉၂၂၄၉ ဦးရှိရာမှ ယခုအခါ ၂၆၇၈၅၂ ဦးအထိ တိုးတက်လာသည်ကို တွေ့ရသည်။

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု မကိုက်ညီမှု (Mismatch of Jobs and Skills) ကြောင့် ဖြစ်ပွားရသည့်ဆုံးရှုံးမှုပမာဏမှာ ၂၀၀၈-၂၀၀၉ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကာလထက်ပင်ပိုမိုဆိုးရွာကြောင်း စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့က ပြောသည်။

ညဏ်တင်


Ga Mone Pwint (GMP) Motors Co,. Ltd.

Contact : 09-5118748, 09-5161487

email : motors.gm.assist@gmpcompanies.net



We are a leading trader of all kinds of new and used vehicles.

အမှတ်(၁၁/ခ)၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ရုံးချိန် - နံနက်(၈)နာရီမှ ညနေ(၆)နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားပါသည်။

(လက်ငင်းငွေပေးချေစနစ်ဖြင့်သော်လည်းကောင်း၊ အရစ်ကျငွေပေးချေစနစ်ဖြင့်သော်လည်းကောင်း ဝယ်ယူရရှိနိုင်ပါသည်။)

Ga Mone Pwint - GMP Motors (facebook) တွင်လည်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 7th November 2016

<< October And November Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND | BANGLADESH |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG | MONGLA |
| MV.HOEGH CHENNAI V.28 | 1.55 | 1.90 | 2.20 | 3.50 | | | | | 14.10.2016 | 11.10.216 | 13.10.2016 | | 21.10.2016 | 25.10.2016 | | 1.11.2016 |
| | S/O CUT | | | | | | | | 10.10.2016 | 7.10.2016 | 9.10.2016 | | | | | |
| MV.CITY OF MUMBAI V.35 | 1.55 | 1.90 | 2.20 | 3.50 | | | | 30.10.2016 | 29.10.2016 | 28.10.2016 | | | 7.11.2016 | 10.11.2016 | | |
| | S/O CUT | | | | | | | 26.10.2016 | 25.10.2016 | 24.10.2016 | | | | | | |
| MV.HOEGH CHENNAI V.29 | 1.55 | 1.90 | 2.20 | 3.50 | | | | | 16.11.2016 | 17.11.2016 | 15.11.2016 | | 25.11.2016 | 30.11.2016 | | 6.12.2016 |
| | S/O CUT | | | | | | | | 12.11.2016 | 13.11.2016 | 11.11.2016 | | | | | |
| MV.CITY OF MUMBAI V.36 | 1.55 | 1.90 | 2.20 | 3.50 | | | | 27.11.2016 | 28.11.2016 | 29.11.2016 | | | 9.12.2016 | 13.12.2016 | | |
| | S/O CUT | | | | | | | 23.11.2016 | 24.11.2016 | 25.11.2016 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။